The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL.19, NO. 20 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | June 3, 2019

# မြန်မာ့ထွက်ကုန်များ ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရေး ကဏ္ဍစုံမှ ကြိုးပမ်းရမည်

စာမျက်နှာ - ၈ ➢




## မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်မှု တိုးမြှင့်နိုင်ရေး ဆောင်ရွက်နေ

စာမျက်နှာ - ၁၃ ➢

## ကမ္ဘာမြေကို ကာကွယ်ဖို့ ပလတ်စတစ်သုံးစွဲမှု လျှော့ချကြပါစို့

စာမျက်နှာ - ၂၅ ➢

## သီးနှံစိုက်ပျိုးရေး ကြိုတင်ပြင်ဆင်

စာမျက်နှာ - ၂၄ ➢

Pro Plus® Furniture Factory (16) Years Eperience in Modern Furniture
PVF Premium Valiant Family Co.,Ltd
FREE 5 YEAR WARRANTY
Our Products Warranty
Valiant Seating®



Creative Quality Service
*Office Furniture,
*Home Furniture,
*Restaurant Furniture,
*School Furniture'
*Sofa & Chairs
Service
*FREE Measurement
*FREE Layout Plan
*FREE Consulting
*FREE Quotation
*FREE Delivery & Install

Address - No.3, Than Chet Wun U Myu Road, East Dagon Industrial Zone(2), East Dagon Township, Yangon, Myanmar
Cnntact - +959 764 800 881, +959 764 800 882, +959 955 100 881, +959 955 100 882
Email - info@proplusfurniutre.com
Web Link- www.proplusfurniture.com, www.facebook.com/proplusfurniturefactory
SGS
We Are Using Particle Board International Standard (E-01) Grate
bello®


VJM JEWELLERY
Charm & Beauty


ရွှေသွင်းစရာမလိုဘဲ
ရွှေလိုဝင်းတဲ့ မျက်နှာအသားအရေ
Shwe Tha Zin Co., Ltd.
bwin GOLD
[မျက်နှာသစ်ဆပ်ပြာခရင်မ်]
တို့ပိုင်ဆိုင်တဲ့ တို့ယုံကြည်ချက်

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာ-တရုတ်နယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်




မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် (BECZ) တည်ထောင် အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၈ ရက် နံနက် ၁၀ နာရီက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ရာ မြန်မာ-တရုတ်နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း Belt and Road Initiative (BRI) တွင် မြန်မာနိုင်ငံမှ

စာမျက်နှာ ၂၇ သို့

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း လုပ်ငန်းများကြည့်ရှုစစ်ဆေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၅ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ဒါးကရိုးကြီးရွာရှိ သုခရွှေစင် ဆန်စက်သို့ရောက်ရှိရာ ပိုင်ရှင်ဒေါ်ချိုချိုဝင်းက ဆန်စက်အတွင်း လိုက်လံပြသပြီး ဆန်စက်ရှင်းလင်းဆောင်တွင် စပါးစိုက်တောင်သူများအား ပြည်ထောင်စုဝန်ကြီးက တွေ့ဆုံကာလိုအပ်သည်များမှာကြားသည်။

ယင်းနောက် ညနေပိုင်းတွင် ကန်ကြီးထောင့်မြို့နယ်ရှိ ဆန်စက်အမှတ် (၀၀၄) တန် ၁၀၀ ဆန်စက်သို့ရောက်ရှိကာစက်ရုံအတွင်း စပါးများကြိတ်ခွဲသန့်စင်ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီးနောက် စက်ရုံရှင်းလင်းဆောင်တွင် စပါးစိုက် တောင်သူများအားတွေ့ဆုံ၍ သီးနှံများစိုက်ပျိုးရာတွင် စပါးမျိုးကောင်း၊ မျိုးသန့်များစိုက်ပျိုးရေး၊ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးဝါးများအား စနစ်တကျအသုံးပြုရေးနှင့် ဓာတ်ကြွင်းမှုမရှိစေရေး၊ ကြိတ်ခွဲထုတ်လုပ်ရာတွင် အရည်အသွေးကျဆင်းမှုမရှိစေရန် အထူးအလေးထားဆောင်ရွက်ရန် အကျယ်တဝင့်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မေ ၂၆ ရက် နံနက် ၉ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပုသိမ်စက်မှုမြို့တော်စီမံကိန်းရုံးသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် မြို့တော်စီမံကိန်းပုံစံငယ်အား ကြည့်ရှုစစ်ဆေးပြီး စီမံကိန်း ဒုတိယဥက္ကဋ္ဌက မြေဧက ၆၇၀၀ ကျော်ပေါ်တွင် ပုသိမ်စက်မှုမြို့ တည်ဆောက်မည့် အစီအမံများ၊ လက်ရှိတည်ဆောက်ပြီးစီးနေမှု၊ ဒေသတွင်း အလုပ်အကိုင် အခွင့် အလမ်းများရရှိနိုင်မှု အခြေအနေတို့အား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများအား သတ်မှတ်ချိန်ပြီးစီးရေးနှင့် ပြည်တွင်း၊ ပြည်ပမှ အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးလုပ်ငန်းများအား လာရောက်ရင်းနှီးမြှုပ်နှံရေးတို့အား မှာကြားပြီး မြေဧက ၆၇၀၀ ပေါ်တွင် တည်ဆောက်လျက်ရှိသည့် နိုင်ငံတကာအဆင့်မီဆိပ်ကမ်းတည်ဆောက်မည့်မြေနေရာ၊ အသုံးပြုပြီးရေအား ပြန်လည်သန့်စင် စွန့်ထုတ်သည့်စက် တည်ဆောက်နေမှုနှင့် အဆောက်အဦး တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ယင်းစက်မှုမြို့တော် အစည်းအဝေးခန်းမ၌ ပုသိမ်မြို့ကုန်သည်လုပ်ငန်းရှင်များအားတွေ့ဆုံကာ ကုန်သွယ်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ဆွေးနွေးပြောကြားပြီး

စာမျက်နှာ ၂၇ သို့

## ဒုတိယဝန်ကြီး ဦးအောင်ထူး Pricewaterhouse Coopers (PwC) မှ Mr. Paul Sumner, Partner, Worldtrade Management Services (WMS) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် Worldtrade Management Services (WMS) ၏ Partner ဖြစ်သူ PricewaterhouseCoopers (PwC) မှ Mr. Paul Sumner ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မေ ၂၇ ရက် နံနက် ၁၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ ယမကာထုတ်လုပ်သူများအနေဖြင့် ယမကာလုပ်ငန်းများအား ဥပဒေများနှင့်အညီ ထုတ်လုပ်/ဖြန့်ဖြူးနိုင်ရေး၊ နိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူစေရေးအတွက် ဖြေလျှော့ဆောင်ရွက်နေမှုများ၊ အရက်၊ ဘီယာ၊ ဝိုင် ထုတ်လုပ်ဖြန့်ဖြူးရေးနှင့် ပတ်သက်သည့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များ



ကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC (IR)

Commerce
JOURNAL

အတိုင်ပင်ခံစာတည်း
မြင့်လွင်
မင်းမင်း
ဦးဦးဟန်
မြတ်ထွန်းကျော်

စာတည်းမှူးချုပ်
အောင်သူရ

တာဝန်ခံစာတည်း
-

အုပ်ချုပ်ရေးမှူး
အေးအေးမော်

စာတည်းအဖွဲ့
ကြည်သာသစ်နိုင်

လက်ထောက်စာတည်း
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

သတင်းထောက်များ
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

Proof & Layout Design ကြီးကြပ်
ခင်စုစုလှိုင်

ကြော်ငြာတာဝန်ခံ
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

ထုတ်ဝေသူ
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

ဖြန့်ချိရေးတာဝန်ခံ
သန်းစိုး

ဖြန့်ချိရေး
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

ကွန်ပျူတာ
သင်းသီရိအောင်

Layout Design & Graphic Design
CJ Design Group

ပုံနှိပ်သူ
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

Email Address
commercejournal.editor@gmail.com

# ဆန်နှင့်ဆန်ကွဲတန်ချိန် ခုနစ်သောင်းကျော်တင်ပို့

မေ ၁၈ ရက်မှ ၂၄ ရက်ဖြစ်သည့် ရက်သတ္တပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ တစ်သန်းနီးပါးတန်ဖိုးရှိ ဆန်တန်ချိန် ၃၄၀၀ ကျော်တင်ပို့ခဲ့သည်။ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တန်ချိန် ၂၇၀၀ ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၆၀၀ ကျော်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၁၅၀ ကျော်တင်ပို့ခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ်မှာ လွယ်ဂျယ်မှဆန်အပြင် ဆန်ကွဲတန်ချိန် ၁၃၀ ကျော်တင်ပို့ခဲ့သည်။

မေ ၁၉ ရက်မှ ၂၅ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၇ သန်းတန်ဖိုးရှိ ဆန်တန်ချိန်ခြောက်သောင်းခန့် တင်ပို့ခဲ့သည်။ တစ်ပတ်အတွင်း တင်ပို့မှုအများဆုံးနိုင်ငံမှာ မက်ဒါဂါစကား နိုင်ငံဖြစ်ပြီး ဆန်တန်ချိန် ၂၅၄၀၀ ကျော် တင်ပို့ခဲ့သည်။ ထပ်မံပြီး အာဖရိကနိုင်ငံများဖြစ်သော အိုင်ဗရီကို့စ်နိုင်ငံသို့ တန်ချိန် ၁၀၀၀၀၊ ဘီနင်းသို့ တန်ချိန် ၁၅၀၀၊ တိုဂိုသို့ တန်ချိန် ၁၀၀၀ကျော်နှင့် ကင်ညာသို့ ၂၅ တန်ဖြစ်သည်။

ထို့ပြင် အာရှနိုင်ငံများဖြစ်သော မလေးရှားသို့တန်ချိန် ၂၁၀၀ ကျော်၊ ဖိလစ်ပိုင်သို့ တန်ချိန် ၁၂၉၀၀ ကျော်၊ တရုတ်နိုင်ငံသို့ တန်ချိန် ၁၃၆၀ ကျော်၊ ရုရှားနိုင်ငံသို့ တန်ချိန် ၄၅၀ တင်ပို့ခဲ့သည်။ အီးယူနိုင်ငံများသို့ တန်ချိန် ၄၀၀၀ ကျော် တင်ပို့ပြီး ယခုတစ်ပတ်ရေကြောင်းမှဆန်တင်ပို့မှုသည် ယခင်တစ်ပတ်ထက် တန်ချိန် ၂၅၀၀၀ကျော် ပိုမိုတင်ပို့ကြောင်း သိရသည်။ ယခုတစ်ပတ် ရေကြောင်းမှ အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန်ဖိုးရှိ ဆန်ကွဲတန်ချိန်တစ်သောင်းကျော် တင်ပို့ပြီး ဗီယက်နမ်နိုင်ငံ၊ စင်ကာပူ၊ မက်ဒါဂါစကား၊ အိုင်ဗရီကို့စ်နှင့်အီးယူနိုင်ငံများသို့ တင်ပို့ခဲ့သည်။ အိုင်ဗရီကို့စ်သို့ တန်ချိန် ၃၀၀၀ နှင့် အီးယူသို့တန်ချိန် ၆၀၀၀ ကျော် တင်ပို့ခဲ့သည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၂၀၀၀ ကျော် ပိုမိုတင်ပို့နိုင်ကြောင်း သိရသည်။

ယခုတစ်ပတ် ဆန်နှင့်ဆန်ကွဲတင်ပို့မှု စုစုပေါင်းမှာ ဆန်တန်ချိန် ၆၃၀၀၀ နီးပါးနှင့်ဆန်ကွဲတန်ချိန်တစ်သောင်းကျော်ဖြစ်ပြီး ရေကြောင်းမှပိုမိုတင်ပို့နိုင်ကြောင်း သိရသည်။

**ယဉ်ယဉ်အေး**

## သနပ်ပင်မြို့နယ်အတွင်းရှိ ဆန်၊ စပါးပေါက်ဈေးနှုန်းများ

ယခုတစ်ပတ် သနပ်ပင်မြို့နယ်တွင် ညွှန့်မထအပုစပါး ပေါက်ဈေးသည် ပေါင် ၅၀ တစ်တင်းကိုကျပ် ၅၆၀၀၀၊ဆန်ဈေးသည် တစ်အိတ်ကိုကျပ်၁၉၅၀၀၊ ညွှန့်မထ အရှည်စပါးပေါက်ဈေးကတော့ကျပ် ၄၈၀၀၀၊ ဆန်ဈေးသည် တစ်အိတ်ကို ကျပ် ၁၈၅၀၀၊ ဆန်ကွဲ ၁၀၈ ပေါင်တစ်အိတ်ကိုကျပ် ၁၄၅၀၀၊ ဖွဲနုပေါင် ၆၀ တစ်အိတ်ကို ကျပ် ၈၅၀၀ အသီးသီးပေါက်ဈေး ရှိခဲ့သည်။ Export ဈေးကွက်ကြောင့် အရောင်းအဝယ်အေးနေကြောင်း သိရသည်။


**သိန်းဆွေ(သနပ်ပင်)**

# ကျောက်ဆည်ခရိုင်တွင် နွေစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ကျောက်ဆည်ခရိုင်တွင် စပါး(နွေ)ကို ၁၇၂၂၁ဧကစိုက်ပျိုးခဲ့ပြီး ကျောက်ဆည်မြို့နယ်တွင် ၇၁၈၅ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၆၀၁၃ဧက၊ မြစ်သားမြို့နယ်တွင် ၃၉၀၈ ဧက၊ တံတားဦးမြို့နယ်တွင် ၁၁၅ဧက စိုက်ပျိုးထားနိုင်ခဲ့ကြောင်း သက်ဆိုင်ရာဌာန၏စာရင်းများအရ သိရှိရသည်။

ကျောက်ဆည်ခရိုင်အတွင်း နွေစပါးကိုအရည်အသွေးကောင်း၊ ဈေးကောင်းရရှိသောမနောသုခ၊ ရောပဒေသာစပါးမျိုးများစိုက်ပျိုးကြသည်။ ယခုအချိန်တွင် နွေစပါးများ ထွက်ပေါ်ခြင်းမရှိသေးသော်လည်း ယခုလက်ရှိစပါးဈေးနှုန်းများအနေဖြင့် ရောပဒေသာ စပါးတင်း(၁၀၀)လျှင် ကျပ်၉၅၀၀၀၀၊ မနောသုခစပါး တင်း(၁၀၀)လျှင် ကျပ်၇၀၀၀၀၀ဖြစ်ပြီး ရောပဒေသာ ဆန်တစ်တင်းခွဲအိတ်တစ်အိတ်လျှင် ကျပ် ၃၅၀၀၀၊ မနောသုခဆန် တစ်တင်းခွဲအိတ်တစ်အိတ်လျှင် ကျပ် ၂၅၀၀၀ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိကြောင်း ကုန်သည်ပွဲစားများထံမှ သိရှိရသည်။

**နှင်းလဲ့လဲ့**



# ဧရာဝတီတိုင်းဒေသကြီးအတွင်း မအူပင်နှင့် ဖျာပုံခရိုင်တို့တွင် ညွှန့်မထမိုးစပါး ဆန်ဈေး အနည်းငယ်မြင့်တက်

ဧရာဝတီတိုင်းဒေသကြီးအတွင်း မအူပင်ခရိုင် မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်များတွင် ယခင်အပတ် မိုးညွှန့်မထစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၅၅၂၀၀၀/၅၇၉၀၀၀ ဈေးမှ ယခု ကျပ် ၅၆၅၀၀၀/၅၈၀၀၀၀ ဈေး ဆန်တစ်အိတ်ကို ကျပ် ၂၂၅၀၀ မှ ယခု ဆန်တစ်အိတ်ကို ကျပ် ၂၃၀၀၀ ဈေးဖြစ်သွား၍ စပါးဈေးနှုန်းအနည်းငယ်မြင့်တက်၍ ဆန်တစ်အိတ်ကို ကျပ် ၅၀၀ ခန့် မြင့်တက်သွားပြီး ဖျာပုံခရိုင်၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များတွင် ယခင်အပတ် မိုးညွှန့်မထစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၅၁၅၀၀၀ ဈေးမှ ယခုစပါးဈေး ကျပ် ၅၂၈၀၀၀ ဈေး ဆန်တစ်အိတ်ကို ကျပ် ၂၀၅၀၀/၂၁၀၀၀ မှ ယခု ကျပ် ၂၁၅၀၀/ ၂၂၀၀၀ ဈေးဖြစ်သွား၍ စပါးဈေးတင်း ၁၀၀ ကို ကျပ် ၁၃၀၀၀ ဝန်းကျင် ဆန်တစ်အိတ်ကို ကျပ် ၁၀၀၀ ဈေးနှုန်း မြင့်တက်လျက်ရှိကြောင်း ဆန်စပါးဈေးကွက်သတင်းများမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း မအူပင်ခရိုင်၊ ဖျာပုံခရိုင်အတွင်းရှိမြို့နယ်အချို့တွင် ရန်ကုန်ဈေးကွက် အဝယ်လိုက်လာ၍ စပါး၊ဆန်ဈေးနှုန်းအနည်းငယ်မြင့်တက်လျက်ရှိပြီး ကျန်ခရိုင်မြို့နယ်များတွင် ရောင်းဝယ်မှုပုံမှန်ရှိနေ၍ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း ဆန်စပါးသတင်းများမှ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

## အာရှနိုင်ငံများမှ FOB ဆန်ဈေးနှုန်းများ

၃၁-၅-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၅ | ၃၉၄ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၅ | ၃၇၄ | ▽ | ၃၅၃ | ၃၄၀ | ▽ | ၃၉၀ | ၃၇၅ | ▽ | ၃၆၂ | ၃၆၃ | △ |
| ဆန်ဖြူ ၁၀% | ၃၇၄ | ၃၇၃ | ▽ | ၃၄၉ | ၃၃၀ | ▽ | - | - | - | ၃၅၇ | ၃၅၈ | △ |
| ဆန်ဖြူ ၁၅% | ၃၈၁ | ၃၈၀ | ▽ | ၃၄၅ | ၃၃၅ | ▽ | - | - | - | ၃၅၂ | ၃၅၃ | △ |
| ဆန်ဖြူ ၂၅% | ၃၇၂ | ၃၇၁ | ▽ | ၃၃၅ | ၃၂၀ | ▽ | ၃၆၅ | ၃၆၅ | □ | ၃၂၆ | ၃၂၅ | ▽ |
| ပေါင်းဆန် | ၄၁၃ | ၄၁၃ | □ | - | - | - | ၃၆၃ | ၃၆၃ | □ | - | - | - |

***Source: liverice***

## ပြည်တွင်းမြို့ကြီးများ၏ (၃၁-၅-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညွှန့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၁၅၂ | ▽ | ၂၀၀၀၀ | ▽ | ၉၁၅၀ | □ | ၄၀၀၀၀ | □ |
| ပုသိမ် | ၅၇၀၀ | □ | ၂၃၀၀၀ | △ | ၈၉၀၀ | □ | ၄၁၀၀၀ | □ |
| ပဲခူး | ၅၄၅၀ | □ | ၂၂၀၀၀ | □ | - | - | ၄၃၀၀၀ | □ |
| ရွှေဘို | - | - | ၃၂၀၀၀ | □ | ၁၄၅၀၀ | □ | ၄၆၀၀၀ | □ |
| စစ်တွေ | ၅၃၀၀ | □ | ၂၃၀၀၀ | | ၉၀၀၀ | □ | ၃၉၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၇၀၀၀ | □ | ၂၇၅၀၀ | □ | - | - | ၄၇၅၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၂၀၀ | □ | ၂၀၀၀၀ | □ | - | - | ၅၂၀၀၀ | □ |
| မန္တလေး | ၇၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၃၅၀၀ | □ | - | - | ၅၂၅၀၀ | □ |
| မော်လမြိုင် | ၅၇၀၀ | □ | ၂၂၀၀၀ | □ | ၉၆၆၀ | □ | ၃၀၀၀၀ | □ |
| လှိုင်ကော် | ၉၅၈၀ | ▽ | ၄၃၀၀၀ | □ | - | - | ၆၇၀၀၀ | □ |
| မြိတ် | ၅၆၀၀ | □ | ၂၄၀၀၀ | ▽ | - | - | ၄၅၀၀၀ | △ |
| ဘားအံ | ၅၅၀၀ | △ | ၂၁၀၀၀ | □ | - | - | ၄၈၅၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညွှန့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၄-၅-၂၀၁၉ မှ ၃၀-၅-၂၀၁၉ ထိ Online CO Application မှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 299 | 12 | - | - | - | 311 |
| | Form AANZ | 12 | - | - | - | - | 12 |
| | Form AI | 74 | 6 | - | - | - | 80 |
| | Form AJ | 23 | 1 | - | - | - | 24 |
| | Form AK | 86 | 6 | - | - | - | 92 |
| | Form CNINA | - | - | - | - | - | - |
| | Form D | 110 | 9 | - | - | - | 120 |
| | Form DFTP | 2 | 0 | - | - | - | 2 |
| | Form E | 145 | 5 | - | - | - | 150 |
| | Form Korea | 7 | 1 | - | - | - | 8 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 758 | 40 | - | - | 1 | 799 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၃၁-၅-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၄/၅ | ၃၁/၅ | ပြောင်းလဲမှု | ၂၄/၅ | ၃၁/၅ | ပြောင်းလဲမှု | ၂၄/၅ | ၃၁/၅ | ပြောင်းလဲမှု | ၂၄/၅ | ၃၁/၅ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၄၁၇ | ၁၄၁၉ | ▲ | ၁၃၈၃ | ၁၃၈၃ | ■ | ၁၃၀၀ | ၁၃၀၀ | ■ | ၁၄၀၀ | ၁၃၉၀ | ▼ |
| ပဲစင်းငုံ | ၁၅၈၂ | ၁၅၆၇ | ▼ | ၁၇၃၃ | ၁၆၈၃ | ▼ | ၁၇၅၀ | ၁၇၂၅ | ▼ | ၁၇၂၅ | ၁၇၂၅ | ■ |
| ပဲတီစိမ်း | ၁၅၈၀ | ၁၆၀၀ | ▲ | ၂၀၀၉ | ၁၈၆၇ | ▼ | ၂၀၀၀ | ၁၉၄၇ | ▼ | ၁၉၅၀ | ၁၈၉၅ | ▼ |
| ကုလားပဲရိုးရိုး | ၁၉၀၀ | ၁၉၀၀ | ■ | ၁၄၇၆ | ၁၄၀၄ | ▼ | ၁၄၈၄ | ၁၄၂၁ | ▼ | ၁၅၀၀ | ၁၄၆၅ | ▼ |
| ပဲလွန်းဖြူ | ၁၀၈၀ | ၁၀၈၀ | ■ | ၁၁၃၃ | ၁၁၃၃ | ■ | ၁၀၀၀ | ၁၉၀၀ | ▲ | ၁၀၅၅ | ၁၁၀၅ | ▲ |
| ထောပတ်ပဲ | ၁၇၃၅ | ၁၇၃၅ | ■ | ၁၈၆၇ | ၁၆၈၉ | ▼ | ၁၇၁၁ | ၁၅၅၃ | ▼ | ၁၇၉၀ | ၁၅၈၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၈.၅.၁၉)ထိ | ယခုတစ်ပတ် (၂၅.၅.၁၉)ထိ | (၁.၁.၁၉) မှ (၂၅.၅.၁၉) ထိ |
| မတ်ပဲ | ၁၂၇၄၉၅ | ၇၈၂၀ | ၁၃၅၃၁၅ |
| ပဲတီစိမ်း | ၁၁၆၈၀၈ | ၄၃၂၂ | ၁၂၁၁၃၀ |
| ပဲစင်းငုံ | ၃၅၇၇၉ | ၃၁၁၂ | ၃၈၈၉၁ |
| ကုလားပဲ | ၄၄၂၁၅ | ၇၇၉ | ၄၄၉၉၄ |
| ပဲလွန်းဖြူ | ၂၄၈၈၂ | ၆၃၃ | ၂၅၅၁၈ |
| မြေထောက်ပဲ | ၆၅၁၁ | ၃၀၄ | ၆၈၁၅ |

## ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးငြိမ်ပြီး ပုံမှန်အရောင်းအဝယ်ဖြစ်

ပဲခူးတိုင်းဒေသကြီး ပြည်ဈေးကွက်တွင် ယခုအပတ်တွင်လည်း မြေပဲဆန်ဈေးများ ဆက်လက်ငြိမ်လျက်ရှိသည်။ မင်းတုန်းနှင့် ရခိုင်ပြည်နယ်ဘက်မှ တစ်ရက်လျှင် အိတ် ၂၀၀-၃၀၀ ခန့် ဝင်ရောက်မှုရှိသည့်အတွက် ဈေးကွက်တွင် အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်တွင် မြေပဲဆန်ဈေးမှာ ဆီဆန်(ဖြူ)တစ်ပိဿာလျှင် ကျပ် ၂၈၀၀၊ (နီ)တစ်ပိဿာလျှင် ကျပ် ၂၈၅၀ဖြင့် ဆီစက်လုပ်ငန်းရှင်များက အဝယ်ရှိပြီး လုံးဆန်(ဖြူ) တစ်ပိဿာလျှင် ကျပ်၃၁၀၀၊ (နီ)တစ်ပိဿာလျှင် ကျပ်၃၂၀၀ဖြင့် ရန်ကုန်ဝယ်လက်နှင့် ပဲလှော်/ပဲကြော်သမားများက အဝယ်ရှိနေရာ ယခင် တစ်ပတ်ကအတိုင်း ဈေးငြိမ်ပြီး တစ်ရက်လျှင် အိတ် ၃၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**ဝေဝေမင်း(ပြည်)**

## ပြည်ပဲနီပြားနှင့် စားတော်ပဲသီးနံ လက်လီ/လက်ကား ရောင်းဝယ်မှုဖြစ်

ပြည်ပဲဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေသော ပဲများထဲမှာ ပဲနီပြားသီးနှံကလည်း ဈေးကောင်းရနေခဲ့ကြောင်း သိရပါသည်။ အရောင်းအဝယ်အနေဖြင့် လက်လီ/လက်ကားအရောင်းအဝယ်ဖြစ်လို့ အိတ် ၁၀၀ကျော် ရောင်းချမှုရှိခဲ့ကာ ပဲဈေးမှာ တစ်တင်း ကျပ် ၂၂၀၀၀မှ ၂၅၀၀၀အတွင်း အရည်အသွေးပေါ်မူတည်၍ ဈေးကွာခြားမှု ရှိခဲ့ကြသည်။

ယခင်နှစ်ကမေလအတွင်း ပဲနီပြားသီးနှံဈေးမှာ တစ်တင်း ကျပ် ၃၀၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည့်အတွက် ယခုနှစ် ပဲနီပြားသီးနှံဈေး ကောင်းရသည်ဟု ဆိုသော်လည်း ယခင်နှစ်ဈေးကိုတော့ မမီဘဲ ရောင်းဝယ်နေခဲ့ကြကြောင်း သိရသည်။ လက်လီပဲဈေးကွက်အတွင်း စားတော်ပဲသီးနှံအနေဖြင့် နေ့စဉ်အိတ် ၂၀ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

စားတော်ပဲ သီးနှံဈေးမှာ တစ်တင်းကျပ် ၂၉၀၀၀ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေပြီး ထောပတ်ပဲ၊ ပဲနီပြားသီးနှံများထက် ဈေးပိုနေခဲ့ကာ ယခင်နှစ်က မေလအတွင်းဖြစ်ပေါ်ခဲ့သောဈေးနှုန်းထက်တော့ ဈေးလျော့နည်းနေခဲ့သည်။ ယခင်နှစ်က စားတော်ပဲသီးနှံဈေးဟာ တစ်တင်း ကျပ် ၃၆၀၀၀အထိ ရရှိခဲ့သည့်အတွက် ဈေးကွက်အတွင်းမှာ ဈေးအမြင့်ဆုံးရခဲ့သည့် သီးနှံဖြစ်ခဲ့ကြောင်း သိရသည်။

**ခင်ဆွေဝင်း**

## ပခုက္ကူနှင့်ရေစကြိုကုန်စည်ဒိုင်တို့၏ ပဲမျိုးစုံဈေးကွက်အခြေအနေ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ၂၀၁၉ ခုနှစ်ထွက် ပဲစင်းငုံနီမှာ ယခင်တစ်ပတ်ထက် အနည်းငယ်ဈေးကျလျက်ရှိသည်။

ယခုတစ်ပတ်၏ ၂၀၁၉ ခုနှစ် ပဲစင်းငုံနီဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၃၃၅၀၀ ဖြင့် အိတ် ၅၀၊ ၂၀၁၇ခုနှစ်ထွက် ပဲစင်းငုံနီအဟောင်းတစ်တင်းလျှင် ကျပ် ၂၉၅၀၀ ဖြင့် အိတ် ၅၀ ကုလားပဲဝါလုံးကြီး ၉၂၉ တစ်တင်းလျှင် ကျပ် ၂၈၀၀၀ အိတ် ၅၀၊ ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၂၇၇၀၀ ဖြင့် အိတ် ၅၀ ကုလားပဲဖြူလုံးကြီး V2တစ်တင်းလျှင် ကျပ် ၂၇၂၀၀ ဖြင့် အိတ် ၅၀ ပဲတီစိမ်းကြီးတစ်တင်းလျှင် ကျပ် ၃၆၇၀၀ ဖြင့် အိတ် ၅၀ မှ ၅၀၀ ထိ၊ ထောပတ်ပဲ (ယော)တစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဖြင့် အိတ် ၁၀၀ ၊ ကျွန်းထောပတ်ပဲ တစ်တင်းလျှင် ကျပ် ၂၇၈၀၀ ဖြင့် အိတ် ၅၀၊ ပြောင်းဖူးစေ့ CP တစ်တင်းလျှင် ကျပ် ၇၆၀၀ ဖြင့် အိတ် ၁၀၀ ၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၁၇၅၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀၊ စွန်တာနီ(ကျွန်း) တစ်တင်းလျှင် ကျပ်၁၇၇၀၀ဖြင့် အိတ် ၅၀၊ အညာဒေသထွက်မန်ကျည်းတောင့်အစေ့ပါ တစ်ပိဿာလျှင် ကျပ် ၉၁၀ ဖြင့် ကုန်ချိန် ၂၀၀၀ မှ ၁၀၀၀၀ ထိ ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲနီလုံးဆန်(မြောင်) တစ်ပိဿာလျှင် ကျပ် ၃၀၀၀ မှ ၃၂၀၀၊ ကျွန်းမြေပဲ နီလုံးဆန် တစ်ပိဿာလျှင် ကျပ် ၂၉၀၀ ၊ စွန်တာနီတစ်တင်းလျှင် ကျပ် ၁၇၇၀၀ ၊ ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၁၇၃၀၀ ဖြင့် အိတ် ၅၀၀၊ ပဲနီပြားတစ်တင်းလျှင် ကျပ် ၁၉၀၀၀ မှ ၂၀၀၀၀၊ ပြောင်းဖူးစေ့ တစ်တင်းလျှင် ကျပ် ၇၄၀၀- ၇၅၀၀ ဖြင့် အိတ် ၁၀၀၀မှ ၃၀၀၀ ထိ ထောပတ်ပဲ တစ်တင်းလျှင် ကျပ် ၂၉၀၀၀ ၊ နှမ်းဖြူသန့် တစ်တင်းလျှင် ကျပ် ၅၅၀၀၀ မှ ၅၇၅၀၀ ၊ ပဲတီစိမ်းကြီး တစ်တင်းလျှင် ကျပ် ၃၆၅၀၀ ဖြင့် အိတ် ၅၀၀ အချို့ပဲများမှာ ဈေးနှုန်းသာပေါက်ပြီး အရောင်းအဝယ်အနည်းငယ်သာရှိကြောင်း သိရသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**



## ကုလားပဲဈေး ပုံမှန်ဝယ်လက်ရှိ၍ ဈေးငြိမ်နေ

အညာဒေသ ပွင့်ဖြူမြို့နယ်ရှိ ဇီးကျွန်းကျေးရွာ၊ ပေါက်ကုန်းကျေးရွာ၊ နန်းတော်ကျွန်း၊ လေးအိမ်ကျေးရွာ၊ ပတ်ဝန်းကျင်ကျေးရွာများနှင့်ရေနံချောင်းမြို့နယ်ရှိ ကျေးရွာမှထွက်ရှိသော ကုလားပဲဝါလုံးကြီးများ ပုံမှန်ဝယ်လက်သာရှိ၍ဈေးငြိမ်နေကြောင်း ရေနံချောင်းမြို့နယ် ပဲဈေးကွက်မှသိရသည်။

လွန်ခဲ့သောမတ်လနောက်ဆုံးပတ်တွင် ကုလားပဲဝါလုံးကြီးမှာ အသစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး တစ်တင်းလျှင်ကျပ် ၂၅၀၀၀ နှင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဧပြီနောက်ဆုံးပတ်မှာ တစ်တင်းကျပ် ၂၇၀၀၀ ဈေးဖြစ်ပြီး ယခုတစ်ပတ်အထိဈေးမှာ ကျပ် ၂၇၀၀၀ ဖြင့်ဈေးငြိမ်နေကြောင်း ပုံမှန်ဝယ်လက်ခွဲခြမ်းစက်သာအဝယ်ရှိကြောင်းသိရသည်။

ရေနံချောင်းမြို့နယ်တွင် ယခုနှစ်ကိုင်းသီးနှံအဖြစ် ကုလားပဲကိုဧက ၆၆၀ စိုက်ပျိုးခဲ့ပြီး အထွက်နှုန်းကောင်းမွန်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနစာရင်းအရ သိရသည်။

**ရွှေဇင်(ရေနံချောင်း)**

## အညာတွင် ပဲဈေးမြင့်သဖြင့် ပဲစင်းငုံစိုက်ပျိုးသူများလာ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်နှင့်နတ်မောက်မြို့နယ်တို့တွင် ပဲစင်းငုံဈေးမြင့် ဈေးကောင်းနေသဖြင့် ယခုနှစ်မိုးရာသီတွင် တိုးချဲ့စိုက်ပျိုးနေသလို တချို့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း အထက်ပါဒေသခံများထံမှ သိရသည်။

"ယခုတစ်ပတ်တွင် ပဲစင်းငုံနီတစ်တင်းကျပ် ၃၇၀၀၀ ဝန်းကျင် ပေါက်ဈေးရှိတယ်။ ဈေးကွက်အနေအထားအရ ယခင်နှစ်က တစ်တင်းကျပ် ၁၂၀၀၀ရှိတဲ့အတွက် ပဲဈေးမြင့်နေပြီး ဈေးကောင်းရနေပါတယ်။ နယ်အဝယ်လိုက်တာကြောင့် ဈေးမြင့်နေပါတယ်"ဟုရေနံချောင်းမြို့နယ်ရှိ ပွဲစားတစ်ဦးက ပြောသည်။

ယခင်နှစ်ကထက်ယခုနှစ် မိုးရာသီမှာပဲစင်းငုံကိုတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေပြီး ပဲစင်းငုံမှာအစေ့ကို ပြည်ပက တင်ပို့ရန် ဝယ်ယူသည့်အပြင်ပြည်တွင်းမှာ မုန့်လုပ်ငန်းများက ဝယ်ယူသဖြင့် ယခုနှစ်တွင် ဈေးကောင်းရနေကြောင်း ပဲစင်းငုံအပင်အမြစ်ကို ထင်းအဖြစ်အသုံးပြုနိုင်၍ ပိုမိုစိုက်ပျိုးကြရန် ပြင်ဆင်နေကြောင်း ရေနံချောင်းမြို့နယ်မှ တောင်သူ ကိုဝင်းကြိုင်က ပြောသည်။

ရေနံချောင်းမြို့နယ်တွင် လက်ရှိမိုးရွာသွန်းမှုမှာကွက်ကျားရွာသွန်းနေသဖြင့် အချို့ကျေးရွာများမစိုက်နိုင်သေးဘဲ မိုးရေရ၍စိုက်သည့်ရွာများမှာ ပဲစင်းငုံကို တိုးချဲ့စိုက်နေကြောင်း ဒေသခံများထံကသိရသည်။

**ရွှေဇင်(ရေနံချောင်း)**

## ပြည်မတ်ပဲနှင့်ပဲကြီး ပုံမှန်အရောင်းအဝယ်ဖြစ်နေ

ပြည်ပဲဈေးကွက်အတွင်း ယခုတစ်ပတ်မှာ မတ်ပဲဝင်ရောက်မှုလျော့နည်းခဲ့ပြီး တစ်ရက် အိတ် ၁၅၀/၂၀၀ခန့်သာ အဝင်ရှိခဲ့ကြောင်းသိရသည်။ ပဲလက်ကျန်များရှိနေခဲ့သည့်အတွက် ဝယ်လိုအားရှိသလောက် အရောင်းအဝယ်ဖြစ်ခဲ့ကြပြီး ပဲဈေးမှာ တစ်တင်း ကျပ် ၂၈၀၀၀ဖြင့် ဈေးငြိမ်နေကြောင်း သိရသည်။

ပဲကြီးသီးနှံသည် နေ့စဉ် အိတ် ၂၀၀/၃၀၀ကျော်ဝင်ရောက်ခဲ့ကြပြီး ပဲကြော်ဖိုသမားများပုံမှန် ဝယ်ယူကြသည့်အတွက် အိတ် ၂၅၀/၃၀၀ကျော်ထိ အရောင်းအဝယ်ဖြစ်ခဲ့ကြသည်။ ပဲဈေးမှာ ရွှေကျွန်းတစ်တင်း ကျပ် ၃၄၀၀၀၊ ကမ်းနား တစ်တင်း ကျပ် ၃၀၀၀၀ဖြင့် အသီးသီးရောင်းဝယ်နေခဲ့ကြောင်း သိရသည်။ ပဲကြီး သီးနှံသည် ယခင်နှစ်ကလည်း တစ်တင်း ကျပ် ၃၀၀၀၀ အထက်ရရှိခဲ့သလို နှစ်စဉ် ဈေးကောင်းရနေသည့်သီးနှံဖြစ်ခဲ့ကြောင်း သိရသည်။

**ခင်ဆွေဝင်း**

# ကျန်းမာရေးအတွက် အစွမ်းထက်ပြည်ပဈေးကွက်ဝင် ရဲယိုပင်

[မွန်မွန်စိုး(ပခုက္ကူ)]

ကျွန်မတို့မြန်မာနိုင်ငံမှာဆိုလျှင် သဘာဝတရားကြီးက ဖန်တီးပေးထားတဲ့ အဖိုးတန်ရတနာများစွာရှိပါတယ်။ သဘာဝတွင်းထွက်ပစ္စည်းများ ကျောက်မျက်ရတနာများစွာဖြင့် ပေါကြွယ်ဝတဲ့နိုင်ငံဖြစ်သလို တစ်ဖက်မှာလည်း တန်ဖိုးမဖြတ်နိုင်တဲ့ ဆေးဖက်ဝင်အပင်များ ပေါက်ရောက်လျက်ရှိပါတယ်။ မြန်မာလူမျိုးတော်တော်များများဟာ မိမိတို့နိုင်ငံမှ သဘာဝအရ အလိုအလျောက်ရရှိလာတဲ့ တန်ဖိုးရှိအရာတွေကို သတိမထားမိဘဲ မေ့မေ့လျော့လျော့ ဖြစ်နေတတ်ပါတယ်။ ယခုအခါ အနောက်နိုင်ငံများမှ မြန်မာနိုင်ငံရှိ အဖိုးတန် ဆေးဖက်ဝင်အပင်များကို သတိထားမိလာကြပြီး မြန်မာနိုင်ငံနှင့် ချိတ်ဆက်ရောင်းဝယ်မှုများ ပြုလုပ်လာကြပါတယ်။ မြန်မာနိုင်ငံမှ ဒန့်သလွန်နှင့် ရဲယိုတို့ကို ဂျပန်နိုင်ငံ၊ တရုတ်(တိုင်ပေ) နှင့် အမေရိကန်နိုင်ငံတို့မှ ဝယ်ယူကမ်းလှမ်းမှုများ ရှိနေကြောင်း လေ့လာသိရှိရတယ်။ ဒါကြောင့် ယနေ့ကမ္ဘာကြီးရဲ့ နေရာတော်တော်များများတွင် ရေပန်းစားလူသိများလာသော တန်ဖိုးမဖြတ်နိုင်သည့် ပြည်ပဈေးကွက်ဝင် ရဲယိုပင်အကြောင်း ဖော်ပြပေးလိုက်ပါတယ်။

## ရဲယိုပင်အစ မူရင်းဒေသ

ရဲယိုကို မူရင်းပေါက်ရောက်ရာဒေသလို့ ယူဆရတဲ့ ဟာဝိုင်အီကျွန်းစုမှတစ်ဆင့် ရောက်ရှိလာကြောင်း လေ့လာသိရှိရပါတယ်။ ဟာဝိုင်အီကျွန်းစုတွင် ရဲယိုကို နော်နီ (Noni) လို့ ခေါ်ဆိုကြပါတယ်။ ရုက္ခဗေဒ အမည်ကတော့ Morinda Citritolia လို့ ခေါ်ဆိုပါတယ်။ ကော်ဖီအုပ်စုဝင် အပင်တစ်မျိုးဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ ပြင်သစ်နိုင်ငံပိုင် ပိုလီနီးရှားကျွန်းစုမှာ လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ထောင်ကျော်လောက်ကတည်းက သုံးစွဲခဲ့တယ်လို့ လေ့လာသိရှိရပါတယ်။ ဒေသခံလူမျိုးတွေအတွက် မိရိုးဖလာ၊ ရှေးရိုးစဉ်လာ သုံးစွဲခဲ့ကြတဲ့ တိုင်းရင်းဆေးပင်ဖြစ်ပါတယ်။ တီဟီတီကျွန်းတွင် ရဲယိုသီးကို အစားအစာအဖြစ်သာမက ဆေးဝါးအဖြစ်ပါ အသုံးပြုကြောင်း၊ ၁၇၇၀ ပြည့်နှစ်လောက်တွင် လေ့လာရေးသားခဲ့တဲ့ မှတ်တမ်းများအရ လေ့လာသိရှိရပါတယ်။ တီဟီတီကျွန်းမှ ထွက်ရှိတဲ့ ' တီဟီတီ- နော်နီ 'ဆိုတဲ့ဖျော်ရည်မှာ နာမည်ကြီးတယ်လို့ သိရှိရပါတယ်။ တီဟီတီကျွန်းက ဒေသခံလူမျိုးများမှာ ၎င်းတို့ပြောင်းရွှေ့ရာ နေရာမှန်သမျှကို ရဲယိုပင်များ ယူဆောင်ရင်းနှင့် တစ်ကမ္ဘာလုံးပျံ့နှံ့သွားတယ်လို့ သိရှိရပါတယ်။ ပစိဖိတ်သမုဒ္ဒရာထဲရှိ ကျွန်းစုကတစ်ဆင့် ဩစတြေးလျ၊ မလေးရှား၊ အရှေ့တောင်အာရှဒေသ၊ အိန္ဒိယနိုင်ငံမှ ကာရစ်ဘီယံဒေသ၊ အမေရိကန်ပြည်ထောင်စုထိ ပျံ့နှံ့လာခဲ့ပါတယ်။

## ရဲယိုပင်ပေါက်ရောက်ရာဒေသ

ရဲယိုပင်မှာ ပေ ၃၀ ထိ မြင့်နိုင်သော ချုံဆန်သည့် သစ်ပင်မျိုးဖြစ်ပါတယ်။ တစ်နှစ်ပတ်လုံး သီးပွင့်ပြီး မြစ်ချောင်း၊ ကမ်းပါးများတွင် သဘာဝအလျောက် ပေါက်ရောက်ကြပါတယ်။ အိန္ဒိယနိုင်ငံ ဟိမဝန္တာတောင်ဘက်ပိုင်းဒေသများ၊ ယူနန်ပြည်နယ်၊ အရှေ့တောင်အာရှနှင့် ဩစတြေးလျနိုင်ငံများတွင် ပျံ့နှံ့ပေါက်ရောက်ပါတယ်။ သဘာဝအလျောက် ပေါက်ရောက်ပြီး စိုက်ပျိုးပင်အဖြစ်လည်း စိုက်ပျိုးကြပါတယ်။

## ရဲယိုပင်ပျိုးထောင်နည်း

ရင့်မှည့်ကြွေကျလုနီးပါးဖြစ်သော ရဲယိုသီးကို ဖျစ်ညစ်၍ အသားများရှိသွားအောင် ပြုလုပ်ပေးရပါတယ်။ ပြီးတဲ့အခါ ရေနှစ်ရက်ခန့်စိမ်ပြီး အစေ့သီးသန့်ရအောင် ပြုလုပ်ရမည်။ ရရှိလာသော အစေ့များကို သုံးရက်ခန့် ခြောက်သွေ့အောင် လှန်းပေးရပါမည်။ ခြောက်သွားသော အစေ့များကို ပျိုးပေါင်ပျိုးခြင်းတို့တွင် မြေမွှမွှစပ်၍ ပျိုးရပါမည်။ အလင်းရောင်ရ၍ နေမပူသောနေရာတွင် ပျိုးထောင်ပေးရပါမည်။ ရေလောင်းသည့်အခါ ရွှံ့နှစ်မနေဘဲ ရေစိုရုံသာ လောင်းပေးရပါမည်။ တစ်လခန့်ကြာသည့်အခါ အပင်ပေါက် ရရှိလာမည်ဖြစ်ပါတယ်။ အလယ်ရွက်နှစ်ရွက်ထွက်လာတဲ့အခါ ပျိုးအိတ်တွင် ပြောင်းထည့်၍ စိုက်ပျိုးနိုင်တယ်လို့ သိရှိရပါတယ်။

## ရဲယိုပင်၏ဂုဏ်သတ္တိများ

ရဲယိုပင်ရဲ့ အစိတ်အပိုင်းတွေမှာပါဝင်တဲ့ အာဟာရဓာတ်တွေအနေဖြင့် အင်သရာကွီနုန်းဓာတ် အမျိုးမျိုးပါဝင်ခြင်း၊ အော်ဂဲနစ်အက်စစ်ဓာတ်၊ ဗီတာမင်ဓာတ်၊ ဂလူးကို့စ်ဓာတ်ပေါင်း၊ အက်စပရူလိုစီဒစ်အက်ဆစ်၊ သတ္တုဓာတ်အဖြစ် ပိုတက်စီယမ်၊ ထုံးဓာတ်၊ မီးစုန်းဓာတ်၊ သံဓာတ်၊ မက်ဂနီဆီယမ်၊ ဆိုဒီယမ်၊ ဆဲလ်နီယမ်၊ အာဟာရဓာတ်အခြေခံဖြစ်တဲ့ ကာဘိုဟိုက်ဒရိတ်၊ ကစီဓာတ်၊ သကြားဓာတ်အမျိုးမျိုး၊ အဆီဓာတ်၊ အသားဓာတ်၊ ပရိုတင်းဓာတ်များ ပါဝင်ပါတယ်။

ဒါ့အပြင် သကြားဓာတ်အမျိုးမျိုးဖြစ်တဲ့ ဂလူးကို့စ်၊ ဖရပ်တို့စ်၊ ကလူကိုဆိုက် စသည်တို့မှာ အိုမင်းရင့်ရော်မှုကို ကာကွယ်ပေးပြီး ခုခံစွမ်းအားကို မြင့်တင်ပေးနိုင်တဲ့ ဂုဏ်သတ္တိတွေရှိပါတယ်။ ရဲယိုမှာ HIV/AIDS တို့လို ခန္ဓာကိုယ် ခုခံစွမ်းအားကျဆင်းမှုရောဂါများကို ကုသရာတွင် အစွမ်းထက်ပါတယ်။ ရဲယိုပင်မှာ အရွက်မှစ၍ အမြစ်ထိ ဆေးဖက်ဝင်လှသော အပင်ဖြစ်ပါတယ်။

## ရဲယိုပင်အမြစ်၏ အသုံးဝင်ပုံ

ရဲယိုပင်၏အမြစ်ကို အနာကျက်သက်သာစေရန်နှင့် ကင်ဆာရောဂါဆဲလ်များပွားများခြင်းကို ဟန့်တားစေရန် သုံးစွဲနိုင်ကြောင်း သိရှိရပါတယ်။

## ရဲယိုအခေါက်၏ အသုံးဝင်ပုံ

ရဲယိုပင်၏အခေါက်ကို အသည်းရောင်အသားဝါရောဂါနှင့် သွေးတိုးရောဂါများအတွက် ကုသရာတွင် အသုံးပြုကြပါတယ်။

## ရဲယိုအရွက်၏ အသုံးဝင်ပုံ

ရဲယိုရွက်သည် အလွန်ဆေးဖက်ဝင်လှပေသည်။ ရဲယိုရွက်ကို တိုင်းရင်းဆေးဝါးများ ဖော်စပ်ရာတွင် သုံးတဲ့အပြင် ချောင်းဆိုးရောဂါ၊ တီဘီအဆုတ်ရောင်ရောဂါ၊ အစာအိမ်နာရောဂါ၊ ခံတွင်းပျက်၊ ခံတွင်းနာဖြစ်ခြင်း၊ ဝမ်းဗိုက်ရောင်ရမ်းခြင်း၊ အမျိုးသမီးများ ဓမ္မတာလာစဉ် ဝမ်းဗိုက်နာကျင်ခြင်း၊ အူကျွံခြင်း၊ ဗီတာမင်အေဓာတ် ချို့တဲ့ခြင်း၊သွေးတိုးခြင်း၊ အရိုးကျိုးခြင်း၊ အဆစ်လွဲခြင်း၊ အတွင်းကြေဒဏ်ရာများ၊ နှီကြောင်းပိတ်ရောဂါ၊ နှီရည်ခန်းခြောက်ရောဂါ၊ သကျည်းကိုက်ရောဂါ၊ နှာခေါင်းသွေးလျှံခြင်း၊ သည်းခြေဖောက်ပြန် ရောဂါနှင့် သွေးတိုးရောဂါများကို ကုသရာတွင် အစွမ်းထက်လှပေသည်ဟု သိရှိရပါတယ်။

## ရဲယိုအပွင့်၏ အသုံးဝင်ပုံ

ရဲယိုပွင့်ကို မျက်စိစွဲခြင်း၊ အရေပြားနာခြင်း၊ ပြည်တည်နာတို့တွင် သုံးစွဲနိုင်ပြီး ဝမ်းပျော့ဆေးအဖြစ်လည်း သုံးစွဲကြပါသည်။

## ရဲယိုသီး၏ အသုံးဝင်ပုံ

ရဲယိုပင်တွင် အာနိသင်ဓာတ်အများဆုံးမှာ အသီးပင်ဖြစ်ပေသည်။ အစိမ်းရင့်ရောင် ရဲယိုသီးမှာ မှည့်တဲ့အသီးထက် အစွမ်းထက်သော ဓာတ်သတ္တုပစ္စည်းများ ပိုမိုပါဝင်ကြောင်း ဆေးသုတေသန လေ့လာပြုချက်များအရသိရှိရပါတယ်။ ရဲယိုသီးကို သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့ကြောင့် ဖြစ်ပေါ်လာသော အပူလောင်ခြင်း၊ အစာမကြေခြင်း၊ လေတက်ခြင်း၊ သည်းခြေလှုပ်ရှားခြင်းတို့အတွက် ကုသရာတွင်သုံးစွဲနိုင်ပြီး သွေးတိုးရောဂါကို လျှော့ချပေးနိုင်ပြီး ရောဂါပိုးများကို ခုခံပေးခြင်း၊ နှလုံးပျက်စီးမှုအန္တရာယ်ကို ကာကွယ်ရာတွင် အထောက်အကူပြုသုံးစွဲနိုင်ပါတယ်။

## ရဲယိုသုံးစွဲရာတွင် သတိပြုရမည့်အချက်များ

ရဲယိုကို အစာစားပြီးသောက်လျှင် အာနိသင်အနည်းငယ်သာ ရရှိနိုင်ပါတယ်။ ရဲယိုသီးတွင် ပါဝင်သောဓာတ်ပစ္စည်းများ ပျက်စီးမှုမရှိစေရန် ကော်ဖီ(သို့)လက်ဖက်ရည် (သို့) နွားနို့(သို့)အရက်တို့နှင့်တွဲဖက်မသောက်သုံးသင့်ပါ။ ရဲယိုကို အစာမစားမီ နာရီဝက်ခန့်ကျော်၍ ရေဖြင့်သောက်သုံးပါက အကောင်းဆုံးအချိန်ဖြစ်ပေသည်။ ရဲယိုသည် လိမ္မော်သီး၊ မန်ကျည်းသီး၊ အုန်းသီး၊ ငှက်ပျောသီးနှင့် ခရမ်းချဉ်သီးတို့ကဲ့သို့ ပိုတက်ဆီယမ်ဓာတ် ကြွယ်ဝသောကြောင့် သွေးထဲတွင် ပိုတက်ဆီယမ်ဓာတ် ပိုမိုများပြားလာနိုင်သည့်အတွက် နာတာရှည် ကျောက်ကပ်မကောင်းသူများ အသုံးမပြုသင့်ပါ။

## ရဲယိုကိုနိုင်ငံတကာအသိအမှတ်ပြုသုံးစွဲမှု

ရဲယိုကို ၁၉၄၀ ပြည့်နှစ်မှစ၍ အမေရိကန်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး (USFDA)၏ GRAS (Generally recognised as sample )စာရင်းတွင် အသိအမှတ်ပြုခဲ့တယ်လို့ သိရှိရပါတယ်။ဒါ့အပြင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအတွက် ဘေးကင်းစိတ်ချရသော ဖြည့်စွက်စာ (safe food supplement )ဖြစ်ကြောင်း ဖော်ပြခဲ့ပါတယ်။ ကျန်းမာရေးအတွက် ကာကွယ်ပေးနိုင်ဆုံးဖြစ်တဲ့ အက်စ်ပရင်နှင့် ကော်ဖီတို့တောင်မှ သတ်မှတ်ဖော်ပြခြင်းမခံရသော်လည်း ရဲယိုတွင်ပါဝင်သော ဓာတ်သတ္တုပစ္စည်းများသည် ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များအတွက်အန္တရာယ်မဖြစ်သည့်အပြင် ကိုယ်ဝန်ဆောင်နေစဉ်အတွင်း ရဲယိုသောက်သုံးပါကကျန်းမာရေး အကျိုးကျေးဇူးများစွာရရှိနိုင်ကြောင်း ရေးသားဖော်ပြလိုက်ပါတယ်။

## မြန်မာ့ဆိပ်ကမ်းတွင် ၃၀.၅.၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT VIET TIN LUCKY | P.Oil(In Bulk) ၅၀၀၀ ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - CAPE FLORES | TEU872တင်TEU598ချဆဲ |
| အလုံဆိပ်ကမ်း(၁) | - BISCAYNE LIGHT | ဆန်တန် ၂၀၀၀၀ တင်ဆဲ |
| စက်မှုဆိပ်ကမ်း(၂) | - MATHU BHUM | TEU625 တင်TEU435 ချဆဲ |
| ဆူးလေဆိပ်ကမ်း(၁) | - OCEAN CROSS | ဆန်တန်ချိန် ၁၇၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၇) | - BUDVA | ဆန်တန်ချိန် ၂၃၀၀၀ တင်ဆဲ |
| MIPL ဆိပ်ကမ်း | - MOONDANCE.11 | Steel&12 Unit Vehicle ၂၇၄၅၂ ချဆဲ |
| သီလဝါဆိပ်ကမ်း(၄) | - VENUS TIUMPH | Construction Project ၇၀၀ တင်ဆဲ |
| သီလဝါဆိပ်ကမ်း(၅) | - ARION | Steel & Fertilizer ၂၆၅၅၄ ချဆဲ |
| ELITE JETTY | - MT OCEAN PORPOISE | Mogas 92RON ၁၁၁၀၀ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KULD HUM RONG | Clinker (In Bulk) ၁၀၂၅၂ ချရန် | - | ၃၁.၅.၂၀၁၉ |
| JIN ZHOU HAI | Steel တန် ၂၀၀၀၀ ချရန် | CHINA | ၁.၆.၂၀၁၉ |
| ATLANTIC TRADE | ဆန်တန် ၂၅၀၀၀ တင်ရန် | WEST AFRICA | ၁.၆.၂၀၁၉ |
| RAINBOW SYMPHONY | AmmoniumNitrate ၆၅၇၀ ချရန် | THAI | ၁.၆.၂၀၁၉ |
| BJ QUEEN | Steel & Vehicle ၂၅၅၄ ချရန် | KOREA | ၄.၆.၂၀၁၉ |
| SPM BANGKOK | Unit Vehicle ၄၇၅ ချရန် | JAPAN | ၄.၆.၂၀၁၉ |
| PROMISE-1 | Steel & Fertilizer တန် ၂၆၀၀၀ ချရန် | CHINA | ၅.၆.၂၀၁၉ |
| TRUOING MINH STAR | Urea (In Bulk) ၉၀၀၀ ချရန် | MALAYSIA | ၅.၆.၂၀၁၉ |
| MINO | Steel Coil တန်၅၁၀၀ ချရန် | JAPAN | ၆.၆.၂၀၁၉ |
| V GRACE | Steel D' Bars ၇၂၀၀ ချရန် | UAE | ၇.၆.၂၀၁၉ |
| NEW JOURNEY | Wheat(In Bulk) ၂၄၀၀၀ချရန် | AUSTRALIA | ၁၁.၆.၂၀၁၉ |
| BBC U TAH | Machines တန် ၁၂၁ ချရန | GERMANY | ၁၅.၆.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| IAL-001 | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၅.၂၀၁၉ |
| ISEACO FORTUNE | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၃၀.၅.၂၀၁၉ |
| CHERRY VESTA | SINGAPORE | စက်မှုဆိပ်ကမ်း | ၃၀.၅.၂၀၁၉ |
| MAERSK WESTPORT | SINGAPORE | သီလဝါ/စက်မှု ဆိပ်ကမ်း | ၃၁.၅.၂၀၁၉ |
| ALS SUZURAN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၆.၂၀၁၉ |
| ONELLA | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁.၆.၂၀၁၉ |
| MCC KYOTO | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁.၆.၂၀၁၉ |
| PACAO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၆.၂၀၁၉ |
| NINO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၆.၂၀၁၉ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၃.၆.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN DOLPHIN | MOGAS 92 RON | - | ၃၀.၅.၂၀၁၉ |
| MT. OCEAN MARAY | MOGAS 92 RON | - | ၃၁.၅.၂၀၁၉ |
| MT. GLORY OCEAN | DIESEL OIL | SINGAPORE | ၁.၆.၂၀၁၉ |
| MT. SK LINE -1 | P.Oil(In Bulk) | INDONESIA | ၁.၆.၂၀၁၉ |
| MT.ROYAL-36 | P.Oil(In Bulk) | INDONESIA | ၁.၆.၂၀၁၉ |
| MT. ORCA PACIFIC | DIESEL OIL | SINGAPORE | ၁.၆.၂၀၁၉ |
| MT. YU HAI | DIESEL OIL | SINGAPORE | ၂.၆.၂၀၁၉ |
| MT. GLORY STAR | DIESEL OIL | SINGAPORE | ၄.၆.၂၀၁၉ |
| MT. CHAO ANOMA | P.Oil(In Bulk) | INDONESIA | ၄.၆.၂၀၁၉ |
| MT.OCEAN MANTA | DIESEL OIL | SINGAPORE | ၅.၆.၂၀၁၉ |
| MT.KIRANA HASTA | DIESEL OIL | SINGAPORE | ၆.၆.၂၀၁၉ |
| MT.OCEAN MARLIN | MOGAS 92 RON | SINGAPORE | ၇.၆.၂၀၁၉ |
| MT.MESON | P.Oil(In Bulk) | INDONESIA | ၇.၆.၂၀၁၉ |
| MT.YU DONG | DIESEL OIL | SINGAPORE | ၉.၆.၂၀၁၉ |
| MT.VL-21 | P.Oil(In Bulk) | INDONESIA | ၁၁.၆.၂၀၁၉ |

## ကြက်သွန်

# မေလအတွင်း မူဆယ်မှ တရုတ်သို့ ကြက်သွန်နီတင်ပို့မှုအခြေအနေ

မေ ၁ ရက်မှ ၂၈ ရက်အထိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တရုတ်ပြည်သို့ တင်ပို့လျက်ရှိသော ကြက်သွန်နီ ဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၄၅၀ ဝန်းကျင်ဖြင့်ဈေးငြိမ်နေသည်။ မေ ၁ ရက်မှ ၂၈ ရက်အထိတင်ပို့မှုမှာ ကားအစီးရေ ၅၂၃ စီး၊ တင်ပို့တန်ချိန် ၉၆၇၈ ဒသမ ၅ တန်ဖြစ်ကာ ဈေးနှုန်းမှာ ကျပ် ၄၅၀ ဝန်းကျင်ဖြစ်သည်။ မေ ၁ ရက်မှ ၇ ရက်အထိ ကားစီးရေ ၂၀၈ စီး၊ တင်ပို့တန်ချိန် ၄၀၆၇ တန်၊ မေ ၈ ရက်မှ ၁၄ ရက် အထိကားစီး ရေ ၁၂ စီး၊ တင်ပို့တန်ချိန် ၂၂၇၀တန်၊ မေ ၁၅ ရက်မှ ၂၁ ရက်အထိ ကားစီးရေ ၁၀၉ စီး၊ တင်ပို့တန်ချိန် ၁၈၉၃ တန်၊ မေ ၂၂ ရက်မှ ၂၈ ရက်အထိ ကားစီးရေ ၈၅ စီး၊ တင်ပို့တန်ချိန် ၁၄၄၈ ဒသမ ၅ တန် အရောင်းအဝယ်ဖြစ်သဖြင့် မြန်မာမှတရုတ်သို့ကြက်သွန်နီတင်ပို့မှု တန်ချိန်မှာ ယခင်ရက်သတ္တပတ်နှင့်နှိုင်းယှဉ်လျှင် ယခုနောက်ဆုံးရက်သတ္တပတ်တွင် အနည်းငယ်လျော့နည်းပြီး ဈေးနှုန်းမှာကျပ် ၄၅၀ ဝန်းကျင်ဖြင့် ပုံမှန်ဖြစ်နေသည်။

မေ ၁ ရက်မှ ၂၈ ရက်အတွင်း တရုတ်ငွေဈေးမှာ တစ်ယွမ်လျှင် ၂၂၁-၂၂၅ ကျပ်ဈေးဖြစ်ပြီး ကြက်သွန်နီတစ်တန်လျှင် မြန်မာငွေကျပ် ၂၇၈၀၀၀-၂၈၅၀၀၀ရရှိသည်။ တစ်ပိဿာဈေးနှုန်းမှာ မြန်မာငွေကျပ် ၄၅၀ ဝန်းကျင်ရရှိပြီး တရုတ်ယွမ် နှစ်ယွမ်ခန့်ရရှိကြောင်း ပဲ၊ ပြောင်း၊ နှမ်းကုန်စည်ဒိုင်စာရင်းအရ သိရှိရသည်။

**စိုးသန္တာထွန်း (မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

# ပြည်ကြက်သွန်နီအရောင်းအဝယ်ဖြစ်မည့် ပမာဏလောက်သာ မှာယူတင်သွင်း

ယခုတစ်ပတ် ပြည်ဈေးကွက်အတွင်းသို့ တောင်တွင်းကြီး၊ အောင်လံ၊ ဆိပ်ဖြူ၊ ပခုက္ကူ၊ ရေနံချောင်းစသည့် နယ်များမှ ကြက်သွန်နီများ ပိဿာ ၃၀ ဝင် အိတ် ၂၅၀ မှ ၃၀၀ ခန့်သာ ဝင်ရောက်မှုရှိကြောင်း သိရသည်။

ယခုနှစ်၏ ကြက်သွန်နီသီးနှံဈေးနှုန်းမှာ အလွန်ချိုသာသည့်အတွက် စားသုံးသူပြည်သူများမှ ဆက်တိုက်ဝယ်ယူသုံးစွဲသိုလှောင်မှုများရှိခဲ့သဖြင့် ပွဲရုံလုပ်ငန်းရှင်များအနေဖြင့် အရောင်းအဝယ်ဖြစ်မည့် ပမာဏလောက်ကိုသာ မှာယူတင်သွင်းရောင်းဝယ်မှုရှိနေကြောင်း သိရသည်။ ဈေးနှုန်းများမှာ ပွဲရုံလက်ကားဈေးတစ်ပိဿာလျှင် (ကြီး/လတ်/သေး)ကျပ် ၆၀၀/၅၅၀/၅၀၀ နှင့် လက်လီဈေးအသေးများတွင် (ကြီး/လတ်/သေး) ကျပ် ၈၀၀/၇၀၀/၆၀၀ နှုန်းတို့ဖြင့် အသီးသီးရောင်းဝယ်မှု ရှိနေကြောင်း သိရသည်။

**ဝင်းလှဲ့ဝါ(ပြည်)**

# ရှမ်းကြက်သွန်ဖြူ ဈေးကောင်းရနေ

ရှမ်းကြက်သွန်ဖြူကတော့ ဆက်တိုက်ဆိုသလို ဈေးတက်နေပါတယ်။ ဈေးကွက်မှာတော့ ပုံမှန်အဝင်ရှိနေပါတယ်။ လွန်ခဲ့တဲ့သုံးနှစ်ခန့်ကစပြီး ဈေးကွက်ပျက်နေခဲ့တဲ့ ရှမ်းကြက်သွန်ဖြူက ဒီနှစ်မှာ ဈေးဦးပြန်မော့လာပါတယ်။

ဈေးကွက်ပျက်ခဲ့လို့ စိုက်ပျိုးထုတ်လုပ်မှုလည်းနည်းသွားသလို စိုက်ပျိုးမှုကိုလည်းအဖြစ် သဘောမျှသာ စိုက်ခဲ့ကြတာကြောင့် တောင်ကြီးတောင်ဘက်ခြမ်းက အထွက်နှုန်းအတော်လျော့သွားပါတယ်။ ယခင်က တစ်ဇကကို ခြောက်ဆ ခုနစ်ဆထွက်ပေမယ့် အခုနှစ်မှာ ပြုပြင်ခြင်းမရှိတော့လို့ သုံးဆမှ လေးဆသာ ထွက်တော့တယ်လို့ သိရပါတယ်။ ကလောမြို့နယ်မှာတော့ ခြောက်ဆ/ခုနစ်ဆ ထွက်တယ်လို့လည်း သိရပါတယ်။ ရန်ကုန်ဝယ်လက်တွေက အဓိကဝယ်ယူနေပြီး ဒေသခံလှောင်လက်တွေကလည်း ဝယ်ယူနေပါတယ်။ လောလောဆယ်မှာတော့ အဟောင်းလက်ကျန်တွေနဲ့ အသစ်တွေကြောင့် ဈေးကွက်မှာတော့ ပစ္စည်းတွေ များနေပါတယ်။ အဟောင်းလက်ကျန်က ပိဿာချိန်သိန်းချီပြီး ကျန်ရှိနေတယ်လို့လည်း ဒေသခံပွဲရုံတွေထံက သိရပါတယ်။ လဲချားနဲ့မိုင်းပန်က ထွက်လာမယ့် ခရမ်းဆွဲကြက်သွန်(အပင်ပါ)တွေလည်း ဈေးကွက်ကိုစပြီးဝင်စပြုနေပါပြီ။ ဇွန်လမှာပစ္စည်းထွက်ရှိလာမှာဖြစ်ပြီး ကြိုရောင်းအနေနဲ့က တစ်ပိဿာကို ကျပ် ၁၀၀၀ ဈေးနဲ့ ဖြတ်နေပါတယ်။

ခရမ်းဆွဲကြက်သွန်ဖြူကတော့ ရှမ်းအရှေ့ကမှတစ်ဆင့် ထိုင်းနိုင်ငံဘက်ကို အများဆုံးတင်ပို့တာ ဖြစ်ပါတယ်။ ကြက်သွန်ဖြူဈေးကတော့ အရင်တစ်ပတ်ကထက် တစ်ပိဿာကို ကျပ် ၄၀၀ မှ ၅၀၀ ခန့်အထိ ဈေးတက်လာပါတယ်။

ဒီတစ်ပတ်တောင်ကြီးဈေးကွက်မှာ ကြက်သွန်ဖြူ တစ်ပိဿာပေါက်ဈေးက (လတ်ခြား)က ကျပ် ၁၂၀၀၊ (ထူး-၁) ကျပ်၁၂၅၀၊ (ထူး-၂)ကျပ်၁၃၅၀၊ (ထူး-၃)ကျပ်၁၅၀၀၊(ထူး-၄) ကျပ် ၂၀၀၀ ဈေးရှိတယ်လို့ တောင်ကြီးကြက်သွန်ဖြူပွဲရုံတွေထံက သိရှိရပါတယ်။

**ဇေခိုင်၊ တောင်ကြီး**

# ပြည်ကြက်သွန်ဖြူဈေးကွက် ဈေးဆက်တက်နေ

ပြည်ကြက်သွန်ဖြူဈေးကွက်တွင် (ကြူကုတ်စ)ကြက်သွန်ဖြူများဈေးမြင့်တက်ခဲ့ရာမှ (ရှမ်းစ)နှင့် ရှမ်းပြည်မှ ဝင်ရောက်ပစ္စည်းများဈေးမြောက်တက်လာကြောင်းသိရသည်။ ရှမ်းမြွာအရည်အသွေးကောင်းမွန်သော်လည်း အရောင်းအဝယ်တွေ တဖြည်းဖြည်းအေးလာသည်။ ယခုမေလ နောက်ဆုံးပတ် ကြက်သွန်ဖြူဈေးနှုန်းတွေကတော့ (ရှမ်းစ) ကျပ် ၂၂၀၀၊ ကျပ် ၂၃၀၀ နှင့် (ကြူကုတ်စ) ကျပ် ၃၂၀၀ဈေးတို့ဖြင့် ပွဲရုံပေါက်ဈေးဖြင့် ရောင်းဝယ်နေသည်။

ဒေသတွင်း လက်လီဈေးများတွင် (ရှမ်းစ)တစ်ပိဿာလျှင် ကျပ် ၂၈၀၀၊ ကျပ်၃၀၀၀နှင့်(ကြူကုတ်စ)ကျပ် ၃၆၀၀ဈေးတို့ဖြစ်သည်။ လက်လီအိတ်စွဲသမားများ အစွဲနည်းပြီး လိုသလောက် ပိဿာလိုက်သာ အရောင်း အဝယ်ဖြစ်လာသည်။

**နီနီဝင်း**

## နှမ်း

# ပြည်ဈေးကွက်တွင် နှမ်းဈေးပြန်မြင့်လာ

ပဲခူးတိုင်းဒေသကြီး ပြည်ဈေးကွက်တွင် စမုံနက်နှမ်းဈေးပြန်ငြိမ်ပြီး နှမ်းနီနှင့် နှမ်းနက်ဈေးမှာ ဝယ်လက်ပြန်ရှိလာ၍ ဈေးအနည်းငယ် ပြန်မြင့်လာသည်။ ယခုအချိန်တွင် မိုးနှမ်းများ စိုက်ပျိုးချိန်ဖြစ်၍ မျိုးနှမ်းများ အဝယ်လိုက်လာသည့်အတွက် ဈေးပေးဝယ်ယူနေကြသည်။

ဈေးကွက်တွင် နှမ်းလက်ကျန်အနည်းငယ်သာရှိသော်လည်း မျိုးအတွက် နှမ်းများကို ယခင်လှောင်ထားသည့် နှမ်းများထဲမှ ထုတ်၍ ရောင်းချသည့်အတွက် တစ်ရက်လျှင် နှမ်းအိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခုတစ်ပတ် နှမ်းဈေးမှာ နှမ်းနီတစ်တင်းလျှင် ကျပ်၅၈၃၀၀နှင့် နှမ်းနက်တစ်တင်းလျှင် ကျပ် ၆၆၀၀၀ဖြင့် ဈေးအနည်းငယ် မြင့်လာသော်လည်း စမုံနက်နှမ်းဈေးကတော့ တစ်တင်းလျှင် ကျပ် ၈၈၀၀၀ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေသည်။

**ဝေဝေမင်း(ပြည်)**

## နနွင်း

# ယခင်တစ်ပတ်ထက် နနွင်းတင်ပို့မှုလျော့

မေ ၁၉ ရက်မှ ၂၅ ရက် သီတင်းပတ်အတွင်း နနွင်း ၅၃၃ ဒသမ ၉၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၃၉၅ ဒသမ ၉၈ တန်၊ ဂျပန်နိုင်ငံသို့ ၁၀ တန်၊ မလေးရှားသို့ ၁၅ တန်၊ ပါကစ္စတန်နိုင်ငံသို့ ၇ တန်၊ ယူကရိန်းနိုင်ငံသို့ ၁၆ တန်၊ ယီမင်နိုင်ငံသို့ ၃၃ ဒသမ ၉၅ တန်နဲ့ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံသို့ ၅၆ တန် တင်ပို့ခဲ့ကြောင်း သိရသည်။

ယခင်တစ်ပတ်က နနွင်းတန်ချိန် ၅၈၉ ဒသမ ၄၇၅ တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၅၅ ဒသမ ၅၄၅ တင်ပို့မှုလျော့ နည်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ်နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၆၉၃၇၅ ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

**သီတာဝင်း(DOT)**

## ချင်း

# လက်ကျန်ချင်း ဈေးကောင်းရနေ

ပြည်ဈေးကွက်သို့ အောင်ပန်းမှ ဝင်ရောက်လာသော ချင်းတက်များ အဝင်နည်းလာပြီး ချင်းထွက်ရှိရာ ဒေသများမှာ လက်ကျန်နည်းနေပြီး ပြည်ပမှလည်း အစွဲရှိနေတာကြောင့် ချင်းတက်ဈေးမြင့်တက်လာသည်။

ချင်းဥမများမပေါ်မီ ချင်းဈေးပိုမိုကောင်းနေပြီး ယခုနှစ်မှာ ချင်းတက်ဈေးမြင့်တက်နေတာသိရသည်။ ယခုတစ်ပတ် ချင်းတက်(ပွဲရုံဈေး) တစ်ပိဿာ ၂၃၀၀၊ ၂၄၀၀နှင့် (လက်လီဈေး) ကျပ် ၃၀၀၀ နှင့် ၃၂၀၀ ဈေးတို့ဖြင့် ရောင်းဝယ်လျက်ရှိနေသည်။ ဓားလှီးချင်းတစ်ပိဿာ (ပွဲရုံဈေး) ကျပ် ၃၀၀၀နှင့် လက်လီ ကျပ် ၃၅၀၀-၄၀၀၀ ဈေးတို့ဖြစ်ကြောင်း သိရသည်။

**နီနီဝင်း**

# ယခုတစ်ပတ် ချင်းတန်ချိန် ၂၀၀ကျော်တင်ပို့

မေ ၁၉ ရက်မှ ၂၅ ရက်သီတင်းပတ်အတွင်း ချင်း ၂၁၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ်မှာလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့သာ တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က ချင်းတန်ချိန်၁၈၀ ကျော်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၂၀ ကျော် ပိုမိုတင်ပို့ခဲ့သည်။ ယခုတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၃၀၀၀ ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

**သီတာဝင်း(DOT)**

## မန်ကျည်း

# မန်ကျည်းတန်ချိန် ၇၀၀ကျော် တင်ပို့

မေ ၁၉ ရက်မှ ၂၅ ရက်သီတင်းပတ်အတွင်း မန်ကျည်း ၇၉၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၁၅၀၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၁၅၀၊ ပါကစ္စတန်နိုင်ငံသို့ ၂၂၉ တန်၊ စင်ကာပူနိုင်ငံသို့ ၂၄၂ တန်နဲ့ ယီမင်နိုင်ငံသို့ ၂၅ တန်တင်ပို့ခဲ့ကြောင်းသိရသည်။

ယခင်တစ်ပတ်က မန်ကျည်းတန်ချိန် ၃၂၀ ကျော် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၄၇၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့သည်။ ယခုတစ်ပတ် မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ၁၅၈၃၀၀ ဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း(DOT)**

# နယ်စုံဝင်ရောက်မှုရှိနေသည့် ပြည်မန်ကျည်းမှည့်

ပြည်ပွဲရုံများသို့ အောင်လံ၊ တောင်တွင်း၊ ကြံခင်း၊ မြန်အောင်၊ ပန်းတောင်း၊ ပြည်ဒေသတွင်းတို့မှ မန်ကျည်းမှည့်များ နယ်စုံမှ ဝင်ရောက်နေပြီး အစေ့လွတ်တွေဖြစ်ကြောင်း သိရသည်။

ရန်ကုန်နှင့် ရခိုင်ဝယ်လက်များ အဝယ်ရှိနေတာကြောင့် အရောင်းအဝယ်ဖြစ်ကာ ယခုတစ်ပတ်ဈေးမြင့်တက်လာတာတွေ့ရသည်။ ဒေသတွင်း ရာသီဥတုပူတာကြောင့် ဖျော်ရည်သမားများနှင့် ယိုစုံလုပ်ငန်းတို့မှလည်း အစွဲရှိနေတာသိရသည်။

ယခုတစ်ပတ် မန်ကျည်းမှည့်(ပွဲရုံဈေး)တစ်ပိဿာ ကျပ် ၂၃၀၀၊ (လက်လီဈေး) ၂၅၀၀ကျပ်နှင့် (ဓားလှီး)မန်ကျည်းမှည့် ကျပ် ၂၈၀၀ဈေးတို့ဖြင့် ရောင်းဝယ်နေသည်။

**နီနီဝင်း**



# jrefrmxGufukefrsm; jynfyaps;uGuf
# ydkYukef&; u@pkdS...rf&rnf

စိန်သံ

မြန်မာ့စီးပွားရေး ပြန်လည်နာလန်ထူလာနိုင်ရေးအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရမည်ဖြစ်သလို မြန်မာ့ထွက်ကုန်များကိုလည်း ပြည်ပနိုင်ငံများသို့ ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းကြရမည်လည်းဖြစ်သည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများကို အဓိကထား တင်သွင်းလျက်ရှိနေသည်။ အခြားတစ်ဖက်တွင် မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်ပနိုင်ငံများသို့ မြန်မာ့ထွက်ကုန်များ စဉ်ဆက်မပြတ် တင်ပို့လျက်ရှိသည်။ ထိုကဲ့သို့ ပြည်ပနိုင်ငံများသို့ မြန်မာ့ထွက်ကုန်များ တင်ပို့နေရာတွင် လယ်ယာထွက်ကုန်ပစ္စည်းများ၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ စက်မှုကုန်ချောပစ္စည်းများနှင့် အခြားပစ္စည်းများ ပါဝင်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပပို့ကုန်ပမာဏနှင့် သွင်းကုန်ပမာဏတို့ကို နှိုင်းယှဉ်ကြည့်ပါက သွင်းကုန်ပမာဏက ပိုမိုများပြားနေသည်။ မြန်မာနိုင်ငံတွင် ကုန်ကြမ်းထွက်ရှိသော်လည်း ကုန်ချောအထိ ပြုလုပ်နိုင်မှု အားနည်းနေသေးခြင်းတို့ကြောင့် တချို့ကုန်ပစ္စည်းများတွင် ပြည်ပသွင်းကုန်များကိုသာ အားကိုးအားထားပြုနေရသည်။

မြန်မာနိုင်ငံ၏ သွင်းကုန်အနေအထားကို လေ့လာကြည့်မည်ဆိုလျှင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (မတ်လထိ) ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ တင်သွင်းမှုတွင် အမေရိကန်ဒေါ်လာ ၂၉၅၃ ဒသမ ၂၆၄ သန်း၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ တင်သွင်းမှုတွင် အမေရိကန်ဒေါ်လာ ၃၆၈၆ ဒသမ ၈၅၇ သန်း၊ လူသုံးကုန်ပစ္စည်းများ တင်သွင်းမှုတွင် အမေရိကန်ဒေါ်လာ ၂၃၂၅ ဒသမ ၆၃၆ သန်း ဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (မတ်လထိ) စုစုပေါင်းတင်သွင်းမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၈၉၆၅ ဒသမ ၇၅၇ သန်းဖြစ်သည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ တင်ပို့နေသည့် ပို့ကုန်အနေအထားကို လေ့လာကြည့်မည်ဆိုလျှင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်(မတ်လထိ) လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့ရာတွင် အမေရိကန်ဒေါ်လာ ၁၇၀၈ ဒသမ ၈၂၉ သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းများ တင်ပို့ရာတွင် အမေရိကန်ဒေါ်လာ ၂၇၅ ဒသမ ၃၉၁ သန်း၊ ရေထွက်ပစ္စည်းများ တင်ပို့ရာတွင် အမေရိကန်ဒေါ်လာ ၄၃၂ ဒသမ ၇၇၃ သန်း၊ သတ္တုတွင်းထွက်ပစ္စည်းများ တင်ပို့ရာတွင် အမေရိကန်ဒေါ်လာ ၅၄၈ ဒသမ ၈၆၉ သန်း၊ သစ်တောထွက်ပစ္စည်းများ တင်ပို့ရာတွင် အမေရိကန်ဒေါ်လာ ၉၀ ဒသမ ၇၇၉ သန်း၊ စက်မှုကုန်ချောပစ္စည်းများ တင်ပို့ရာတွင် အမေရိကန်ဒေါ်လာ ၄၆၄၀ ဒသမ ၁၃၀ သန်းနှင့် အခြားပစ္စည်းများ တင်ပို့ရာတွင် အမေရိကန်ဒေါ်လာ ၆၀၉ ဒသမ ၄၅၂ သန်း ဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (မတ်လထိ) စုစုပေါင်း ပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၈၃၀၆ ဒသမ ၂၂၃ သန်း ဖြစ်ကြောင်း တွေ့ရှိရသည်။

မြန်မာ့ထွက်ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ တင်ပို့နေရာတွင် နယ်စပ်ကုန်သွယ်ရေးဇုန်များမှ တင်ပို့နေသည်သာမကဘဲ ပင်လယ်ရေကြောင်းမှလည်း ဥရောပနိုင်ငံများအထိပင် တင်ပို့လျက်ရှိနေသည်။ သို့သော် ပြည်တွင်းထွက်ကုန်ပစ္စည်းများ ပြည်ပနိုင်ငံများသို့တင်ပို့ရာတွင် ဈေးကွက်ခိုင်မာရန်မှာ လွန်စွာပင် အရေးကြီးလှပေသည်။

လက်ရှိအချိန်တွင် ဥရောပနိုင်ငံများရှိငါးဈေးကွက်တွင် ရေချိုငါးစားသုံးမှုများနေကြောင်း သိရသည်။ ပြည်တွင်း၌ ရေချိုငါးများ မွေးမြူတင်ပို့နိုင်ပါက ဈေးကွက်အားကောင်းလာနိုင်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က မေ ၂၁ ရက်တွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပခဲ့သည့် သားငါးကဏ္ဍဆိုင်ရာ လုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင် ပြောဆိုသည်။

လတ်တလောကာလတွင် မြန်မာနိုင်ငံအနေဖြင့် ဥရောပဈေးကွက်သို့ သဘာဝမှ ရရှိသည့် ငါးများကို တင်ပို့ခွင့်ရရှိထားကြောင်း၊ အဆိုပါ ငါးတင်ပို့ခွင့်မှာ ယခု မေ ၁ ရက်မှစပြီး ရရှိထားကြောင်း၊ လက်ရှိ ဥရောပနိုင်ငံများက ရေချိုငါး စားသုံးမှု များပြားနေသည့်အတွက် ပြည်တွင်း၌ ရေချိုငါးများမွေးမြူပြီး ပိုမိုတင်ပို့နိုင်မည်ဆိုပါက ဈေးကွက် အားကောင်းလာနိုင်ကြောင်းကိုလည်း ဒေါက်တာတိုးနန္ဒာတင်က ပြောထားသည်။ ထိုအခြေအနေမျိုး၊ ထိုအခွင့်အလမ်းကောင်းမျိုးကို လက်လွတ်မခံဘဲ ရေချိုငါးများတင်ပို့ပြီး ခိုင်မာသည့်ဈေးကွက်ရရှိရေးနှင့် တိုင်းပြည်ဝင်ငွေတိုးတက်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

လက်ရှိမြန်မာနိုင်ငံတွင် ပြည်ပနိုင်ငံများသို့ ငါးတင်ပို့နေသည့် စက်ရုံပေါင်း ၁၂၃ ရုံရှိပြီး ၂၃ ရုံမှာ ဥရောပဈေးကွက်သို့ သဘာဝမှ ရရှိသည့် ငါးများကိုသာ တင်ပို့လျက်ရှိကြောင်း သိရသည်။ အဆိုပါ စက်ရုံများထဲမှ စက်ရုံ ၁၅ ရုံသည် သဘာဝမှရရှိသည့် ငါးများကိုသာ တင်ပို့နိုင်ရန်သာမကဘဲ မွေးမြူရေးငါးများကိုပါ တင်ပို့နိုင်ရန် စစ်ဆေးမှုများပြုလုပ်ထားကြောင်း သိရသည်။

သဘာဝမှရရှိသော ငါးများကို ဥရောပနိုင်ငံ ၁၀ နိုင်ငံသို့ တင်ပို့ရာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က တန်ချိန် ၁၀၀၀၀ ကျော်တင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော် ရရှိခဲ့ကြောင်း၊ ဥရောပ ဈေးကွက်သို့ တင်ပို့ခွင့်ရရှိထားသည့် မွေးမြူရေးငါး ၁၀ မျိုးမှာ ငါးမြစ်ချင်း၊ ငါးကြင်းဖြူ၊ ငါးခေါင်းပွ၊ ရွှေဝါငါးကြင်း၊ ငါးတန်၊ ငါးခုံးမကြီး၊ တီလားပီးယား၊ ပုစွန်ကြား၊ ပုစွန်ဖြူနှင့် ဂဏန်းပျော့တို့ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံအတွင်းရှိ ငါး၊ ပုစွန်မွေးမြူသူများအနေဖြင့် တင်ပို့သည့် ငါးများမှာ ဥရောပစံနှုန်းများနှင့် ကိုက်ညီ မှုရှိစေရေး၊ ဥရောပနိုင်ငံများလိုလားသည့် မွေးမြူရေးထွက်ကုန်ဖြစ်စေရေးအပြင် ရေထွက်ကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက်ကိုလည်း ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်စနစ်ကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်သည်။ ယင်းအခြေအနေများ ဖြစ်လာစေရန်အတွက်လည်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်းညှိနှိုင်းပြီး ဆောင်ရွက်လျက်ရှိကာ နည်းပညာပိုင်း ပံ့ပိုးကူညီမှုများလည်း ရှိနေသည်။ ယင်းအပြင် တခြား မြန်မာ့ထွက်ကုန်ပစ္စည်းများကို ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အရည်အသွေးပြည့်ဝသည့် ထုတ်ကုန်များ ဖြစ်လာစေရန်အတွက် အစိုးရပိုင်းကလည်း ပံ့ပိုးကူညီပေးလျက်ရှိနေသည်။

ထိုကဲ့သို့ အခြေအနေမျိုးတွင် မြန်မာ့ စိုက်ပျိုးမွေးမြူရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်လာနိုင်ရန်နှင့် ဈေးကွက်သေချာခိုင်မာမှု ရှိလာရန်အတွက် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးဇုန်မှ ထွက်ရှိလာသည့် ကုန်ပစ္စည်းများကို ယူနန်နှင့်ရှန်ဟိုင်းသို့ တင်ပို့နိုင်ရေး ဆွေးနွေးနေကြောင်း မေ ၂၂ ရက်တွင် ရန်ကုန်မြို့ရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ကျင်းပသည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဒုတိယသမ္မတ (၁) ဦးမြင့်ဆွေနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲ (၂၇) ကြိမ်မြောက်တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာနိုင်ရေးနှင့် ဈေးကွက်သေချာ ခိုင်မာမှုရှိရေးအတွက် ကြိုးစားနေကြောင်း၊ နိုင်ငံ၏ ကုန်စည်များမှာ နယ်စပ်ဒေသအထိရောက်ပြီးမှ ရောင်းမရဟုဆိုပြီး ပြန်သယ်လာရန် ခက်ခဲကြောင်း၊ တစ်ဖက်တွင် သိုလှောင်ထားနိုင်ရန်အတွက်လည်း တော်တော်ခက်ခဲကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးဇုန်များမှ ထွက်လာသည့် ကုန်ပစ္စည်းများကို နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်ရေးနှင့် တရုတ်နိုင်ငံဘက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ဈေးကွက်တစ်ခုထူထောင်နိုင်ရန်နှင့် မြန်မာနိုင်ငံ ရန်ကုန်မြို့မှာပင် ကုန်ပစ္စည်းများကို ပါကင်ပိတ်ပြီး တင်ပို့ရောင်းချနိုင်ရေး ယူနန်၊ ရှန်ဟိုင်းတို့နှင့် ဆွေးနွေးနေကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ကုန်ပစ္စည်းများ အထူးသဖြင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ တင်ပို့နေရာတွင် အခက်အခဲပေါင်းများစွာ ကြုံတွေ့နေရသည်။ ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် နယ်စပ်ဂိတ်များမှတစ်ဆင့် ကုန်ပစ္စည်းများ အရောင်းအဝယ် ပြုလုပ်ရာတွင် တစ်ဖက်နိုင်ငံမှ ဈေးကွက်ပိတ်ထားချိန် သို့တည်းမဟုတ် ဝယ်သူမရှိသည့်အချိန်မျိုးတွင် ကုန်ပစ္စည်းများ သိုလှောင်ထားရန် နေရာမရှိသည့်အတွက် ရောင်းချမှု ရပ်ဆိုင်းထားရခြင်း၊ အချိန်ကာလ ကြာရှည်စွာ စောင့်ပြီး ရောင်းချရန်မသင့် ကုန်ပစ္စည်းများကို ရသည့်ဈေးနှုန်းဖြင့် ရောင်းချရခြင်းတို့

စာမျက်နှာ ၃၁ သို့

**တစ်ဖက်နိုင်ငံမှ ဈေးကွက်ပိတ်ထားချိန် သို့တည်းမဟုတ် ဝယ်သူ မရှိသည့်အချိန်မျိုးတွင် ကုန်ပစ္စည်းများ သိုလှောင်ထားရန် နေရာမရှိသည့်အတွက် ရောင်းချမှု ရပ်ဆိုင်းထားရခြင်း၊ အချိန်ကာလကြာရှည်စွာ စောင့်ပြီး ရောင်းချရန်မသင့် ကုန်ပစ္စည်းများကို ရသည့်ဈေးနှုန်းဖြင့် ရောင်းချရခြင်းတို့ရှိနေ.....**

## ယခုတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ်တန်ချိန် ၁၀၀၀၀၀ကျော်ဝင်

မေ ၁၉ ရက်မှ ၂၅ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ၃၁၈၀၁၄၆၀ တန်ဖိုးရှိ ဒီဇယ် ၅၄၂၇၇ ဒသမ ၀၈ တန်နှင့် အမေရိကန်ဒေါ်လာ ၃၁၉၂၂၁၁၇ တန်ဖိုးရှိ ဓာတ်ဆီ ၅၇၅၀၇ ဒသမ ၅၀ တန်၊ စုစုပေါင်း ၁၁၁၇၈၄ ဒသမ ၅၈ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ယခင်သီတင်းပတ်က ဒီဇယ်တန်ချိန် ၄၉၆၁၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ဒီဇယ်တန်ချိန် ၄၆၆၀ ကျော် ပိုမိုတင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က ဓာတ်ဆီတန်ချိန် ၄၇၇၉၀ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းခဲ့သော ဓာတ်ဆီတန်ချိန်နှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၉၇၁၀ ကျော် ပိုမိုတင်သွင်းခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ်မှာ ဒီဇယ်ရောဓာတ်ဆီပါ အဝင်ပိုခဲ့ကြောင်းသိရသည်။

**သီတာဝင်း(DOT)**

## မန္တလေးနှင့် ကျောက်ပန်းတောင်းထွက် စိန်တလုံးသရက်များ အရောင်းအဝယ်သွက်နေ

မန္တလေးမြို့နယ်နှင့်ကျောက်ပန်းတောင်းမြို့နယ် ဒေသထွက်စိန်တလုံးသရက်များ ရေနံချောင်းမြို့သစ်သီးဝလံဈေးကွက်သို့ဝင်နေရာအဝယ်သွက်နေကြောင်းသစ်သီး ဈေးကွက်မှသိရသည်။

ရေနံချောင်းမြို့သစ်သီးဈေးကွက်၌စိန်တလုံး၁၀လုံးလျှင် ကျပ် ၄၀၀၀ ပေါက်ဈေးရှိပြီး ဒေသထွက်ပျားရည်စမ်း၁၀လုံးလျှင် ကျပ် ၂၀၀၀၊ ဘုရားကုန်းဒေသ မျိုးအလုံး၁၀လုံးလျှင် ကျပ်၁၅၀၀ဈေးရှိကြောင်း၊ အရောင်းအဝယ်သွက်နေကြောင်း သစ်သီးဈေးကွက်မှ သိရသည်။

**ရွှေမန်းကျည်း**

## ပုသိမ်ကြီးမြို့နယ် ရေလောင်ကျေးရွာတွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ မေ ၂၁ရက်တွင် ပုသိမ်ကြီးမြို့နယ် ရေလောင်ကျေးရွာ၌ စားသုံးသူကာကွယ်ရေးအသိပညာပေးဟောပြောဆွေးနွေးခဲ့သည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ယဉ်ယဉ်ရွှေက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဦးစီးမှူး ဦးတင်ချစ်ကောင်းက စားသုံးသူကာကွယ်ရေးဥပဒေပါ စားသုံးသူကာကွယ်ရေး၏လုပ်ငန်းစဉ်များအကြောင်း၊ စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသောကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်ရေး၊ ဌာန၏မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူ၏အခွင့်အရေးနှင့်တာဝန်များ၊ လုံခြုံစိတ်ချရမှုရှိပြီး အန္တရာယ်ကင်းသည့် အစားအသောက်များ ရွေးချယ်စားသုံးတတ်စေရန်နှင့် စီးပွားရေးလုပ်ငန်းရှင်၏ တားမြစ်ချက်များ၊ လိုက်နာမှုမရှိပါက ချမှတ်နိုင်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်၊ ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုရှိပါက တိုင်ကြားနိုင်သည့်နည်းလမ်းများ ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါ်ထားထားလွင်က ဟင်းသီးဟင်းရွက်များ ချက်ပြုတ်စားသောက်ရာတွင် အန္တရာယ်ကင်းစေရန်အတွက် ဆောင်ရန်၊ ရှောင်ရန်များကို ဟောပြောဆွေးနွေးခဲ့ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးမြင့်နိုင်က အစားအသောက်များတွင် ဆိုးဆေးများ သုံးစွဲလာခြင်းကြောင့် အန္တရာယ်ရှိမှုများအကြောင်း ဟောပြောဆွေးနွေးခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကာ တက်ရောက်လာသူများ၏ မေးမြန်းမှုများအား ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သီတာဝင်း-စားသုံးသူ(မန္တလေး)**

## ပြည်တွင်းငွေလဲနှုန်း အတက်အကျနည်းခဲ့သော ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် ယခုရက်သတ္တပတ်အတွင်း အမေရိကန် တစ်ဒေါ်လာလျှင် ကျပ် ၁၅၃၀အောက်ဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ပြည်တွင်းငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို ယခင်ရက်သတ္တပတ်က အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၃၇ကျပ်သတ်မှတ်ခဲ့ရာမှ ယခုရက်သတ္တပတ်တွင် ၁၅၃၂ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်းသိရသည်။

ပြည်တွင်းဈေးကွက်၌ ယခုရက်သတ္တပတ်တွင် အမေရိကန်ဒေါ်လာကို ရောင်းလိုအားရှိခဲ့ပေမယ့် ဝယ်လိုအားနည်းနေခဲ့ကြောင်း၊ရွှေဈေးနှုန်းမြင့်တက်လာခြင်းကြောင့်ဒေါ်လာကိုဝယ်လိုအားနည်းလာခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာဈေးကွက်တွင်လည်း အမေရိကန်-တရုတ်ကုန်သွယ်ရေးတင်းမာမှုအရှိန်မြင့်လာခြင်းနှင့်အတူရေနံဈေးကျဆင်းခဲ့ပြီး ရွှေဈေးမြင့်တက်လာခြင်းနှင့်အတူ အမေရိကန်ငွေကြေးဒေါ်လာအပေါ် သက်ရောက်မှုရှိခဲ့ကြောင်း၊မက္ကဆီကိုသွင်းကုန် အားလုံးကို အခွန်ကောက်ခံရန် အမေရိကန်အစိုးရက ဆုံးဖြတ်လိုက်ခြင်းကြောင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှေးကွေးမှု ဖြစ်ပေါ်လာမည်ကိုစိုးရိမ်နေကြကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် မေ ၂၇ရက်က အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၂၆ကျပ်၊ဝယ်ဈေး ၁၅၂၂ ကျပ်မှ မေ ၂၉ရက်တွင်အမေရိကန်တစ်ဒေါ်လာရောင်းဈေး၁၅၃၀ကျပ်၊ဝယ်ဈေး ၁၅၂၇ကျပ်သို့ မြင့်တက်ခဲ့ပြီး မေ ၃၁ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၃၁ကျပ်၊ ဝယ်ဈေး ၁၅၂၈ကျပ်ဖြင့် အရောင်းအဝယ်ရှိခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## ပြည်တွင်းရွှေ ကျပ်ဆယ်သိန်းငါးသောင်းကျော်ရှိ

ယခုလဆန်းပိုင်းမှစ၍ဈေးအတက်အကျဖြစ်ပေါ်ခဲ့သော ပြည်တွင်းရွှေသည် မေလနောက်ဆုံးပတ်တွင် ကျပ်ဆယ်သိန်းငါးသောင်းကျော်အထိဈေးမြင့်ခဲ့ပြီး ယခင်တစ်ပတ်က ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၄၇၀၀၀ ရှိခဲ့ရာမှ ယခုရက်သတ္တပတ်အတွင်း ကျပ် ၁၀၅၁၀၀၀သို့ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

"အရင်က မှန်းထားသလိုပဲ ရွှေအကျက တစ်ပတ်ပဲ ခံတယ်။ ခုတစ်ပတ်ထဲ ကျပ်ဆယ်သိန်းငါးသောင်းပြန်ရောက်ပြီ။ ဒီပုံစံအတိုင်းဆို ကျပ် ၁၀သိန်းအောက်ကို ပြန်ဆင်းမယ့်ပုံစံမရှိဘူး။ ဒီနှစ်ထဲမှာကို ၂၀၁၈ကလို စံချိန်တင်ရွှေဈေးမျိုးပြန်တွေ့ရနိုင်တယ်။ ငွေကြေးဖောင်းပွမှုအနေအထား၊ ကျပ်ငွေတန်ဖိုးလိုကိစ္စတွေကြောင့် ဒီနှစ်ထဲ ရွှေစုတဲ့သူများလာဦးမယ်။ နိုင်ငံတကာမှာလည်း ကုန်သွယ်ရေးအငြင်းပွားမှုတွေနဲ့အတူပဲ အမေရိကန်ရဲ့ရေနံထွက်နှုန်းမြင့်တက်လာတဲ့အတွက် ရေနံဈေးကျပြီး ရွှေဈေး ပြန်မာလာတယ်"ဟုပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးကဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် မေ ၂၇ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၀၄၇၀၀၀ရှိခဲ့ရာမှ မေ ၂၉ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၄၉၀၀၀သို့မြင့်တက်ခဲ့ပြီး မေ ၃၁ရက်တွင် ကျပ် ၁၀၅၁၀၀၀ သို့ ထပ်မံ မြင့်တက်ခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့ မေ ၂၇ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ် လာ ၁၂၈၆ ရှိခဲ့ရာမှ မေ၂၉ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၈၃ သို့ပြန်ကျခဲ့သော်လည်း မေ ၃၁ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၉၆ သို့ မြင့်တက်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## မုံရွာ၌ စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဟောပြောပွဲပြုလုပ်မည်

ရန်ကုန် စတော့အိတ်ချိန်း၏ အများပြည်သူ အသိပညာပြန့်ပွားရေး အစီအစဉ်အရ Monywa Stock Investment Seminarကို ဇွန် ၉ ရက်တွင် မုံရွာမြို့ အောင်မင်္ဂလာ ရပ်ကွက်ရှိ ပေါ်ဦးခန်းမ၌ ပြုလုပ်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် ဆရာခင်မောင်ညို (ဘောဂဗေဒ)က "ရင်းနှီးမြှုပ်နှံသူကောင်းတစ်ဦးဆိုသည်မှာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်စတော့အိတ်ချိန်း၏ Executive Senior Manager ဦးသက်ထွန်းဦးက "ရန်ကုန်စတော့အိပ်ချိန်းနှင့်စတော့ဈေးကွက်အလားအလာများ"ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ရေရှည်တွင် အကျိုးအမြတ်ဖြစ်ထွန်းစေမည့် စတော့အိပ်ချိန်းစာရင်းဝင် ကုမ္ပဏီများ၏ရှယ်ယာများကို ဝယ်ယူရင်းနှီးမြှုပ်နှံထားခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ သတိပြုသင့်သော အချက်များကိုလည်းထည့်သွင်းဆွေးနွေး ဟောပြောမည်ဖြစ်ကြောင်း သိရသည်။ထို့ပြင်စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုစာရင်းဖွင့်လှစ်လိုသူများ အနေဖြင့် မှတ်ပုံတင်နှင့် ဘဏ်စာအုပ် ယူဆောင်လာပြီး စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံမှုစာရင်း ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန် စတော့အိတ်ချိန်းကို မြန်မာ့စီးပွားရေးဘဏ်၊ ဂျပန်နိုင်ငံမှ Diawa Institute of Researchနှင့် Japan Exchange Group တို့မှ ပူးပေါင်းတည်ထောင်ခဲ့ပြီး ယခုနှစ်မတ်လအတွင်း အစုရှယ်ယာရောင်းဝယ်မှု သုံးနှစ်ပြည့်မြောက်ခဲ့သည်။

**သန်းထိုက်အောင်**

## Energy NYMEX 31-5-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 56.11 | -0.48 | -0.85 |
| Brent Crude Futr (USD/bbl) | 66.02 | -0.85 | -1.27 |
| Gasoline Rbob Fut (Cent/gal) | 187.05 | -0.81 | -0.43 |
| Natural Gas Futr (USD/MMBtu) | 2.56 | 0.01 | 0.55 |
| Heating Oil Futr (Cent/gal) | 190.00 | -1.56 | -0.78 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 27-May | 14.60 | 2708.94 | 1744.25 | 5905.84 | 802.00 |
| 28-May | 14.53 | 2738.47 | 2369.74 | 5951.46 | 809.00 |
| 29-May | 14.36 | 2696.81 | 1765.40 | 5980.85 | 792.00 |
| 30-May | 14.35 | 2701.00 | 1762.32 | 5844.79 | 790.00 |
| 31-May | 14.49 | 2688.66 | 1755.93 | 5833.99 | 790.00 |

## Currency Exchange Rate

May 31, 2019
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.44 |
| BDT Bangladesh Taka | 84.52 |
| CAD Canada Dollars | 1.35 |
| CNY China Yuan Renminbi | 6.90 |
| EUR Euro | 0.89 |
| H KDHong Kong Dollars | 7.84 |
| I NR India Rupees | 69.79 |
| I DR Indonesia Rupiahs | 14272.91 |
| JPY Japan Yen | 109.94 |
| MYR Malaysia | 4.19 |
| PKR Pakistan Rupees | 148.74 |
| PHP Philippines Pesos | 52.24 |
| RUB Russia Rubles | 65.30 |
| SGD Singapore Dollars | 1.37 |
| KRWSouth Korea Won | 1191.03 |
| LKR Sri Lanka Rupe | 176.39 |
| THB Thailand Baht | 31.76 |
| GBP United Kingdom Pounds | 0.79 |
| VND VietnamDon | 23417.55 |

*Source:xe.com*

## World Gold Price

May- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 27 | 1290 | 1290 | 1289 |
| 28 | 1287 | 1286 | 1286 |
| 29 | 1287 | 1285 | 1286 |
| 30 | 1280 | 1279 | 1279 |
| 31 | 1296 | 1295 | 1294 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 27-5- 2019 | 1045.00 | 1044.40 |
| 28-5- 2019 | 1048.50 | 1047.00 |
| 29-5- 2019 | 1048.00 | 1048.00 |
| 30-5- 2019 | 1047.50 | 1047.50 |
| 31-5- 2019 | 1050.50 | 1050.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မေလ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 27 | 6.89 | 31.79 | 84.52 | 69.45 |
| 28 | 6.90 | 31.78 | 84.09 | 69.66 |
| 29 | 6.91 | 31.83 | 84.63 | 69.88 |
| 30 | 6.90 | 31.80 | 84.61 | 69.77 |
| 31 | 6.90 | 31.76 | 84.52 | 69.79 |

## ဘိလပ်မြေ

# ရေလမ်းက ပုံမှန်အဝင်ရှိပြီး နယ်စပ်မှအဝင်ပို

မေ ၁၉ ရက်မှ ၂၅ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၂၅၀၀ တန်ဖိုးရှိ ဘိလပ်မြေ ၁၂၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ်မှာလည်း ထိုင်းနိုင်ငံမှသာ တင်သွင်းခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ်ကလည်း ဘိလပ်မြေတန်ချိန် ၁၂၅ တန် တင်သွင်းခဲ့ပြီး ယခုတစ်ပတ်မှာလည်း ဘိလပ်မြေ ၁၂၅ တန်သာတင်သွင်းခဲ့သည်။

မေ ၁၈ ရက်မှ ၂၄ ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၀၈၉၀ တန်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန် ၇၅၉၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာတန်ချိန် ၃၃၀၀ ကျော် အဝင်ပိုခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ်မှာ နယ်စပ်လမ်းမှ တင်သွင်းမှုပိုခဲ့ကြောင်းသိရသည်။




# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** ယခုတစ်ပတ်မှာ အရောင်းပုံမှန်ရှိပြီး ဈေးငြိမ်ကြောင်းသိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ကြံ့နစ်ကောင် (အပြာ)ကျပ် ၆၂၀၀၊ ဆင်မြန်မာကျပ် ၆၃၀၀၊ ကြံ့နစ်ကောင်(နီ)(စိမ်း) ကျပ် ၆၃၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**မန္တလေးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်သွက်နေကြောင်း သိရသည်။ ယခုတစ်ပတ် ခရောင်းဘိလပ်မြေက ကျပ် ၂၀၀ ဈေးမြင့်ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနှင့် အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံး ကျပ် ၅၃၀၀၊ ကြံ့နစ်ကောင် ကျပ် ၅၃၀၀၊ အယ်လ်ဖာ ကျပ် ၅၃၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၆၀၀၊ အပါချီ ကျပ် ၅၁၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရသည်။ ယခုတစ်ပတ် ကြံ့ဘိလပ်မြေက ကျပ် ၅၀၀ ကျော်ဈေးမြင့်ပြီး ကျန်ဘိလပ်မြေများက ဈေးအဖွင့်မရှိခဲ့ကြောင်းနှင့် ပစ္စည်းပြတ်နေကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ဆင်မြန်မာ ကျပ် ၅၀၅၀၊ ကြံ့ကျပ် ၅၇၀၀၊ ဆင် (ထိုင်း)ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီ ကျပ်၄၉၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၃၀၀ နှင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**တောင်ကြီးဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိကြောင်းသိရသည်။ ယခုတစ်ပတ် စိန်(ထိုင်း)က ကျပ် ၄၀၀ ဈေးမြင့်ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနှင့် အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း) ကျပ် ၈၄၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၅၄၀၀၊ ကမ္ဘောဇ ကျပ် ၅၄၀၀၊ဆင်(ထိုင်း) ကျပ် ၇၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

# ယခုတစ်ပတ်မြေဩဇာတန်ချိန် ၁၈၀၀၀၀ကျော်ဝင်

မေ ၁၉ ရက်မှ ၂၅ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၁၅၈၉၁၈ တန်ဖိုးရှိ မြေဩဇာ ၁၈၆၈၈ ဒသမ ၈၀၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၂၃၁၀ တန်၊ တရုတ်နိုင်ငံမှ ၁၆၇၆ ဒသမ ၁၄ တန်၊ အီဂျစ်နိုင်ငံမှ ၄၅၁ ဒသမ ၄၈ တန်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၅၄၀၊ အီရန်နိုင်ငံမှ ၅၃၇ ဒသမ ၅၀ တန်၊ အီတလီနိုင်ငံမှ ၁၇၂ ဒသမ ၉၃ တန်၊ ကိုရီးယားနိုင်ငံမှ ၂၄၂ တန်၊ မလေးရှားနိုင်ငံမှ ၈၅၄၆ ဒသမ ၂၅၉ တန်၊ နော်ဝေနိုင်ငံမှ ၅၄၅ တန်၊ ရုရှား နိုင်ငံမှ ၅၂၂ ဒသမ ၃၅ တန်၊ ဆော်ဒီအာရေဗျနိုင်ငံမှ ၁၀၂၃ ဒသမ ၄၂ တန်၊ ထိုင်းနိုင်ငံမှ ၁၀၆၉ ဒသမ ၉၃ တန်၊ တာမင်နစ္စတန်နိုင်ငံမှ ၂၁၄ ဒသမ ၈၀ တန်နှင့် ဗီယက်နမ်နိုင်ငံမှ ၈၃၇ တန် တင်သွင်းခဲ့ကြောင်းသိရသည်။

တင်သွင်းခဲ့သည့်အမျိုးအစားများမှာ ကွန်ပေါင်း၊ ဖလော်ရာ၊ အမိုးနီးယမ်းဆာလဖိတ်၊ ကွန်ပေါင်း(၁၅း၁၅း ၁၅)၊ ယူရီးယား၊ အော်ဂဲနစ်တို့ဖြစ်သည်။ ယခင်တစ်ပတ်မှာမြေဩဇာတန်ချိန်၁၈၂၇၉ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၄၀၉ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။

# မြေဩဇာဈေးကွက် အရောင်းအေး

မေ ၁၁ ရက်မှ ၁၇ ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန် ၃၅၄၉၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၂၇၄၀၀ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၈၀၉၀ ကျော်အဝင်ပိုခဲ့ကြောင်း သိရသည်။ ပြည်တွင်းဈေးကွက်များဖြစ်သည့်မော်လမြိုင်၊ မန္တလေး ၊တောင်ကြီးနှင့်မန္တလေးတို့၌ အရောင်းပုံမှန်ရှိကြောင်းသိရသည်။

**မော်လမြိုင်ဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေကြောင်းသိရသည်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ပုလဲ-အကြီး (ထိုင်း) မြင်းပျံကျပ် ၂၉၀၀၀၊ ပုလဲ-မြန်မာ(အမ်ပီအီး)ကျပ် ၂၈၅၀၀၊ ပုလဲ-မြန်မာ(ရွှေတောင်-တရုတ်)ကျပ်၃၁၀၀၀၊ ကွန်ပေါင်း(အစိမ်း) (၁၅း၁၅း၁၅) ကျပ် ၅၀၀၀၀၊ မြန်မာ့ဩဘာ(ရွှေကောမတ်) ကျပ် ၄၀၅၀၀၀၊ ကွန်ပေါင်း (၁၆း၁၆း၈)(မြင်းပျံ-ထိုင်း) ကျပ် ၄၇၀၀၀၊ တီစူပါ၄၆%(သံကွင်း-တရုတ်) ကျပ် ၂၅၀၀၀၊ပိုတက် (မြန်မာဩဘာ)ကျပ် ၃၅၀၀၀၊တီစူပါ (၁၂း၁၃) (မြားကမ္ဘာ) ကျပ်၁၃၅၀၀၊ ပိုတက်(အာမို) ကျပ် ၃၁၅၀၀နဲ့ အရောင်းအဝယ်ဖြစ်နေကြောင်းသိရှိရသည်။

**တောင်ကြီးဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရသည်။ ယခုတစ်ပတ် တီစူပါ၂၀%က ကျပ် ၄၀၀ ဈေးပြန်ကျပြီးကျန်မြေဩဇာများက ဈေးငြိမ်နေကြောင်းသိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၃၂၀၀၀၊ ယူရီးယား(ရွှေတောင်-တရုတ်)ကျပ် ၂၈၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၃၀၀၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၅၆၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည်(တရုတ်) ကျပ် ၄၀၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၉၅၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၃၀၀၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၉၀၀၀၊ မြားကမ္ဘာကျပ် ၁၉၅၀၀၊ ရွက်ဖျန်း ကျပ် ၃၀၀၀၊ဆိုင်ကလုန်းကျပ် ၃၀၀၀၊ ဆိုက်ပါကျပ် ၆၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

**မန္တလေးဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိကြောင်းသိရသည်။ ယခုတစ်ပတ် ယူရီးယား(ရွှေတောင်)က ကျပ် ၅၀၀၊ ယူရီးယား(ပန်းဖူး)က ကျပ် ၂၀၀၊ ပန်းသီးစုံက ကျပ် ၁၀၀၊ အာမို၁၅ ပတ်လည်က ကျပ် ၁၀၀၀ ဈေးကျပြီး တီစူပါ (၄၆%)က ကျပ် ၃၀၀အာမို(၁၀း၁၀း၅)က ကျပ် ၂၀၀ နဲ့ ပိုတက်က ကျပ် ၁၀၀ဈေးမြင့်ပြီး ကျန်မြေဩဇာများက ဈေးငြိမ်ပြီးအရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်)ကျပ် ၂၈၀၀၀၊ယူရီးယား(ပန်းဖူး-တရုတ်)ကျပ် ၂၈၅၀၀၊ သံကွင်း (၄၆% -တရုတ်) ကျပ် ၂၈၄၀၀၊ မြားသီးစုံ ကျပ် ၁၈၂၀၀၊ ပန်းသီးစုံ ကျပ် ၁၈၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၂၀၀၀၀၊ အာမို ၁၅း၁၅ ကျပ် ၄၁၀၀၀၊ ပိုတက်ကျပ် ၂၈၄၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

## နို့ဆီ/နို့မှုန့်

# ယခုတစ်ပတ် နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပို

မေ ၁၉ ရက်မှ ၂၅ ရက်အတွင်း အမေရိကန်ဒေါ်လာ ၄၄၀၃၀၆ဒေါ်လာ တန်ဖိုးရှိ နို့ဆီ ၃၈၄ ဒသမ ၉၉၁ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။

ယခုတစ်ပတ် စင်ကာပူနိုင်ငံမှ ၂၆၂ ဒသမ ၆၅၆ တန်နှင့် မလေးရှားနိုင်ငံမှ ၁၂၂ ဒသမ ၃၃၅ တန် တင်သွင်းခဲ့ကြောင်းသိရသည်။ တင်သွင်းခဲ့သည့် တံဆိပ်များမှာ အိုကေ၊မာရီဂိုးနှင့်Hawk တို့ဖြစ်သည်။ ယခင်သီတင်းပတ်က နို့ဆီတန်ချိန် ၅၅၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းခဲ့သည့် နို့ဆီတန်ချိန်နှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၁၇၀ကျော် တင်သွင်းမှုလျော့နည်းခဲ့ကြောင်း သိရသည်။

အမေရိကန်ဒေါ်လာ ၈၄၁၅၄၅ ဒေါ်လာတန်ဖိုးရှိ နို့မှုန့်၂၉၄ ဒသမ ၂၀ တန်ကိုလည်း တင်သွင်းခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် မလေးရှားနှင့် နယူးဇီလန်နိုင်ငံမှ တင်သွင်းခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က နို့မှုန့် ၂၂၁ တန်ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၇၀ ကျော် ပိုမိုတင်သွင်းခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ်မှာ နို့ဆီတင်သွင်းမှုလျော့နည်းပြီး နို့မှုန့်အဝင်ပိုခဲ့ကြောင်း သိရသည်။

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၈/၅ မှ ၂၄/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၁/၅ မှ ၁၇/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၂.၈၅ | ၁၃၃.၁၀ | (-) | ၉၈.၂၅ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၁၆၀.၀၀ | ၁၁၀.၀၀ | (+) | ၅၀.၀၀ |
| ၅။ | တာချီလိတ် | ၅၇၅၀.၀၀ | ၅၈၀၀.၀၀ | (-) | ၅၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၅၀.၀၀ | (-) | ၅၀.၀၀ |
| ၈။ | မြိတ် | ၄၉၅၀.၀၀ | ၁၅၀၀.၀၀ | (+) | ၃၄၅၀.၀၀ |
| | စုစုပေါင်း | ၁၀၈၉၂.၈၅ | ၇၅၉၃.၁၀ | (+) | ၃၃၀၁.၇၅ |

မော်မော်အောင်

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၈/၅ မှ ၂၄/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၁/၅ မှ ၁၇/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၀၁၁၁.၄၈ | ၉၉၀၂.၄၅ | (+) | ၂၀၉.၀၃ |
| ၂။ | လွယ်ဂျယ် | ၂၅၄၃.၈၄ | ၁၈၂၀.၀၀ | (+) | ၇၂၃.၈၄ |
| ၃။ | ချင်းရွှေဟော် | ၆၃၅၃.၉၅ | ၅၈၀၆.၀၅ | (+) | ၅၄၇.၉၀ |
| ၄။ | ကန်ပိုက်တီ | ၅၉၆၈.၀၀ | ၅၀၇၃.၀၀ | (+) | ၈၉၅.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | ၃၀၀၀.၀၀ | - | (+) | ၃၀၀၀.၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | ၇၄၀၀.၀၀ | ၄၈၀၀.၀၀ | (+) | ၂၆၀၀.၀၀ |
| ၉။ | တမူး | ၁၁၇.၅၀၀ | - | (+) | ၁၁၇.၅၀ |
| | စုစုပေါင်း | ၃၅၄၉၄.၇၇ | ၂၇၄၀၁.၅၀ | (+) | ၈၀၉၃.၂၇ |

ခင်မိုးသူ

# ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနတွင် ဆန်၊ စပါး အစိုဓာတ်တိုင်းတာခြင်းအပေါ် နောက်ကြောင်းပြန်ခြေရာခံစနစ်တည်ထောင်ခြင်းဆိုင်ရာ အသိပညာပေးဟောပြော



ပုသိမ်မြို့စားသုံးသူရေးရာဦးစီးဌာနအစည်းအဝေးခန်းမ(၁)တွင် မေ ၂၉ ရက် နံနက် ၉ နာရီခွဲတွင် ဆန်စပါးအစိုဓာတ် တိုင်းတာခြင်း အပေါ် နောက်ကြောင်းပြန်ခြေရာခံစနစ်တည်ထောင်ခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲအခမ်းအနားကျင်းပရာ စားသုံးသူရေးရာဦးစီးဌာန(ရုံးချုပ်)၊ MRF, JICAမှတာဝန်ရှိသူများ စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိုးအောင်နှင့် ဌာနခွဲမှူးများ၊ ဆန်စက်ပိုင်ရှင်၊ ဆန်ကုန်သည်နှင့် တောင်သူများ ဖိတ်ကြားထားသူများ စုစုပေါင်း ၈၀ ဦး တက်ရောက်ခဲ့ကြသည်။

စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်)မှညွှန်ကြားရေးမှူး ဦးမြင့်ဝေက အဖွင့်အမှာစကားပြောကြား၍ Kett Electric Laboratory မှမစ္စတာ Yoshida u နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်ကျော်က ဆန်စပါးရောင်းဝယ်ရေးတွင် သီးနှံအစိုဓာတ်တိုင်းတာရေးကိရိယာများ၏အရေးပါမှုအခန်းကဏ္ဍအကြောင်း၊ ပညာရေးဝန်ကြီးဌာန သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ဆရာဦးဝင်းတင်က စံချိန်စံညွှန်း သတ်မှတ်ခြင်းနှင့်စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်)မှ ဒေါက်တာဝေရီလင်းက ကုန်သွယ်မှု ဖွံ့ဖြိုးရေးအတွက်အခြေခံအချက်များ၊ အရည်အသွေးစီမံခန့်ခွဲရေး၊ ပရောဂျက် နောက်ခံအချက်အလက်များ၊ စားသုံးသူရေးရာဦးစီးဌာန၏ အခန်းကဏ္ဍများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ Kett Electric Laboratory မှMr. Yoshidaနှင့် Japah Development Service Company မှ Mr. Nishizakiက စီမံကိန်းမှတွေ့ရှိလေ့လာ သုံးသပ်ချက်များကို တင်ပြဆွေးနွေးပြီး တက်ရောက်လာသူများက သိလိုသည်များကိုမေးမြန်းခဲ့ရာ တာဝန်ရှိသူတို့က ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့သည်။ ဆန်စပါးအစိုဓာတ် တိုင်းတာခြင်းအပေါ် နောက်ကြောင်းပြန်ခြေရာခံစနစ်တည်ထောင်ခြင်းအသိပညာပေးပွဲကို မေ ၂၇ရက်တွင်စားသုံးသူရေးရာဦးစီးဌာန ဟင်္သာတခရိုင်ဦးစီးမှူးရုံး၌လည်းကောင်း၊ မေ ၂၈ ရက်တွင် စားသုံးသူရေးရာဦးစီးဌာန ဖျာပုံခရိုင်ဦးစီးမှူးရုံး၌လည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။

**ရောမြေ(ပသ)**

# တောင်ကြီးမြို့၌ သစ်တောနည်းဥပဒေ(မူကြမ်း)အကျိုးသက်ဆိုင်သူများထံ ချပြဆွေးနွေး

သစ်တောနည်းဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ်အတွင်းရှိ အကျိုးသက်ဆိုင်သူများထံ ချပြဆွေးနွေးခြင်းနှင့် အကျိုးသက်ဆိုင်သူ၏အကြံပြုချက်များ ရယူခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို တောင်ကြီးမြို့ Royal Taunggyi Hotel ခန်းမတွင်မေ ၁၇ ရက်က ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ယနေ့ ကျင်းပပြုလုပ်သည့်သစ်တောနည်းဥပဒေ(မူကြမ်း)အား အကျိုးသက်ဆိုင်သူများထံ ချပြဆွေးနွေးခြင်းနှင့် အကျိုးသက်ဆိုင်သူများ၏အကြံပြုချက်များရယူခြင်းဆိုင်ရာဆွေးနွေးပွဲ၏ အဓိကမျှော်မှန်းရလဒ်မှာ သစ်တောဦးစီးဌာနနှင့်အကျိုးသက်ဆိုင်သူများပါဝင်သော ပွင့်လင်းမြင်သာမှုရှိသည့်အားကောင်းသော ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တစ်ခုအဖြစ် အောင်မြင်စွာဆောင်ရွက်နိုင်ရန်၊ အကျိုးသက်ဆိုင်သူများနှင့်အပြုသဘောဆောင်သောညှိနှိုင်းဆွေးနွေးမှုများမှတစ်ဆင့်အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုများတိုးမြှင့်ရရှိလာစေရန်၊ အကျိုးသက်ဆိုင်သူများအား သစ်တောဥပဒေနှင့်သစ်တောနည်းဥကဒေများကိုသေချာစွာနားလည်သဘောပေါက်စေပြီး လွတ်လပ်စွာအကြံဉာဏ်များပေးနိုင်ရန်နှင့်အကျိုးသက်ဆိုင်သူများ၏ ဆွေးနွေး အ ကြံပြုချက်များကိုစနစ်တကျ မှတ်တမ်းတင်သွားရန်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲတွင် သစ်တောပြုစုထိန်းသိမ်းရေးဆိုင်ရာကိစ္စများ ဒေသခံတိုင်းရင်းသားပြည်သူများ၏အကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်များကို လက်ရှိအခြေအနေများအပေါ် မှာရှုမြင်ပြီး ကောင်းမွန်သည့် နည်းဥပဒေတစ်ရပ်ဖြစ်ပေါ် လာစေရေး အထောက်အကူပြုရန်အများအကျိုးပြုပြီး ကောင်းမွန်သည့်အကြံပြုချက်များ ရရှိနိုင်ရေးအတွက် တက်ရောက်လာသူ အားလုံးအနေဖြင့် ဝိုင်းဝန်းဆွေးနွေးပေးကြပါရန် ပြောကြားသည်။

ဆက်လက်၍သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက သစ်တောဥပဒေ အခန်း(၁)မှအခန်း(၁၀)အထိ ရှင်းလင်းဆွေးနွေးခြင်း တက်ရောက်လာသော အသင်းအဖွဲ့များနှင့်ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။ ညနေပိုင်းတွင် စားပွဲဝိုင်းဆွေးနွေးပွဲများအဖြစ် ကြိုးဝိုင်းသစ်တောဖွဲ့စည်းခြင်းနှင့် ကြိုးပြင်ကာကွယ်တောသတ်မှတ် တည်ထောင်ခြင်း၊ သစ်တောရေးရာစီမံခန့်ခွဲရေးနှင့်သစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောနှင့်ပုဂ္ဂလိကစိုက်ခင်း တည်ထောင်ခြင်း၊ သစ်တောထွက်ပစ္စည်းများထုတ်ယူခွင့်နှင့်သယ်ယူရွှေ့ပြောင်းခွင့်၊ ပြစ်မှုပြစ်ဒဏ်များ၊ ရှာဖွေဖမ်းဆီးခြင်း၊ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း ခေါင်းစဉ်ဖြင့်ဆွေးနွေးပွဲစကားဝိုင်း ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးချုပ်၊ပြည်နယ်ဝန်ကြီးများ၊ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ အစိုးရဌာနအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ခဲ့ကြသည်။

**စောမောင်**

# အရောင်းသွက်နေသော လောင်စာတောင့်

ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေးကားလမ်း (လမ်းဟောင်း)ဘေးရှိ သပြေတန်းရွာတွင် အသေးစား အိမ်တွင်းမှုလုပ်ငန်းလုပ်ကိုင်နေကြသော လောင်စာတောင့်ထုတ်လုပ်နေသည့်လုပ်ငန်းများရှိသည်။ ယခုပွင့်လင်းရာသီတွင် လောင်စာတောင့်များ အရောင်းသွက်ကြောင်း၊ လောင်စာတောင့် ပြုလုပ်ရာတွင် ဆီးစေ့၊ ဆီးမှုန့်၊ မီးသွေးမှုန့်၊ ကော်ရည်၊ ရေကုန်ကြမ်းပစ္စည်းများကို အချိုးကျရောစပ် ထုတ်လုပ်ရကြောင်း၊ ဆီးစေ့၊ ဆီးမှုန့်ကုန်ကြမ်းများကို တပ်ကုန်းမြို့နယ် ညောင်လွန့်ဆီးခွဲစက်များမှ ဝယ်ယူရရှိကြောင်း၊ မီးသွေးမှုန့်များကို အုတ်တွင်းနှင့် သာဂရ-ကိုးပင်လမ်းခွဲမှ ဝယ်ယူကြောင်း၊ မိသားစုငါးယောက် တစ်ရက်ကုန်ချိန် ပိဿာ ၂၅၀၀ခန့်ထုတ်လုပ်ကြောင်း၊ ယခုလို ပွင့်လင်းရာသီအချိန်တွင် လုပ်ငန်းအဆင်ပြေကြောင်း၊ ကုန်ချောလောင်စာတောင့် ၁၀ပိဿာ ၅၀ကျပ်သား ထည့်ထားသည့် အိတ်တစ်အိတ်ကို အထိုင်ဈေးကျပ် ၂၅၀၀ ဖြင့် အရောင်းသွက်နေကြောင်း လောင်စာတောင့်ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်တစ်ဦးထံမှ သိရှိရသည်။

**မြင့်သူ(တောင်ငူ)**

## ပြည်တွင်းဆီဈေးနှုန်းများ (၃၁-၅-၂၀၁၉) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၆၀၀၀ | ၆၀၀၀ | □ | ၆၆၀၀ | ၆၆၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၇၅၀ | ၁၇၅၀ | □ |
| မန္တလေး | ၆၀၀၀ | ၆၀၀၀ | □ | ၇၂၀၀ | ၇၂၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ပဲခူး | ၆၄၀၀ | ၆၄၀၀ | □ | ၆၄၀၀ | ၆၄၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၇၀၀၀ | ၇၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| မုံရွာ | ၅၈၀၀ | ၅၈၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၇၀၀ | ၁၆၀၀ | ▽ |
| စစ်တွေ | ၇၀၀၀ | ၇၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၃၁-၅-၂၀၁၉ US$/Ton

| အမျိုးအစား | မေတတိယပတ် | မေတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၄၈၈.၅၀ | ၅၀၅.၀၀ | △ |
| RBD P.Olein | ၅၀၂.၅၀ | ၅၀၀.၅၀ | ▽ |
| RBD P.Stearin | ၄၆၃.၅၀ | ၄၅၆.၅၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၃၁-၅-၂၀၁၉) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၇၄.၄၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၄၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၈၇ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၄၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၈.၇၁ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၁.၃၄ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၅၂ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၅၁၅.၅၈၈ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၃၁-၅-၂၀၁၉ နေ့ (CIF ဈေး Cloud Point 8 ˚C Max 548 ဒေါ်လာနှင့် USD ဈေး ၁၅၃၅ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၃၁-၅-၂၀၁၉ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၃၅ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# သာယာဝတီခရိုင် ငရုတ် စိုက်ပျိုးမှုနှင့် ဈေးကွက်အခြေအနေ

သာယာဝတီခရိုင်အတွင်း ငရုတ်စို၊ ငရုတ်ခြောက်များကို နှစ်စဉ် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငရုတ်စိုကို ၁၃၃၉ ဧကနှင့် ငရုတ်ခြောက် ၂၉၃၆ ဧက စိုက်ပျိုးလျက်ရှိပြီး ငရုတ်စိုမှ တစ်ဧကလျှင် ပိဿာ ၅၅၀ ခန့် ထွက်ရှိပြီး ငရုတ်ခြောက်မှာတော့ တစ်ဧကလျှင် ပိဿာ ၂၂၅ ခန့်ထွက်ရှိသည်။

ယခုတစ်ပတ်အတွင်းတွင် ငရုတ်စိုတစ်ပိဿာလျှင် အနိမ့်ဆုံး ကျပ် ၁၂၀၀ ခန့်နှင့် အမြင့်ဆုံး ကျပ် ၁၅၀၀ ခန့်ရှိလျက် ငရုတ်ခြောက်များမှာ တစ်ပိဿာလျှင် အနိမ့်ဆုံး ကျပ် ၄၅၀၀ ခန့်နှင့် အမြင့်ဆုံးကျပ် ၅၀၀၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ **ဝေဝေဖြိုး(သာယာဝတီ)**



# ကယားပြည်နယ်အတွင်း စပါးဈေးနှုန်းတည်ငြိမ်လျက်ရှိ

ကယားပြည်နယ်အတွင်း စပါး(မိုး) စိုက်ဧက ၈၄၀၈၇ စိုက်ပျိုးပြီး အထွက်နှုန်းမှာ တင်း ၅၆၉၁၄၇၅ ထွက်ရှိကြောင်း ဩဂုတ်လပိုင်းလောက်တွင် စတင်စိုက်ပျိုးကြပြီး စက်တင်ဘာလပိုင်းများတွင် ရိတ်သိမ်းကြသည်။ စပါးသီးနှံပေါ်စတွင် ဧည့်မထ(မိုး)စပါး ပေါက်ဈေးမှာ တင်း ၁၀၀ ကို ကျပ် ၈၆၉၀၀၀ ဖြစ်ပေါ်လျက်ရှိ၍ လက်ရှိ ကယားပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ဒေသထွက် ဧည့်မထ(မိုး)စပါး တင်း ၁၀၀ ကို ကျပ် ၉၅၈၅၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဆန်စက်လုပ်ငန်းရှင်များအသင်းထံမှ သိရှိရ သည်။

ယခုအချိန်တွင် ဒေသထွက် ဧည့်မထ(မိုး) စပါးလက်ကျန်များမှာ လျော့နည်းလျက်ရှိပြီး သိုလှောင်ထားသော ဆန်စက်ပိုင်ရှင်၊ ကုန်သည်တချို့နှင့် တောင်သူတချို့တွင် သာ ကျန်ရှိနေပြီး ဈေးကွက်ရောင်းဝယ်မှုမှာ ပုံမှန်သာရှိနေကြောင်း၊ လက်ရှိ စပါး(မိုး) ဈေးနှုန်းဈေးကွက်မှာ တည်ငြိမ်လျက်ရှိပြီး အများစုမှာ စပါးပျိုးထောင်စိုက်ခင်းများဖြစ်ကြောင်း၊ စိုက်ပျိုးရန် ပျိုးခင်းပြုပြင်ခြင်းအတွက် ကျပ် ၂၈၀၀၀၊ စိုက်ခင်းပြုပြင်ခြင်း ကျပ် ၄၀၀၀၀၊ သွင်းအားစုများအတွက် ကျပ် ၈၄၄၅၀၊ ရိတ်သိမ်းခမှာ စပါး ရိတ်ခြွေစက်ဖြင့် ကျပ် ၅၀၀၀၀ ကုန်ကျကြောင်း၊ တစ်ဧကအထွက်နှုန်းမှာ ၆၇ ဒသမ ၇၄ တင်းထိထွက်ရှိကြောင်း၊ ယခုပေါက်ဈေးနှင့်ဆိုလျှင် ကျပ် ခြောက်သိန်းလေးသောင်းဝန်းကျင် ရရှိကြောင်း စပါးစိုက်ပျိုး တောင်သူများ၏ပြောကြားချက်အရ သိရှိရသည်။ **ဖြိုးဝေအောင် (ကယား)**

# အသားဈေးကွက်၌ ဗမာကြက်သားဈေးမြင့်

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့၌ အဓိကမွေးမြူသော တိုင်းရင်းကြက်ခေါ် ဗမာကြက်များ ယခုတစ်ပတ်တွင် အဝယ်များ၍ ကြက်အရှင်ဖမ်းဈေးနှင့် အသားဈေးပါ ဈေးမြင့်နေကြောင်း ရေနံချောင်းမြို့ ကြက်သားဈေးကွက်မှသိရသည်။

မေလဆန်းတွင် တိုင်းရင်းကြက်အရှင် ဖမ်းဈေးမှာ တစ်ပိဿာ ကျပ် ၇၅၀၀ သာဈေးရှိပြီး ကြက်သားတစ်ပိဿာ ကျပ် ၁၀၀၀၀ ပေါက်ဈေးရှိကြောင်း ကုန်ချိန်လိုသလောက်ရရှိကြောင်း၊ ယခုတစ်ပတ်မှာ ကြက်အရှင်ဖမ်းဈေးတစ်ပိဿာ ကျပ် ၉၀၀၀ ဝယ်ရပြီး ကြက်သားတစ်ပိဿာ ကျပ်၁၂၀၀၀ဈေးဖြစ်လာပြီး လိုသလောက်မရ၍ ကုန်အဝင်နည်းကာ ဈေးမြင့်လာကြောင်းသိရသည်။

ရေနံချောင်းမြို့နယ်တွင် မြေပြင်ကောက်ယူသော စာရင်းအရ တိုင်းရင်းကြက်မွေးမြူသူ ၁၃၇၇၃ဦး၊ အကောင်ရေမှာ ၆၆၅၀၉ ကောင်ရှိကြောင်း မကွေးတိုင်းဒေသကြီး တိမွေးကုစာရင်းအရသိရသည်။

**ရွှေဇင်(ရေနံချောင်း)**

# မူဆယ်(၁၀၅)မိုင် သစ်သီးဝလံကုန်စည်ဒိုင်မှ တရုတ်သို့ မေလအတွင်း သစ်သီးတင်ပို့မှု အခြေအနေ

မေလအတွင်း မူဆယ်(၁၀၅)မိုင် သစ်သီးဝလံကုန်စည်ဒိုင်မှ တရုတ်သို့ သစ်သီးဝလံများ တင်ပို့လျက်ရှိရာ ဖရဲသီးတင်ပို့မှုအနေဖြင့် ဖရဲကျားသီး၊ ဖရဲဖြူသီး၊ ဖရဲအဝိုင်းကျားသီးတို့ တင်ပို့ခဲ့ကာ သခွားအနေဖြင့် ရွှေသခွား၊ သခွားမွှေးတို့ တင်ပို့ခဲ့သလို ကန်စွန်းဥနှင့် နာနတ်သီးတို့လည်း တင်ပို့ခဲ့ပြီး သရက်သီးတင်ပို့မှုမှာ များလာခဲ့သည်။

မေ ၁ ရက်မှ ၂၈ ရက်အတွင်း ဖရဲကျားသီး ၆၂၆ စီး၊ တင်ပို့တန်ချိန် ၇၅၂၄ ဒသမ ၅ တန်၊ ဖရဲဖြူသီး ၆၃ စီး၊ တင်ပို့တန်ချိန် ၇၈၈ တန်၊ ဖရဲအဝိုင်းကျားသီး ၁၆၇ စီး၊ တင်ပို့တန်ချိန် ၁၈၂၂ တန်တင်ပို့ခဲ့ပြီး ရွှေသခွားလေးစီး၊ တင်ပို့တန်ချိန် ၄၃ တန်၊ သခွားမွှေးနှစ်စီး၊ တင်ပို့တန်ချိန် ၁၅ တန်၊ သရက်သီး ၃၄၃၄ စီး၊ တင်ပို့တန်ချိန် ၂၀၅၆၉ ဒသမ ၅ တန်တင်ပို့ခဲ့ကာ ကန်စွန်းဥ ၃၂စီး၊ တင်ပို့တန်ချိန် ၄၆၇ တန်၊ နာနတ်သီးတစ်စီး၊ တင်ပို့တန်ချိန် ၁၃ တန် တင်ပို့ရောင်းချခဲ့ကြောင်း သစ်သီးဝလံကုန်စည်ဒိုင်မှသိရသည်။

ဖရဲကျားသီးမှာ တစ်တန်လျှင် ယွမ် ၁၆၀၀-၄၆၀၀၊ ကျပ် ၃၄၇၀၀၀-၁၀၀၀၀၀၀၊ ဖရဲဖြူသီးတစ်တန်လျှင် ယွမ် ၁၆၀၀-၄၃၀၀၊ ကျပ် ၃၄၇၀၀၀-၉၃၄၀၀၀၊ ဖရဲအဝိုင်းကျားသီး တစ်တန်လျှင် ယွမ် ၂၀၀၀-၄၈၀၀၊ ကျပ် ၄၃၄၀၀၀-၁၀၄၀၀၀၀၊ ရွှေသခွားတစ်တန်လျှင် ယွမ် ၂၃၀၀-၆၀၀၀၊ ကျပ် ၅၀၀၀၀၀ - ၁၃၀၀၀၀၀၊ သခွားမွှေး တစ်တန်လျှင် ယွမ် ၂၃၀၀-၅၅၀၀၊ ကျပ် ၅၀၀၀၀၀ -၁၁၉၅၀၀၀၊ သရက်သီး တစ်တန်လျှင် ယွမ် ၁၂၀၀-၉၆၀၀၊ ကျပ် ၂၆၀၀၀၀-၂၀၈၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ကန်စွန်းဥတင်ပို့မှုမှာ တစ်တန်လျှင် ယွမ် ၁၀၀၀-၁၅၀၀၊ ကျပ် ၂၁၇၀၀၀-၃၂၆၀၀၀ ရရှိပြီး နာနတ်သီး တစ်တန်လျှင် ယွမ် ၈၀၀၀-၁၆၀၀၊ ကျပ် ၁၇၃၀၀၀-၃၄၇၀၀၀ ရရှိခဲ့သည်။

မေလအတွင်း သရက်သီးဈေးမှာ မေလဆန်းတွင် အနည်းငယ် ဈေးနိမ့်ခဲ့သော်လည်း လကုန်ပိုင်းတွင် ဈေးနှုန်းမြင့်လာကြောင်း သိရှိရသည်။ မေလအတွင်း ငွေဈေးနှုန်းမှာ တစ်ယွမ် ၂၂၁ ကျပ်မှ ၂၂၆ ကျပ်ထိ ပေါက်ဈေးရှိကြောင်း သစ်သီးဝလံကုန်စည်ဒိုင်မှလေ့လာသိရှိရသည်။

**စုစုသာ(မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

# သိန္နီမြို့နယ်၌ အစေ့ထုတ်ပြောင်းသီးနှံအစား ချင်းကို အစားထိုးစိုက်ပျိုးလာ



ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် သိန္နီမြို့နယ်ရှိ တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိက အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိရာ အစေ့ထုတ်ပြောင်းသီးနှံအား စီးပွားဖြစ် စိုက်ပျိုးလျက်ရှိပြီး ၂၀၁၈ ခုနှစ်တွင် အစေ့ထုတ်ပြောင်း (မိုး+ဆောင်း) သီးနှံစိုက်ဧက ၂၂၆၃၇ ဧကကျော် စိုက်ပျိုးခဲ့ကြသည်။

တောင်သူများအနေဖြင့်မျိုးကောင်းမျိုးသန့်များအား စိုက်စနစ်မှန်ကန်စွာ စိုက်ပျိုးခဲ့ကြသဖြင့် အထွက်နှုန်းကောင်းမွန်ခဲ့သော်လည်း အိမ်နီးချင်းတစ်ဖက်နိုင်ငံ၏ ပြောင်းတင်ပို့မှုအပေါ် ကန့်သတ်ပိတ်ပင်မှုများရှိခဲ့သဖြင့် အစေ့ထုတ်ပြောင်းဈေးကွက်မှာ ပျောက်လုနီးပါး ဖြစ်ခဲ့ရသည်။

သို့ဖြစ်ပါ၍ တောင်သူများအနေဖြင့် ဝင်ငွေရဈေးကွက်ဝင် ချင်းသီးနှံအား အစားထိုး စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဦးဆောင်၍ ကွမ်ဆိုင်ဟိန်းကုမ္ပဏီနှင့် တောင်သူအကျိုးတူ(Contrat Farming) တို့ပူးပေါင်းကာ စိုက်ပျိုးနိုင်ရေးဆောင်ရွက်ခြင်း၊ ချင်းစိုက်ပျိုး ထုတ်လုပ်သူ အသင်းအဖွဲ့များ စုဖွဲ့၍ လိုအပ်သည့် အရင်းအနှီး၊ မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်ပျိုးရေးနည်းပညာများ မှန်ကန်ရေးတို့အတွက် တွေ့ဆုံဆွေးနွေးပွဲများကို ကျေးရွာအုပ်စု ၁၈ အုပ်စုတွင် ဆောင်ရွက်ခဲ့ကြသဖြင့် တောင်သူများအနေဖြင့် အစေ့ထုတ်ပြောင်းသီးနှံအစား ဈေးကွက်ဝင် ချင်းသီးနှံအား ပြောင်းလဲစိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။

ချင်းစိုက်ပျိုးရာတွင် စိုက်နည်းစနစ်အပေါ် မူတည်၍ တစ်ဧကလျှင် မျိုးပိဿာ (၃၅၀-၆၀၀) အထိရှိပြီး တစ်ဧက ကုန်ကျစရိတ်အနေဖြင့် ၁၉ သိန်းအထိ ကုန်ကျနိုင်ကြောင်း သိရှိရသည်။ ကွမ်ဆိုင်ဟိန်းကုမ္ပဏီနှင့် တောင်သူ အကျိုးတူဆောင်ရွက်ရာတွင် ကုမ္ပဏီမှ မျိုးများဖြန့်ဖြူးပေးပြီး ထွက်ရှိသည့် ချင်းများအား ကာလပေါက်ဈေးဖြင့် ဝယ်ယူမည်ဖြစ်ပြီး တောင်သူအကျိုးအမြတ်ရရှိမှုအနေဖြင့် တစ်ဧကလျှင် ချင်းပိဿာ ၂၀၀၀ မှ၃၅၀၀ အထိ ထွက်ရှိနိုင်ကာ တစ်ပိဿာလျှင် ရောင်းဈေး ကျပ် ၂၅၀၀ ရှိသဖြင့် တောင်သူများအနေဖြင့်တစ်ဧကစိုက်ပျိုးပါက အမြတ်ငွေကျပ်သိန်း၂၀မှ ၃၀အထိ ရရှိနိုင်မည်ဖြစ်ကြောင်းသိရှိရသည်။

**ဟန်ရှိန်(သိန္နီမြို့)**

# တရားမဝင် တင်သွင်းထားသည့် အေးခဲဝက်ကလီစာ၊ ဝက်သားနှင့် ဝက်သားကြိတ်သားများ သိမ်းဆည်းရမိ

မွန်ပြည်နယ်အတွင်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တရားမဝင်ကုန်သွယ်မှု လျော့နည်းလာစေရေးအတွက် ကျိုက်မရောမြို့နယ် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့သည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ မေ ၁၆ ရက်တွင် ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွကျေးရွာသို့ ဝင်ရောက်စစ်ဆေးရာ ကုန်စုံဆိုင်သုံးဆိုင်မှ တစ်ဖက်နိုင်ငံမှ တရားမဝင် တင်သွင်းထားသည့် အေးခဲဝက်ကလီစာ (၁ x ၅၀ ကျပ်သားပါ) ၁၇၃ ထုပ် တန်ဖိုး ကျပ် ၅၁၉၀၀၀၊ ဝက်ခေါင်းသား (၁ x ၅၀ ကျပ်သားပါ) ၂၃ ထုပ်တန်ဖိုးကျပ် ၆၁၀၀၀၊ ဝက်သားကြိတ်သား (၁ x ၃ ပိသာပါ) တစ်ထုပ်တန်ဖိုးကျပ် ၁၈၀၀၀၊ စုစုပေါင်းတန်ဖိုး ကျပ် ၅၉၈၀၀၀ အား စစ်ဆေးတွေ့ရှိရသဖြင့်သိမ်းဆည်းပြီး ချောင်းနှစ်ခွကျေးရွာ၊ ဘုရားကုန်းသုသာန်၌ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျိုက်မရောမြို့နယ် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့တို့၏ ရှေ့မှောက်တွင် မီးရှို့ဖျက်ဆီးခဲ့သည်။

**မိုးမိုး (မွန်)**

# ရန်ကုန်မြို့သစ်စီမံကိန်းအတွက် ချေးငွေ လုံးဝမယူဟု ရန်ကုန်တိုင်းဝန်ကြီးချုပ် ပြောကြား



ရန်ကုန်မြို့သစ်စီမံကိန်းကို နိုင်ငံတော်က ကြီးကြပ်ကွပ်ကဲပြီး ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မှုတွင် နိုင်ငံတကာမှချေးငွေရယူရန် အစီအစဉ်လုံးဝမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

မေ ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၌ ပြုလုပ်သည့် သတင်းမီဒီယာ တွေ့ဆုံပွဲတွင် ၎င်းက ယင်းသို့ပြောဆိုခဲ့ခြင်းဖြစ်သည်။

"အခု ကျွန်တော်တို့ တာဝန်ယူတဲ့ အချိန်မှာ ကုမ္ပဏီသုံးခု ဆောင်ရွက်မယ်ဆိုတဲ့ အခြေအနေကို ရောက်နေတဲ့ အနေအထား၊ ကျွန်တော်တို့က ညှိနှိုင်းပါတယ်။ ပုဂ္ဂလိကကဏ္ဍနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ကိစ္စမှာ တချို့က ကျွန်တော်တို့က ပိုက်ဆံတွေချေးပြီးတော့ ဒီမြို့ကြီးကို တည်ဆောက်မယ်။ ကျွန်တော်တို့ အဲဒီလိုလုပ်ဖို့ အစီအစဉ် လုံးဝမရှိပါဘူး။ နောင်လာနောက်သားတွေကို ချေးငွေ ဝန်ထုပ်ဝန်ပိုးပိစေတယ်ဆိုတဲ့ ဆွေးနွေးနေတာတွေကို ကြားရတယ်။ ကျွန်တော်တို့ လုံးဝဒီထဲကို ငွေချေးပြီးတော့ ရင်းနှီးမြှုပ်နှံဖို့မရှိပါဘူး။ ကျွန်တော်တို့လုပ်ချင်တဲ့ပုံစံက နိုင်ငံတကာကနေ ငွေထုပ်နဲ့လာပြီးတော့တည်ဆောက်ပေးတဲ့ အခြေအနေမျိုးလုပ်ချင်တာပါ" ဟု ၎င်းကပြောသည်။

ယခုကဲ့သို့ တည်ဆောက်လိုက်ခြင်းဖြင့် မြို့ပြ၏ မြေတန်ဖိုးသည် ပြောင်းလဲသွားမည်ဖြစ်ပြီး ပြောင်းလဲလာသည့် မြေတန်ဖိုးအပေါ် မူတည်၍ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုကို ကိုယ်တိုင်ပြန်လည်ထုတ်လုပ်ရရှိသွားသည့် ပုံစံမျိုးဖြင့် ရင်းနှီးမြှုပ်နှံသူများလည်း အကျိုးရှိသလို မိမိတို့အနေဖြင့်လည်း အကျိုးရှိသည့် ပုံစံမျိုးကို လုပ်ဆောင်ချင်ကြောင်း ၎င်းကပြောသည်။ ယင်းမှ ရရှိလာသည့် ငွေကြေးအကျိုးအမြတ်နှင့် ရန်ကုန်မြို့ဟောင်းအတွက် လိုအပ်သည့် နေရာများတွင် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဝင်ရောက်လာစေချင်သည်ဟုဆိုသည်။

"ကျွန်တော်တို့က ဘယ်လိုလူမျိုးကို အကြောက်ဆုံးလဲဆိုတော့ ရင်းနှီးမြှုပ်နှံမယ်ဆိုပြီး လာပြီးတော့ ရန်ကုန်မြို့သစ်ကြီးပါဆိုပြီး ဆိုင်းဘုတ်တင်ပြီး ဒီထဲမှာ မြေပဲအရောင်းအဝယ်ကစားနေတဲ့အခြေအနေမျိုးအတွက် ကျွန်တော်တို့ မမျှော်မှန်းထားပါဘူး။ ဒီလိုအလုပ်မျိုးကိုလည်း ကျွန်တော်တို့ လက်ခံမှာမဟုတ်ပါဘူး။ ဒါကြောင့်မို့ ကျွန်တော်တို့ ရန်ကုန်မြို့သစ်စီမံကိန်းကို စနစ်တကျ လာရောက်ရင်းနှီးမြှုပ်နှံမယ့် investor ကို ဖိတ်ခေါ်ထားပါတယ်"ဟု ၎င်းကပြောသည်။

အဆိုပါ ရန်ကုန်မြို့သစ်စီမံကိန်း၌ မည်သူမဆို လာရောက် ရင်းနှီးမြှုပ်နှံရန် အဆိုပြုနိုင်ပြီး အဆိုပြုမှုများအပေါ် မူတည်၍ ပြည်ထောင်စုအစိုးရ၊ စီးပွားရေးကော်မတီ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့၏ ခွင့်ပြုချက်များနှင့် ယင်းကိစ္စကို ဆက်လက်ဆောင်ရွက်ရန်ဖြစ်သည်ဟုဆိုသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လက်ရှိတွင် ယင်းစီမံကိန်းနှင့်ပတ်သက်၍ မြေလျော်ကြေးပေးနိုင်ရေးကိစ္စနှင့် နယ်မြေဖွံ့ဖြိုးမှုကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံသူများကိုလည်း ဖိတ်ခေါ်ထားကြောင်း သိရသည်။

ထို့ပြင် လက်ရှိတွင် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ ကဏ္ဍနှင့် ပတ်သက်၍ တရုတ်နိုင်ငံကသာ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှု အများဆုံးဖြစ်နေကြောင်း ၎င်းက ဆက်လက် ပြောဆိုသည်။

"တခြား နိုင်ငံတွေကိုလည်း ကျွန်တော်တို့က အမြဲဖိတ်ခေါ်နေတာပဲဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံတည်းကိုပဲ မှီခိုပြီး ရင်းနှီးမြှုပ်နှံမှုကို မျှော်မှန်းနေတာမျိုး မဟုတ်ဘဲနဲ့ အားလုံးလာစေချင်ပါတယ်။ ဒါပေမဲ့ ခင်ဗျားလာကိုလာရမယ်လို့ ကျွန်တော်တို့က လုပ်လို့မရပါဘူး။ သူတို့စိတ်ဝင်စားမှု အခြေအနေပေါ်မှာ မူတည်ပါတယ်။ ကျွန်တော်တို့နဲ့ တရုတ်နိုင်ငံကတော့ အိမ်နီးချင်းနိုင်ငံလည်းဖြစ်တယ်။ နယ်စပ်ကလည်း တစ်ဆက်တည်း ဖြစ်နေတဲ့အတွက် ဒီရင်းနှီးမြှုပ်နှံမှုတွေ မူဆယ်-မန္တလေးလမ်းလိုဟာမျိုး၊ မန္တလေး-ရန်ကုန်လို အခြေအနေမျိုး၊ နေပြည်တော်လို အခြေအနေမျိုးဆိုတဲ့ အနေအထားတွေကို တရုတ်နိုင်ငံကတော့ ပိုပြီး စိတ်ဝင်စားမှု ရှိပါတယ်"ဟု ၎င်းကပြောသည်။

လက်ရှိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီတွင် ရင်းနှီးမြှုပ်နှံမှု အများဆုံးမှာ တရုတ်နိုင်ငံသာဖြစ်သောကြောင့် ယင်းအပေါ်မှာ မူတည်ကာ စိတ်ဝင်စားသူများကို ရန်ကုန်မြို့သစ် စီမံကိန်းတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ဆောင်ရွက်သွားမည်ကြောင်း သိရသည်။

**ပန်းဆု**

# မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်မှု တိုးမြှင့်နိုင်ရေး ဆောင်ရွက်နေ

ယခုဘဏ္ဍာနှစ် လက်ရှိကာလတွင် မြန်မာ-အိန္ဒိယ ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၈၀၀ ဒသမ ၄၂၁ သန်းခန့် ရရှိထားပြီး နယ်စပ်ကုန်သွယ်မှု တိုးမြှင့်နိုင်ရေးအတွက်ဆောင်ရွက်လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

လက်ရှိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသည့် နိုင်ငံပေါင်း ၄၉ နိုင်ငံအနက် အိန္ဒိယက အဆင့် ၁၁ ၌ ရပ်တည်နေပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာအထိ စီမံကိန်းပေါင်း ၃၀ ခန့်ရှိနေသလို အိန္ဒိယကုမ္ပဏီပေါင်း ၂၂၅ ခုခန့် ထိရှိကြောင်း သိရသည်။

"နှစ်နိုင်ငံ ကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးကနေ ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်တွေ ဆွေးနွေးပြီးတော့ ချမှတ်ဖော်ဆောင်နေသလို နယ်စပ်ကုန်သွယ်မှုချောမွေ့စေဖို့ လမ်းတံတားတွေ ပြုပြင်တည်ဆောက်တာတွေ ဆောင်ရွက်နေပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မေ ၂၉ ရက်တွင် ပြောသည်။

ထို့ပြင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား နယ်စပ်ဈေးများ စီမံခန့်ခွဲမှုနည်းလမ်းများ ချမှတ်ခြင်း၊ နှစ်နိုင်ငံရင်း နှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံတွင် Myanmar Investment RoadShow ပြပွဲနှင့် နှစ်နိုင်ငံကုန်စည် ပြပွဲများ အပြန်အလှန် ကျင်းပနိုင်ရေး၊ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အထည်အလိပ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးကဏ္ဍ၊ နှစ်နိုင်ငံကျွမ်း ကျင်ပညာရှင်များ အပြန်အလှန် အသိအမှတ်ပြုရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် နယ်စပ်ဖြတ်ကျော်တိရစ္ဆာန်ရောဂါ တားဆီးနှိမ်နင်းရေးနှင့် မွေးမြူရေး လုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးကပြောသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံဘက်မှ အခွန်လျှော့ချရေး အပါအဝင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး၊ အိန္ဒိယနိုင်ငံမှ နည်းပညာ အထောက်အပံ့ပေးရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးစသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်လျက်ရှိသည်ဟုဆိုသည်။ အိန္ဒိယသို့ လက်ရှိတွင် မြန်မာနိုင်ငံမှ ပဲမျိုးစုံ၊ သစ်ပါးလွှာ၊ အထပ်သား၊ သစ်ခွဲသား၊ ရေချို ရေငန်ငါးများ တင်ပို့နေသကဲ့သို့ သွင်းကုန်အနေဖြင့် ဆေးဝါးများ၊ သယ်ယူပို့ဆောင်ရေး ပစ္စည်းများ၊ သံမဏိပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းတို့ကို တင်သွင်းနေကြောင်း ကုန်သွယ်မှုစာရင်းများအရ သိရသည်။

မြန်မာ-အိန္ဒိယ ကုန်သွယ်ရေး ပူးတွဲကော်မတီ အစည်းအဝေးကို ထပ်မံကျင်းပနိုင်ရေးအတွက် နှစ်ဖက်သဘောတူညီမှုရရှိထားသလို နှစ်နိုင်ငံတာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေးထားသည့် နယ်စပ်ဈေးများ စောလျင်စွာ ဖွင့်လှစ်သွားနိုင်ရေးကိုလည်း ဆောင်ရွက်နေကြောင်း သိရသည်။

**ပန်းဆု**

# တည်းကုန်းလက်ကားဈေးကြီးတွင် ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်း အခြေအနေ

အင်းစိန်မြို့နယ်ရှိ တည်းကုန်းလက်ကားဈေးကြီးအတွင်းသို့ မေ ၂၀ ရက်မှ ၂၆ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော်တပ်ကုန်း၊ ရွှေဒါး၊ မဂ်လာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွနှင့်ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံးဝင်ရောက်ရောင်းချနေကြောင်း သိရသည်။

ထိုသို့ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဥ်သီးထိုင်ဝမ် (ပိဿာ) ကျပ် ၁၄၀၀ မှ ၁၅၅၀ အတွင်း၊ ခရမ်းချဥ်သီး(ကိုင်း) (ပိဿာ)ကျပ် ၁၂၀၀ မှ ၁၇၀၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ် ၉၀၀ မှ ၁၃၀၀ အတွင်း၊ ပန်းဂေါ်ဖီ (တစ်ထုပ်) ကျပ် ၇၀၀ မှ ၁၀၀၀ အတွင်း၊ အာလူး(ပိဿာ) ကျပ် ၆၅၀ မှ ၇၂၀ အတွင်း၊ မုန်လာဥနီ(ပိဿာ) ကျပ် ၁၂၀၀၊ ရွှေဖရုံသီး(လုံး) ကျပ် ၁၅၀၀ မှ ၂၀၀၀ အတွင်း၊ ဗူးသီး(လုံး)ကျပ် ၆၀၀ မှ ၁၂၀၀ အတွင်း၊ မုန်ညှင်း(ထုပ်) ကျပ် ၂၀၀၀၊ ကြက်သွန်နီ(မြစ်သား) (ပိဿာ) ကျပ် ၈၀၀၊ ကြက်သွန်ဖြူ(ရှမ်း) (ပိဿာ) ကျပ် ၁၃၀၀ မှ ၁၅၀၀ အတွင်း၊ ကြက်သွန်ဖြူ(ကြူကုတ်)(ပိဿာ) ကျပ် ၂၇၀၀ မှ ၂၉၀၀အတွင်း၊ ချင်း (ပိဿာ) ကျပ် ၂၂၀၀၊ ဆလတ်ရွက် (စီး) ကျပ် ၁၅၀၊ ရုံပတီသီး (တောင့်) ကျပ် ၁၀ မှ ၁၅ အတွင်း၊ ကန်စွန်းရွက်(တရုတ်) (စီး) ကျပ် ၂၀၀ မှ ၂၅၀ အတွင်း၊ ချဉ်ပေါင်ရွက်(စီး)ကျပ် ၆၀ မှ ၇၀ အတွင်း၊ ခရမ်းသီး (မီးဖုတ်ခရမ်း)(လုံး) ကျပ် ၂၀၀ မှ ၃၀၀ အတွင်း၊ သံပရာသီး (လုံး)ကျပ် ၄၀ မှ ၅၀ အတွင်း၊ ပဲသီး(စီး) ကျပ် ၃၀၀ မှ ၄၀၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) (ပိဿာ) ကျပ် ၁၅၀၀ မှ ၂၀၀၀ အတွင်း၊ သရက်သီးမှည့် (ရင်ကွဲ/သေး) (၁)တောင်းကျပ် ၆၀၀၀ မှ ၁၀၀၀၀ အတွင်း၊ သရက်သီးမှည့် (ရင်ကွဲ/လတ်) (၁)တောင်းကျပ် ၈၀၀၀ မှ ၁၃၀၀၀ အတွင်း၊ သရက်သီးမှည့်(ရင်ကွဲ/ကြီး) (၁)တောင်းကျပ် ၁၀၀၀၀ မှ ၁၆၀၀၀ အတွင်း ဈေးအသီးသီးရှိကြောင်း သိရသည်။

**ခိုင်ရွှေ(ရန်ကုန်)**

Vol: 19, No.20 Monday June 3 2019

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေကို လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် မေ ၂၇ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၁ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် အာဂျင်တီးနားနိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၄ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ ပါကစ္စတန်၊ ချီလီ၊ ကိုလံဘီယာ၊ အီဂျစ်၊ အိုက်စ်လန်၊ဂျော်ဒန်၊ ကူဝိတ်၊ ကာတာနှင့် တောင်အာဖရိက စသည့်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၅၁ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီ ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ ဖိလစ်ပိုင်၊ နီပေါ၊ ဟောင်ကောင်၊ ပြင်သစ်၊ ဘရာဇီး၊ ကနေဒါ၊ နော်ဝေ၊ နယူးဇီလန်နှင့်ဂရိစသည့် နိုင်ငံပေါင်း ၃၀ သာရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၅ ဒသမ ၇၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် မေ ၂၇ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၁ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ထိုင်းနိုင်ငံတွင် ၁ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ၂ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိတည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် မေ ၂၇ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၆ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် အာဂျင်တီးနားနိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းထက် ၅ ဒသမ ၆၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ပါကစ္စတန်၊ ရုရှား၊ သီရိလင်္ကာ၊ ကိုလံဘီယာ၊ အီဂျစ်၊ ကူဝိတ်၊ ကာတာနှင့် တောင်အာဖရိက စသည့်နိုင်ငံများ အပါအဝင် ၅၁ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ဟောင်ကောင်၊ နီပေါ၊ ပြင်သစ်၊ နော်ဝေ၊ တူရကီ၊ ပေါ်တူဂီ၊ ထိုင်ဝမ်နှင့် ဒိန်းမတ် စသည့်နိုင်ငံ ၂၅ နိုင်ငံသာရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၄ ဒသမ ၉၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် မေ ၂၇ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၁ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ကာ ထိုင်းနိုင်ငံတွင် ၁ ဒသမ ၄၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၆၀ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံတွင် ၁ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်ရှိသော အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် မေ ၂၇ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**တန်ဖိုး- အမေရိကန်ဒေါ်လာ**

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၆၅ | ၀.၆၆ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၂ | ၀.၈၆ |
| ၃ | ထိုင်း | လီတာ | ၁.၁၆ | ၀.၈၇ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၃ | ၀.၇၅ |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် မေ ၂၇ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၂ ဒေါ်လာဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၆ ဒေါ်လာဖြင့်လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ မှတ် ဘီဂရိတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၅ ဒေါ်လာဖြင့်လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၅ ဒေါ်လာဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၂ ဒေါ်လာဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၃ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၃ ဒေါ်လာဖြင့်လည်းကောင်း၊ ဧည့် မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၅ ဒေါ်လာဖြင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅ ဒေါ်လာဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၃ ဒေါ်လာဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရသည်။ ယခင်တစ်ပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် ၁၀၀ မှတ် ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ မှတ်နှင့် ၂၅ မှတ်ဆန်ဈေးများတည်ငြိမ်လျက်ရှိပြီး ပေါင်းဆန်ဈေးနှုန်းများ အနည်းငယ်ဈေးကျခဲ့ကြောင်း၊ ဗီယက်နမ်နှင့်ပါကစ္စတန်နိုင်ငံတို့တွင် ဧည့်မထ ၅ မှတ်နှင့် ဧည့်မထ ၂၅ မှတ် ဆန်ဈေးနှုန်းများ ဈေးကျခဲ့သည်ကို တွေ့ရှိရသည်။ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်မှာ အနည်းငယ်ဈေးမြင့်တက်ခဲ့ပြီး ပေါင်းဆန်အမျိုးအစားဆန်မှာ ဈေးတည်ငြိမ်ခဲ့ကြောင်း လေ့လာသိရှိရသည်။

ဆန်ဈေးကွက်နှင့် စပ်လျဉ်းသည့် ပြည်ပသတင်းများ အနေဖြင့် The Farmer Media တွင် ဖော်ပြချက်အရ ဖိလစ်ပိုင်နိုင်ငံ၌ ဆန်လက်ကျန်များခြင်းနှင့် ပြည်တွင်းဆန် ထုတ်လုပ်မှုအလားအလာကောင်းခြင်းတို့ကြောင့် ၂၀၁၉-၂၀၂၀ ဈေးကွက်နှစ် ဆန်တင်သွင်းမှုမှာ နှစ်အလိုက်မက်ထရစ်တန်ချိန် တစ်သိန်းခန့်ကျဆင်းလာနိုင်ကြောင်း အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာန (USDA) က ခန့်မှန်းထားသည်ကို သိရှိရသည်။ USDA ၏နောက် ဆုံးထုတ်ကမ္ဘာ့ကောက်ပဲသီးနှံဈေးကွက်နှင့် ကုန်သွယ်မှုအစီရင်ခံစာ၌ ဖိလစ်ပိုင်ဆန်တင်သွင်းမှု လျော့ကျနိုင်သော်လည်း ဖိလစ်ပိုင်သည် ဆန်တင်သွင်းမှု ဒုတိယအများဆုံးအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏နောက်တွင် ရပ်တည်မည်ဟု ခန့်မှန်းဖော်ပြထားသည်ကို သိရှိရသည်။

တရုတ်နိုင်ငံတွင်လည်း အဆိုပါဈေးကွက်နှစ်အတွင်း ဆန်တန်ချိန် လေးသန်းတင်သွင်း နိုင်ချေရှိပြီး ဖိလစ်ပိုင်သည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်အနည်းငယ်အတွင်း ဆန်တင်သွင်းမှု တစ်နှစ်ထက်တစ်နှစ်တိုးမြင့်လာခဲ့သည်ကို တွေ့ရှိရသည်။ ၂၀၁၈-၂၀၁၉ ဈေးကွက်နှစ်တွင် ဆန်တန်သွင်းမှု မက်ထရစ်တန်ချိန် ၂ ဒသမ ၈ သန်းရှိခဲ့ရာ တန်ချိန် ၂ ဒသမ ၅ သန်းနှင့် တန်ချိန် ၁ ဒသမ ၂ သန်း အသီးသီးရှိခဲ့သော ၂၀၁၇-၂၀၁၈ ဈေးကွက်နှစ်နှင့် ၂၀၁၆-၂၀၁၇ ဈေးကွက်နှစ်များထက် သိသာစွာ ပိုများခဲ့ကြောင်း တွေ့ရှိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်တွင်းဆန်အထွက်တိုးတက်မှု ကြောင့် ဆန်တင်သွင်းမှု ကျဆင်းနိုင်ကြောင်း USDA က ခန့်မှန်းခဲ့ခြင်းဖြစ်သည်။

ပမာဏအကန့်အသတ်ဖြင့်သာ ဆန်တင်သွင်းခွင့်ပြုသည့်စနစ်နေရာတွင် အခွန်စနစ်အစားထိုး လာခဲ့ပြီး အခွန်စနစ်သည် အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံများအတွက် အခွင့်အရေးပိုပေးထားကြောင်း USDA က ဖော်ပြထားသည်။ တစ်ဖက်၌ ဖိလစ်ပိုင်၏ ဆန်စားသုံးမှုမှာ ယခင်ဈေးကွက်နှစ်က တန်ချိန် ၁၃ ဒသမ ၉ သန်း ရှိခဲ့ရာမှ ၂၀၁၉-၂၀၂၀ ဈေးကွက်နှစ်တွင် လေးရာခိုင်နှုန်းနီးပါးမြင့်တက်ပြီး တန်ချိန် ၁၄ ဒသမ ၄၅ သန်းရှိလာနိုင်ကြောင်း ခန့်မှန်းဖော်ပြထားပါသည်။ စားသုံးမှု မြင့်လာရခြင်းမှာ ပြည်တွင်း၌ ဆန်ပေါ်များလာခြင်းနှင့် ဆန်တင်သွင်းရာတွင် ဈေးပိုသက်သာလာခြင်းတို့ကြောင့်ဖြစ်သည်ဟု USDA ကပြောကြားထားသည်။

ပြည်တွင်းဆန်စပါးဈေးကွက်တွင် ယခုနှစ် ပြည်ပဆန်တင်ပို့မှု လျော့ကျသွားသည့်အတွက် ပြည်တွင်းတွင် ဆန်လက်ကျန်တန်ချိန်သုံးသန်းမှ သုံးသန်းခွဲအထိရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောကြားခဲ့သည်ကို သိရှိရသည်။ လက်ရှိပြည်တွင်းတွင် ကျန်ရှိနေသည့် ဆန်လက်ကျန်များသည် ပြည်ပသို့တင်ပို့သည့် ဧည့်မထ၊ ဇီယာ၊ ရက် ၉၀ ဆန် အမျိုးအစားများဖြစ်သည့် နွေစပါးများဖြစ်ပြီး ပေါ်ဆန်း၊ ပေါ်ကျွဲ၊ မနောသုခ၊ ဆင်းသုခ စသည့် မိုးစပါးများကိုသာ ပြည်တွင်းတွင် စားသုံးကြကြောင်း အသင်းချုပ်ထံမှ သိရှိရသည်။

မိမိတို့နိုင်ငံတွင် ပိုလျှံနေသည်မှာ နွေစပါး ဧည့်မထအမျိုးအစားများဖြစ်ပြီး ပြည်ပတင်ပို့သည့် ဆန်များ ဈေးကွက်မရှိခြင်းကြောင့် ပိုလျှံလာခြင်းဖြစ်ကြောင်း၊ ပြည်ပသို့တင်ပို့သည့်ဆန်ဈေးများ ကျဆင်းသော်လည်း ပြည်တွင်းဆန်ဈေးမကျခြင်းမှာ ပြည်တွင်းတွင် စားသုံးသည့်ဆန်ကို တစ်နှစ်တွင် တစ်ရာသီသာလျှင် စိုက်ပျိုးခြင်းကြောင့်ဖြစ်ကြောင်း သိရှိရသည်။ ယခုနှစ်တွင် မြန်မာ့ဆန်အဓိကတင်ပို့သည့် တရုတ်နိုင်ငံသို့ နယ်စပ်မှဆန်တင်ပို့မှုမှာ ၈၀ ရာခိုင်နှုန်းခန့်အထိ လျော့ကျသွားခဲ့ပြီး ဥရောပသမဂ္ဂ (EU) ကလည်း မြန်မာနိုင်ငံမှ ဆန်လုံးရှည်တင်ပို့မှုအပေါ် ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေး (GSP) ကို သုံးနှစ်ခန့်ရပ်ဆိုင်းလိုက်ခြင်းကြောင့် ပြည်ပသို့ဆန်တင်ပို့မှုမှာ သိသိသာသာလျော့ကျကာ ပြည်တွင်းတွင်ဆန်လက်ကျန်များလာခြင်းဖြစ်ကြောင်း သိရှိရသည်။

လက်ရှိတွင် ပဲခူးတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် နွေစပါးများသည် လျှပ်စစ်မီး အခက်အခဲနှင့် အခြောက်ခံစက် အလုံအလောက်မရှိသည့် အခက်အခဲများကြောင့် စပါးအစိုဓာတ်များကာ အခြေခံစပါးဈေး ကျပ်ငါးသိန်းအောက်လျော့ကျပြီး စပါးတင်းတစ်ရာလျှင် ကျပ် ၄၄၀၀၀၀ နှင့် ၄၆၀၀၀၀ အထိသာ ပေါက်ဈေးရှိကြောင်း ကုန်သည်များထံမှ သိရှိရသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒေသများဖြစ်သည့် ဒိုက်ဦးနှင့်အုတ်တွင်းတို့တွင် အစိုဓာတ် ၂၃/၂၄ ရာခိုင်နှုန်းရှိသည့် နွေစပါးတင်းတစ်ရာလျှင် ကျပ် ၄၄၀၀၀၀ ဈေးဖြင့် စပါးတင်း ၁၄၀၀၀၀ ခန့်ကို ဝယ်ယူပေးပြီးဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ထံမှ သိရှိရသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့သည် ဆန်အများဆုံးထွက်ရှိသည့် ဒေသများဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ စပါးများသည် ဧပြီလအတွင်းက ထွက်ရှိခဲ့သည့်အတွက် အခြောက်ခံစက် အခက်အခဲများမရှိသောကြောင့် ကျပ်ငါးသိန်းအထက်တွင် အရောင်းအဝယ် ဖြစ်ခဲ့သော်လည်း မေလအတွင်းထွက်ရှိသည့် ပဲခူးတိုင်းဒေသကြီးအတွင်းမှ စပါးများသည် အခြောက်ခံစက် အခက်အခဲကြောင့် အစိုဓာတ်များကာ ဈေးကျသည့်အခြေအနေနှင့် ရင်ဆိုင်နေရခြင်းဖြစ်ကြောင်း သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့၌ ၂၀၁၉ ခုနှစ် မေ ၃၀ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း

**စာမျက်နှာ ၁၇ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## ကြယ်စင်(တန့်ဆည်မြေ)

| | | | | |
|---|---|---|---|---|
| ၅ | စင်္ကာပူ | လီတာ | ၁.၅၉ | ၁.၃၂ |
| ၆ | မလေးရှား | လီတာ | ၀.၅၀ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၄ | ၀.၈၆ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၉ | ၀.၈၇ |
| ၉ | လာအို | လီတာ | ၁.၂၄ | ၁.၀၀ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၉ ခုနှစ် မေ ၂၇ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄ ဒေါ်လာနှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄ ဒေါ်လာရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၆၅ ဒေါ်လာနှုန်းဖြင့် ၂၅ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၆၆ ဒေါ်လာနှုန်းဖြင့် ၂၈ နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | ဟောင်ကောင် | လီတာ | ၂.၂၀ |
| ၂ | ဆူဒန် | လီတာ | ၀.၁၄ | Monaco | လီတာ | ၁.၉၆ |
| ၃ | အီရန် | လီတာ | ၀.၂၉ | နော်ဝေ | လီတာ | ၁.၉၆ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၄ | Iceland | လီတာ | ၁.၉၅ |
| ၅ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | Netherlands | လီတာ | ၁.၉၄ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | Monaco | လီတာ | ၁.၈၉ |
| ၂ | ဆူဒန် | လီတာ | ၀.၀၉ | Iceland | လီတာ | ၁.၈၆ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၁.၈၂ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | နော်ဝေ | လီတာ | ၁.၈၁ |
| ၅ | Ecuador | လီတာ | ၀.၂၇ | ဆူဒန် | လီတာ | ၁.၇၄ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၀ | ၀.၉၈ |
| ၂ | ဂျပန် | လီတာ | ၁.၃၄ | ၁.၁၆ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၇ | ၀.၉၉ |


Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ်ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၂၄.၅.၂၀၁၉ | စည် | ၅၇.၉၁ |
| ၂ | ၂၇.၅.၂၀၁၉ | စည် | ၅၈.၆၃ |
| ၃ | ၂၈.၅.၂၀၁၉ | စည် | ၅၉.၁၄ |
| ၄ | ၂၉.၅.၂၀၁၉ | စည် | ၅၈.၈၁ |
| ၅ | ၃၀.၅.၂၀၁၉ | စည် | ၅၆.၅၉ |

source : http://www.oil-price.net/

၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၉ ခုနှစ် မေ ၂၇ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်း ဈေးနှုန်းပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေးမှာ မေ ၂၄ ရက်တွင် ရွှေ တစ်အောင်စလျှင် ၁၂၈၁ ဒေါ်လာ၊ မေ ၂၆ ရက်တွင် ၁၂၈၆ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး မေ ၃၀ ရက်တွင် ၁၂၇၆ ဒေါ်လာသို့ ပြန်လည်ကျဆင်းခဲ့ကြောင်း သိရှိရသည်။ ပြည်တွင်းရွှေဈေးနှုန်းမှာ မေ ၂၄ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၀၄၈၅၀၀ ကျပ်၊ မေ ၂၉ ရက်တွင် ၁၀၄၉၅၀၀ ကျပ်၊ မေ ၃၀ ရက်တွင် ၁၀၄၆၅၀၀ ကျပ်အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။ ရွှေဈေးမှာ ခန့်မှန်းရခက်ခဲနေပြီး ပြည်တွင်းရွှေဈေးသည် ကမ္ဘာ့ရွှေဈေးနှုန်းနှင့်အမေရိကန်ဒေါ်လာ အတက်အကျပေါ်မူတည်ပြီး ပြောင်းလဲနိုင်ကြောင်း အဓိကရွှေဈေးကွက်ဖြစ်သော ရွှေဘုံသာဈေးကွက်အတွင်းမှ သိရှိရသည်။

၂၀၁၉ ခုနှစ်၊ မေ ၁ ရက်မှ ၃၀ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-


| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၅.၂၀၁၉ | ၁၀၃၈၅၀၀ | ၁၂၈၂ |
| ၂ | ၂.၅.၂၀၁၉ | ၁၀၃၆၀၀၀ | ၁၂၇၁ |
| ၃ | ၄.၅.၂၀၁၉ | ၁၀၃၉၀၀၀ | ၁၂၇၉ |
| ၄ | ၅.၅.၂၀၁၉ | ၁၀၃၈၀၀၀ | ၁၂၇၉ |
| ၅ | ၆.၅.၂၀၁၉ | ၁၀၄၃၀၀၀ | ၁၂၈၂ |
| ၆ | ၇.၅.၂၀၁၉ | ၁၀၄၃၀၀၀ | ၁၂၈၁ |
| ၇ | ၈.၅.၂၀၁၉ | ၁၀၄၈၀၀၀ | ၁၂၈၈ |
| ၈ | ၉.၅.၂၀၁၉ | ၁၀၄၉၅၀၀ | ၁၂၈၅ |
| ၉ | ၁၀.၅.၂၀၁၉ | ၁၀၄၉၅၀၀ | ၁၂၈၆ |
| ၁၀ | ၁၂.၅.၂၀၁၉ | ၁၀၅၁၀၀၀ | ၁၂၈၆ |
| ၁၁ | ၁၃.၅.၂၀၁၉ | ၁၀၅၁၅၀၀ | ၁၂၈၄ |
| ၁၂ | ၁၄.၅.၂၀၁၉ | ၁၀၅၉၀၀၀ | ၁၂၉၈ |
| ၁၃ | ၁၅.၅.၂၀၁၉ | ၁၀၅၇၅၀၀ | ၁၂၉၈ |
| ၁၄ | ၁၆.၅.၂၀၁၉ | ၁၀၅၂၅၀၀ | ၁၂၉၅ |
| ၁၅ | ၁၇.၅.၂၀၁၉ | ၁၀၅၃၅၀၀ | ၁၂၈၆ |
| ၁၆ | ၁၉.၅.၂၀၁၉ | ၁၀၅၁၅၀၀ | ၁၂၇၈ |
| ၁၇ | ၂၀.၅.၂၀၁၉ | ၁၀၄၇၅၀၀ | ၁၂၇၅ |
| ၁၈ | ၂၁.၅.၂၀၁၉ | ၁၀၄၅၅၀၀ | ၁၂၇၅ |
| ၁၉ | ၂၂.၅.၂၀၁၉ | ၁၀၄၅၅၀၀ | ၁၂၇၄ |
| ၂၀ | ၂၃.၅.၂၀၁၉ | ၁၀၄၇၅၀၀ | ၁၂၇၆ |

စာမျက်နှာ ၁၆ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာပေါ်တွင် သကြားအများဆုံးထုတ်လုပ်သော နိုင်ငံများမှာ International Sugar Organization (ISO) website တွင် ဖော်ပြချက်စာရင်းများအရ ဘရာဇီး၊ အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ ပါကစ္စတန်၊ မက္ကဆီကို၊ ကိုလံဘီယာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် အမေရိကန်ပြည်ထောင်စုတို့ဖြစ်ကြပါသည်။ ၂၀၁၈ ခုနှစ်တွင် သကြားတင်ပို့သော ကမ္ဘာ့ထိပ်တန်းနိုင်ငံများမှာ ဘရာဇီး၊ ထိုင်း၊ ပြင်သစ်၊ အိန္ဒိယ၊ ဂျာမနီ၊ မက္ကဆီကို၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ဂွါတီမာလာ၊ ပါကစ္စတန်၊ တောင်အာဖရိက၊ ပိုလန်၊ ကိုလံဘီယာ၊ Eswatini နှင့်ကျူးဘားနိုင်ငံတို့ဖြစ်ကြပြီး ကမ္ဘာ့သကြားတင်သွင်းမှု အများဆုံးနိုင်ငံများမှာ အင်ဒိုနီးရှား၊ အမေရိကန်ပြည်ထောင်စု၊ တရုတ်၊ မလေးရှား၊ အီတလီ၊ အယ်လ်ဂျီးရီးယား၊ တောင်ကိုရီးယား၊

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 29-May-19 | 12.45 cts/lb | 12.31 cts/lb | 328.35 $/T | 14.89 cts/lb |
| 28-May-19 | 12.32 cts/lb | 12.32 cts/lb | 327.75 $/T | 14.87 cts/lb |
| 24-May-19 | 12.27 cts/lb | 12.33 cts/lb | 326.70 $/T | 14.82 cts/lb |
| 23-May-19 | 12.18 cts/lb | 12.35 cts/lb | 324.35 $/T | 14.71 cts/lb |
| 22-May-19 | 12.24 cts/lb | 12.39 cts/lb | 325.20 $/T | 14.75 cts/lb |
| 21-May-19 | 12.38 cts/lb | 12.42 cts/lb | 328.65 $/T | 14.91 cts/lb |
| 20-May-19 | 12.21 cts/lb | 12.46 cts/lb | 325.45 $/T | 14.76 cts/lb |
| 17-May-19 | 12.14 cts/lb | 12.46 cts/lb | 323.70 $/T | 14.68 cts/lb |
| 16-May-19 | 12.36 cts/lb | 12.49 cts/lb | 332.75 $/T | 15.09 cts/lb |
| 15-May-19 | 12.40 cts/lb | 12.51 cts/lb | 328.80 $/T | 14.91 cts/lb |
| 14-May-19 | 12.49 cts/lb | 12.55 cts/lb | 330.40 $/T | 14.99 cts/lb |
| 13-May-19 | 12.41 cts/lb | 12.58 cts/lb | 328.35 $/T | 14.89 cts/lb |
| 10-May-19 | 12.28 cts/lb | 12.60 cts/lb | 325.75 $/T | 14.78 cts/lb |
| 9-May-19 | 12.33 cts/lb | 12.65 cts/lb | 326.80 $/T | 14.82 cts/lb |
| 8-May-19 | 12.24 cts/lb | 12.67 cts/lb | 324.15 $/T | 14.70 cts/lb |
| 7-May-19 | 12.51 cts/lb | 12.70 cts/lb | 330.45 $/T | 14.99 cts/lb |
| 3-May-19 | 12.58 cts/lb | 12.76 cts/lb | 330.05 $/T | 14.97 cts/lb |
| 2-May-19 | 12.77 cts/lb | 12.78 cts/lb | 332.20 $/T | 15.07 cts/lb |
| 1-May-19 | 12.77 cts/lb | 12.79 cts/lb | 334.05 $/T | 15.15 cts/lb |




UAE၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် စပိန်နိုင်ငံတို့ဖြစ်ကြသည်။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် သကြားအများဆုံး လိုအပ်လျက်ရှိသည့် နိုင်ငံတစ်ခုဖြစ်ပြီး သကြားထုတ်လုပ်မှုတွင် ကမ္ဘာ့အများဆုံး ထုတ်လုပ်နိုင်သည့် နိုင်ငံများစာရင်းတွင် သုံးနိုင်ငံမြောက်အဖြစ် ပါဝင်ကာ နှစ်စဉ်ပျမ်းမျှ သကြားတန်ချိန် ၁၀ သန်းကျော် ထုတ်လုပ်နိုင်သော်လည်း တရုတ်နိုင်ငံ၏ ပြည်တွင်းစားသုံးရန် လိုအပ်မှုသည် တစ်နှစ်လျှင် တန်ချိန် ၁၆သန်းခန့်ဖြစ်သည့်အတွက် တန်ချိန် ခြောက်သန်းခန့် လိုအပ်လျက်ရှိသည်ကို တွေ့ရှိရသည်။

ကမ္ဘာ့သကြား ဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင်ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၁-၅-၂၀၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၃၄ ဒသမ ၀၅ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး မေ ၂၉ ရက်တွင် သကြားဖြူ (White Sugar)တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၈ ဒသမ၃၅ ဖြစ်ပေါ်ခဲ့သည်ကို တစ်ဖက်ပါအတိုင်း တွေ့ရှိရသည်-

ပြည်တွင်းထွက်သကြားများသည် အထွက်နှုန်းတိုးသော်လည်း လက်ရှိတွင် ဝယ်လက်မရှိ၍

စာမျက်နှာ ၁၆ သို့

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

သကြားများ စုပုံလျက်ရှိကြောင်း၊ သကြားများ စုပုံနေသောကြောင့် သကြားဈေးနှုန်းများ ကျဆင်းခြင်း၊ ရောင်းချရာတွင် ခက်ခဲခြင်း၊ လက်ကျန်သကြားများကို သိမ်းဆည်းရမည့် ဂိုဒေါင်မရှိခြင်းတို့ဖြစ်ပေါ်ပြီး ငွေကြေးလည်ပတ်မှု အခက်အခဲနှင့် ကြံစိုက်တောင်သူများကို စိုက်ပျိုး စရိတ်ထုတ်ပေးရန် အခက်အခဲတို့ဖြင့် ရင်ဆိုင်နေရကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောကြားခဲ့သည်ကို သိရှိရသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းထုတ်ကုန် ပမာဏတိုးတက်စေရန်၊ အသေးစားနှင့် အလတ်စား (SME) လုပ်ငန်းများ ရေရှည်ရပ်တည် နိုင်ရန်နှင့် ပိုလျှံသကြားများကို ပြည်ပသို့တင်ပို့ရောင်းချနိုင်ရန် ဈေးကွက်ရရှိစေရေးအတွက် အစိုးရက ကူညီဆောင်ရွက်ပေးရန် မေ ၂၂ ရက်ကပြုလုပ်သည့် ဒုတိယသမ္မတ (၁) နှင့် စီးပွားရေး လုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲတွင် တင်ပြထားကြောင်းလည်း သိရှိရသည်။ ထို့ပြင် Refine Sugar (သန့်စင်ပြီးသကြား) ထုတ်လုပ်နိုင်မည့်စက်များ တည်ဆောက်နိုင်ရန်အတွက် အစိုးရက ချေးငွေများထုတ်ပေးခြင်း သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ် ပေးခြင်းတို့ ကူညီဆောင်ရွက်ပေးရန် ထည့်သွင်းတင်ပြထားကြောင်း ယင်းအသင်းထံမှ သိရှိရသည်။

သကြားထုတ်လုပ်ရာမှ ဘေးထွက်ပစ္စည်းများဖြစ်သည့် ကြံဖတ်မှ လျှပ်စစ်ထုတ်၍ ရနိုင်ပြီး သကြားစက်ရုံများမှထွက်ရှိလာသည့် တင်လဲရည်ကို အီသနောထုတ်လုပ်ကာ ပြည်ပမှတင်သွင်းသည့် လောင်စာဖြင့်ရောစပ်ပြီး လောင်စာစွမ်းအင်ထုတ်နိုင်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ဘေးထွက်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်လုပ်ရန်အတွက် မူဝါဒများချမှတ်ဆောင်ရွက်ပေးရန် ထည့်သွင်းတင်ပြထားကြောင်း သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းထံမှ သိရှိရသည်။

တရုတ်နိုင်ငံဘက်က မြန်မာနိုင်ငံက တင်ပို့သည့် သကြားကို အတုံး၊ အခဲများဖြစ်သည့် ကုန်ကြမ်းကို လက်မခံသောကြောင့် သကြားကိုအရည်ဖျော်ကာ သကြားဓာတ် ၅၄ ရာခိုင်နှုန်း၊ ရေဓာတ် ၄၅ ရာခိုင်နှုန်းဖြင့် တင်လဲရည်အဖြစ် ရောစပ်တင်ပို့ခြင်းကို တရုတ်နိုင်ငံက လက်ခံမည်ဆိုသော်လည်း ပျော်ရည်အဖြစ်ပြောင်းလဲရန် စက်မရှိသည့်အတွက် လူအားဖြင့် လုပ်ကိုင်ရမည်ဖြစ်ခြင်း၊ တစ်နိုင်တစ်ပိုင် လုပ်ဆောင်ရခြင်းနှင့် သကြားများမှာ ပြန်ခဲနိုင်ခြင်း စသည့်အခက်အခဲ များစွာရှိကြောင်း မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောကြားခဲ့သည်ကို သိရှိရသည်။

၂၀၁၉ ခုနှစ်၊ မေလ နောက်ဆုံးပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြား ဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန် ဒေါ်လာ ၇၆၄ ဖြစ်ပေါ်ခဲ့ပြီး၊ အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ ဒေါ်လာ ၂၃၁၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန် ဒေါ်လာ ၄၁၆-၄၂၈၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၆၉-၅၇၄ ဖြစ်ပြီး ယခင်အပတ် နှင့်နှိုင်းယှဉ်ပါက အိန္ဒိယနိုင်ငံတွင် သကြားဈေးနှုန်းမှာ အနည်းငယ် မြင့်တက်လျက်ရှိကာ တရုတ်၊ ပါကစ္စတန်နှင့်အမေရိကန်နိုင်ငံတို့တွင် သကြားဈေးနှုန်း အနည်းငယ် ကျဆင်းလျက်ရှိကြောင်း သိရှိရသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသပေါက်ဈေးမှာတစ် တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၃၇ ဖြစ်ကြောင်း လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ်၊ မေလ နောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၄၈ ရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၆၄ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၁၆

| စဉ် | မြို့အမည် | သကြား(ကျပ်/ပိဿာ) | | | | |
|---|---|---|---|---|---|---|
| | | မေ ၂၄ | မေ ၂၇ | မေ ၂၈ | မေ ၂၉ | မေ ၃၀ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၂ | လားရှိုး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၅ | လွိုင်ကော် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၆ | ဘားအံ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၇ | မော်လမြိုင် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၈ | ထားဝယ် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၉ | မြိတ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၁ | ပုသိမ် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၂ | စစ်တွေ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၃ | ဟားခါး | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ |
| ၁၄ | မုံရွာ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၅ | မန္တလေး | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၆ | ပခုက္ကူ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၉ | ပဲခူး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၀ | ပျဉ်းမနား | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၂၁ | နေပြည်တော် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၂ | ကလေး | ၁၂၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |

Source:DACA–Domestic

ဒေါ်လာဈေးနှုန်း ကွာဟချက်ရှိသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၅ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၉ ဝန်းကျင်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ် များရှိ မြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့်ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး တောင်ကြီး၊ ဘားအံ၊ ထားဝယ်နှင့် ပျဉ်းမနားမြို့တို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့အလိုက်ဖြစ်ပေါ်နေသော ဈေးနှုန်းများကို တစ်ဖက်ပါအတိုင်း ဖော်ပြအပ်သည်-

Trading Economics Website ၌ဖော်ပြချက်အရ ၂၀၁၉ ခုနှစ်၊ မေ ၃၀ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ၁ ဒသမ ၆၄ ရာခိုင်နှုန်း မြင့်တက်သွားကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်၊ မေလ နောက်ဆုံးပတ်အတွင်း ပြည်တွင်းသကြားဈေးနှုန်းများမှာ အတက် အကျအပြောင်းအလဲမရှိဘဲ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

| | | | |
|---|---|---|---|
| ၂၁ | ၂၄.၅.၂၀၁၉ | ၁၀၄၈၅၀၀ | ၁၂၈၁ |
| ၂၂ | ၂၅.၅.၂၀၁၉ | ၁၀၄၇၀၀၀ | ၁၂၈၅ |
| ၂၃ | ၂၇.၅.၂၀၁၉ | ၁၀၄၇၀၀၀ | ၁၂၈၆ |
| ၂၄ | ၂၈.၅.၂၀၁၉ | ၁၀၄၈၅၀၀ | ၁၂၈၄ |
| ၂၅ | ၂၉.၅.၂၀၁၉ | ၁၀၄၉၅၀၀ | ၁၂၈၃ |
| ၂၆ | ၃၀.၅.၂၀၁၉ | ၁၀၄၆၀၀၀ | ၁၂၇၆ |

Source: estimate of world's exchange rate and gold price page


ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth ၆. ၈၀ % ၊ Annual Rate of Inflation ၇. ၂၈ %၊ Year on Year Inflation ၇. ၉၂ % ရှိသည်ကို လေ့လာသိရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ အမေရိကန်ဒေါ်လာဈေးသည် မေ ၂၂ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၄၀ ဒသမ ၃၀ ကျပ်ဖြစ်ပေါ်ခဲ့ရာမှ မေ ၂၄ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၇ ဒသမ ၁၀ ကျပ်၊ မေ ၂၇ ရက်တွင် ၁၅၃၂ ဒသမ ၈၀ ကျပ်၊ မေ ၂၈ ရက်တွင် ၁၅၃၂ ဒသမ ၉၀ ကျပ်၊ မေ ၂၉ ရက်တွင် ၁၅၃၅ ဒသမ ၃၀ ကျပ်နှင့် မေ ၃၀ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၅ ဒသမ ၂၀ ကျပ် အသီးသီးဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

ပြင်ပဒေါ်လာဈေးကွက်တွင်လည်း အရောင်းအဝယ်မှာ အတက်အကျ အပြောင်းအလဲများဖြစ်ပေါ်နေပြီး မေ ၂၄ ရက် တွင် တစ်ဒေါ်လာလျှင် ၁၅၂၉ ကျပ်၊ မေ ၂၇ ရက်တွင်တစ်ဒေါ်လာလျှင် ၁၅၂၇ ကျပ်၊ မေ ၂၈ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၀ ကျပ်၊ မေ ၃၀ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၁ ကျပ် စသည်ဖြင့် အသီးသီး ပေါက်ဈေးများဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ်၊ မေ ၂ ရက်မှ ၃၀ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်းတန်ဖိုးများအား တစ်ဖက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာတန်ဖိုး ကျပ် ၁၅၀၀ အထက်တွင် အတက်/အကျ အနည်းငယ်သာရှိပြီး အများအားဖြင့် တည်ငြိမ်မှုရှိနေကြောင်း၊တန်ဖိုးအတက်/အကျ တစ်လအတွင်း တစ်ရာခိုင်နှုန်းမှ သုံးရာခိုင်နှုန်းကြားသာရှိသည့် အခြေအနေမျိုးကို ၂၀၁၉ နှစ်ဆန်းက စတင်ကြုံတွေ့ရကြောင်း၊ ပြည်တွင်း ငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုးသည် လဆန်းပိုင်းတွင် ဆက်တိုက်မြင့်တက်လေ့ရှိပြီး လကုန်ပိုင်း၌ အနည်းငယ်ပြန်လည်ကျဆင်းလေ့ရှိကြောင်း စီးပွားရေးလုပ်ငန်းရှင်များမှ လေ့လာသုံးသပ်ကြသည်ကို သိရှိရသည်။

မေ ၂၄ ရက်မှ ၃၀ ရက်အထိ ရက်အလိုက်ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာငွေလဲလှယ်နှုန်းများကို အထက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-



Source: Central Bank of Myanmar

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၄-၅-၁၉ | ၂၇-၅-၁၉ | ၂၈-၅-၁၉ | ၂၉-၅-၁၉ | ၃၀-၅-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၅၃၇.၁၀၀ | ၁၅၃၂.၈၀၀ | ၁၅၃၂.၉၀၀ | ၁၅၃၅.၃၀၀ | ၁၅၃၅.၂၀၀ | -၀.၁၂ | ⬇ |
| ၂ | Thai Baht | THB | ၃၁.၈၆၀ | ၃၁.၈၀၀ | ၃၁.၇၆၀ | ၃၁.၈၅၀ | ၃၁.၈၀၀ | -၀.၁၆ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၃၇၇ | ၁.၃၇၄ | ၁.၃၇၈ | ၁.၃၈၃ | ၁.၃၈၀ | ၀.၂၂ | ⬆ |
| ၄ | Malaysian Ringgit | MYR | ၄.၁၉၁ | ၄.၁၈၆ | ၄.၁၈၇ | ၄.၁၉၇ | ၄.၁၉၆ | ၀.၁၂ | ⬆ |
| ၅ | Indonesian Rupiah | IDR | ၁၄၃၉၂ | ၁၄၃၈၀ | ၁၄၃၇၅ | ၁၄၄၁၁ | ၁၄၄၀၀ | ၀.၀၅ | ⬆ |
| ၆ | Chinese Yuan | CNY | ၆.၉၀၄ | ၆.၈၉၇ | ၆.၉၁၂ | ၆.၉၁၁ | ၆.၉၀၇ | ၀.၀၄ | ⬆ |
| ၇ | Indian Rupee | INR | ၆၉.၆၅၉ | ၆၉.၆၀၃ | ၆၉.၆၇၁ | ၆၉.၉၂၃ | ၆၉.၈၉၀ | ၀.၃၃ | ⬆ |
| ၈ | Japanese Yen | JPY | ၁၀၉.၅၂၇ | ၁၀၉.၄၉၄ | ၁၀၉.၂၃၅ | ၁၀၉.၂၅၁ | ၁၀၉.၆၈၈ | ၀.၁၅ | ⬆ |
| ၉ | Austrialia Dollar | AUD | ၁.၄၅၀ | ၁.၄၄၅ | ၁.၄၄၅ | ၁.၄၄၆ | ၁.၄၄၃ | -၀.၄၆ | ⬇ |
| ၁၀ | Euro | EUR | ၀.၈၉၄ | ၀.၈၉၄ | ၀.၈၉၃ | ၀.၈၉၆ | ၀.၈၉၈ | ၀.၄၅ | ⬆ |
| ၁၁ | Pound Sterling | GBP | ၀.၇၈၈ | ၀.၇၈၇ | ၀.၇၈၉ | ၀.၇၉၁ | ၀.၇၉၂ | ၀.၄၇ | ⬆ |

Source– Central Bank of Myanmar

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ မေ ၂၄ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၇ ဒသမ ၁၀ ကျပ်ရှိခဲ့ရာမှ မေ ၃၀ ရက်တွင် ၁၅၃၅ သမ ၂၀ ကျပ်သို့ ပြန်လည်ကျဆင်းလာခဲ့ပြီး တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ၀. ၁၂ % ကျဆင်းခဲ့သည်ကို တွေ့ရှိရသည်။

တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ငွေဈေးတည်ငြိမ်မှုသည်လည်း အရေးကြီးလိုအပ်ချက်တစ်ရပ်ဖြစ်ပြီး အစိုးရအနေဖြင့် ပြည်တွင်းကျပ်ငွေတန်ဖိုးတည်ငြိမ်ရေး ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့၍ စဉ်ဆက်မပြတ် အကျိုးသက်ရောက်မှုရှိစေမည့် စီမံချက် များချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်းနှင့် ပြည်တွင်းဒေါ်လာနှင့် ရွှေဈေးကွက်အပေါ် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများအား စဉ်ဆက်မပြတ်စောင့်ကြည့်၍ လိုအပ်သည့် ထိန်းကျောင်းမှုများ ဆောင်ရွက်သွားသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ . . . မှအဆက်

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

၂၀၁၉ ခုနှစ် မေ ၃၀ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင် ကျပ် ၁၀၁၀၊ ပရီမီယမ် ဒီဇယ်တစ်လီတာလျှင် ကျပ် ၁၀၂၀၊ အောက်တိန်း-92 တစ်လီတာ လျှင် ၉၁၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၉၈၅ ကျပ်ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။

ယခုတစ်ပတ်တွင် အာရှဒေသနိုင်ငံများဖြစ်သော မြန်မာ၊ တရုတ်၊ တောင်ကိုရီးယား၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့တွင် စက်သုံးဆီဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူနှင့် ပါကစ္စတန်နိုင်ငံများ၏ ဈေးနှုန်းများမှာ တည်ငြိမ်နေကြောင်း လေ့လာသိရှိရသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ် လျှင် ဈေးနှုန်းအနည်းငယ် တည်ငြိမ်နေကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဓာတ်ဆီ | | | | | ဒီဇယ်ဆီ | | | | |
| | | မေ ၂၄ | မေ ၂၇ | မေ ၂၈ | မေ ၂၉ | မေ ၃၀ | မေ ၂၄ | မေ ၂၇ | မေ ၂၈ | မေ ၂၉ | မေ ၃၀ |
| ၁ | မြစ်ကြီးနား | ၄၆၃၀ | ၄၅၆၃ | ၄၅၆၃ | ၄၅၆၃ | ၄၅၆၃ | ၄၇၃၄ | ၄၆၈၉ | ၄၆၈၉ | ၄၆၈၉ | ၄၆၈၉ |
| ၂ | လားရှိုး | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ |
| ၃ | ကျိုင်းတုံ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၅၁၇၅ | ၅၁၇၅ | ၅၁၇၅ | ၅၁၇၅ | ၅၁၇၅ |
| ၄ | တောင်ကြီး | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ |
| ၅ | လွိုင်ကော် | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ |
| ၆ | ဘားအံ | ၄၂၅၃ | ၄၂၅၃ | ၄၂၅၃ | ၄၂၇၅ | ၄၂၇၅ | ၄၇၄၈ | ၄၇၄၈ | ၄၇၄၈ | ၄၇၄၈ | ၄၇၄၈ |
| ၇ | မော်လမြိုင် | ၄၅၆၇ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၇၉၂ | ၄၇၉၂ | ၄၇၉၂ | ၄၇၉၂ | ၄၇၉၂ |
| ၈ | ထားဝယ် | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ |
| ၉ | မြိတ် | ၄၃၂၀ | ၄၃၂၀ | ၄၃၂၀ | ၄၃၂၀ | ၄၃၂၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၁၀ | ရန်ကုန် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၅၉၂ | ၄၅၉၂ | ၄၅၉၂ | ၄၅၉၂ | ၄၅၉၂ |
| ၁၁ | ပုသိမ် | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၁၂ | စစ်တွေ | ၄၁၆၀ | ၄၁၆၀ | ၄၁၆၀ | ၄၂၄၀ | ၄၂၄၀ | ၄၆၈၀ | ၄၆၈၀ | ၄၆၈၀ | ၄၆၈၀ | ၄၆၈၀ |
| ၁၃ | ဟားခါး | ၄၅၄၀ | ၄၅၄၀ | ၄၅၄၀ | ၄၅၄၀ | ၄၅၄၀ | ၄၅၈၀ | ၄၅၈၀ | ၄၅၈၀ | ၄၅၈၀ | ၄၅၈၀ |
| ၁၄ | မုံရွာ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ |
| ၁၅ | မန္တလေး | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၁၆ | ပခုက္ကူ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ |
| ၁၇ | မကွေး | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ | ၄၇၉၅ | ၄၈၄၀ | ၄၈၄၀ | ၄၈၄၀ | ၄၈၄၀ |
| ၁၈ | ပြည် | ၄၃၀၀ | ၄၃၅၀ | ၄၃၅၀ | ၄၃၅၀ | ၄၃၅၀ | ၄၇၂၅ | ၄၇၂၅ | ၄၇၂၅ | ၄၇၂၅ | ၄၇၂၅ |
| ၁၉ | ပဲခူး | ၄၁၂၀ | ၄၁၂၀ | ၄၁၂၀ | ၄၁၂၀ | ၄၁၂၀ | ၄၅၂၀ | ၄၅၂၀ | ၄၅၂၀ | ၄၅၂၀ | ၄၅၂၀ |
| ၂၀ | ပျဉ်းမနား | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၅၀ | ၄၃၅၀ | ၄၇၉၀ | ၄၇၉၀ | ၄၇၉၀ | ၄၇၉၀ | ၄၇၉၀ |
| ၂၁ | နေပြည်တော် | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၅၀ | ၄၃၅၀ | ၄၇၉၀ | ၄၇၉၀ | ၄၇၉၀ | ၄၇၉၀ | ၄၇၉၀ |
| ၂၂ | ကလေး | ၄၃၀၀ | ၄၇၇၃ | ၄၇၇၃ | ၄၇၇၃ | ၄၇၇၃ | ၄၇၀၀ | ၅၁၈၇ | ၅၁၈၇ | ၅၁၈၇ | ၅၁၈၇ |

Source : DOCA-Domestic

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

တစ်ယွမ်လျှင် ၂၂၂ ကျပ်နှုန်းရှိပြီး၊ ဧည့်မထ ၂၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၂၀၄၂၅ မှ ၂၀၆၄၅ ကျပ်အထိ ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၉ ခုနှစ် မေ ၃၀ ရက်တွင်ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၇ ကျပ်နှုန်းရှိပြီး ဧည့်မထဆန်တစ်အိတ်လျှင် ကျပ် ၂၂၀၀၀ ခန့် ပေါက်ဈေးရှိကြောင်း သိရှိရသည်။

USDA စာရင်းများအရ ၂၀၁၉ ခုနှစ် မေလအတွင်း လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့ဆန် အဓိကတင်သွင်းသော နိုင်ငံများ၏ တင်သွင်းနိုင်မည့်တန်ချိန်မှာ အင်ဂိုလာ သုည ဒသမ ၅၀၀ သန်း၊ ဘီနင် သုည ဒသမ ၇၂၅ သန်း၊ ဘရာဇီး သုည ဒသမ ၈၀၀ သန်း၊ တရုတ် ၄သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၆၀၀ သန်း၊ EU နှစ်သန်း၊ ဂါနာ သုည ဒသမ ၈၀၀ သန်း၊ အင်ဒိုနီးရှား သုည ဒသမ ၈၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၂၀၀ သန်း၊ အီရတ် ၁ ဒသမ ၃၅၀ သန်း၊ ကင်ညာ သုည ဒသမ ၈၀၀ သန်း၊ မလေးရှား တစ်သန်း၊ မက္ကဆီကို သုည ဒသမ ၇၈၅ သန်း၊ မိုဇမ်ဘစ် သုည ဒသမ ၇၀၀ သန်း၊ နိုင်ဂျီရီးယား ၂ ဒသမ ၄၀၀ သန်း၊ ဖိလစ်ပိုင် ၂ ဒသမ ၇၀၀ သန်း၊ ဆော်ဒီအာရေဗျ ၁ ဒသမ ၃၇၅ သန်း၊ ဆီနီဂေါ ၁ ဒသမ ၃၀၀ သန်း၊ တောင်အာဖရိက ၁ ဒသမ ၀၅၀ သန်း၊ UAE သုည ဒသမ ၉၂၅ သန်း၊ US သုည ဒသမ ၉၀၀ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများ၏တင်ပို့နိုင်မည့်ပမာဏမှာ အိန္ဒိယ ၁၂ ဒသမ ၅၀၀ သန်း၊ ထိုင်း ၁၀ သန်း၊ ဗီယက်နမ် ၆ ဒသမ ၅၀၀ သန်း၊ US ၃ ဒသမ ၃၀၀ သန်း၊ တရုတ် ၃ ဒသမ ၂၀၀ သန်း၊ ကမ္ဘောဒီးယား ၁ ဒသမ ၃၀၀ သန်း၊ ဥရုဂွေး သုည ဒသမ ၈၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၆၀၀ သန်း၊ ပါရာဂွေး သုည ဒသမ ၆၀၀ သန်း၊ ဂိုင်ယာနာ သုည ဒသမ ၅၁၀ သန်း၊ အာဂျင်တီးနား သုည ဒသမ ၃၀၀ သန်း၊ EU သုည ဒသမ ၃၀၀ သန်း၊ ရုရှားသုည ဒသမ ၁၄၀ သန်း၊ တောင်အာဖရိက သုည ဒသမ ၁၂၅ သန်းနှင့် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၂ ဒသမ ၈၀၀ သန်း တင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားသည်။

ဘုရင့်နောင် ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဈေးနှုန်းအတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မေ ၂၄ ရက်မှ ၃၀ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာနိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၂၄.၅.၂၀၁၉ | ၂၇.၅.၂၀၁၉ | ၂၈.၅.၂၀၁၉ | ၂၉.၅.၂၀၁၉ | ၃၀.၅.၂၀၁၉ |
| ၁ | ကရင်မ | 90(Raw) | ၁၉၃၀၀ | ၁၉၂၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၉၁၀၀ |
| ၂ | ကရင်မ | 80(Raw) | ၁၈၈၀၀ | ၁၈၇၀၀ | ၁၈၅၀၀ | ၁၈၅၀၀ | ၁၈၅၀၀ |
| ၃ | ကရင်မ | 70(Raw) | ၁၈၃၀၀ | ၁၈၁၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၇၉၀၀ |
| ၄ | ကရင်မ | 65(Raw) | ၁၇၈၀၀ | ၁၇၂၀၀ | ၁၇၅၀၀ | ၁၇၅၀၀ | ၁၇၄၀၀ |
| ၅ | ဧီယာ/ဧည့်မထ | 90(Raw) | ၁၈၈၀၀ | ၁၈၈၀၀ | ၁၈၅၀၀ | ၁၈၅၀၀ | ၁၈၃၀၀ |
| ၆ | ဧီယာ/ဧည့်မထ | 80(Raw) | ၁၈၃၀၀ | ၁၈၃၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၇၈၀၀ |
| ၇ | ဧီယာ/ဧည့်မထ | 70(Raw) | ၁၇၈၀၀ | ၁၇၇၀၀ | ၁၇၅၀၀ | ၁၇၅၀၀ | ၁၇၃၀၀ |
| ၈ | ဧီယာ/ဧည့်မထ | 65(Raw) | ၁၇၃၀၀ | ၁၇၂၀၀ | ၁၇၀၀၀ | ၁၇၁၀၀ | ၁၆၈၀၀ |

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက မုံရွာမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၂၀၀ နှင့်ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၁၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းဖြစ်ပေါ်ခဲ့ပြီး မော်လမြိုင်နှင့် တောင်ကြီးမြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၁၀၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရ သည်။ မြန်မာနိုင်ငံ မြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်တွင် ဖော်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | ဧည့်မထဆန်(ကျပ်/ပြည်) | | | | |
|---|---|---|---|---|---|---|
| | | ၂၄.၅.၂၀၁၉ | ၂၇.၅.၂၀၁၉ | ၂၈.၅.၂၀၁၉ | ၂၉.၅.၂၀၁၉ | ၃၀.၅.၂၀၁၉ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၃ | ကျိုင်းတုံ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၄ | တောင်ကြီး | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၅ | လွိုင်ကော် | ၁၈၅၀ | ၁၈၅၀ | ၁၈၅၀ | ၁၈၅၀ | ၁၈၅၀ |
| ၆ | ဘားအံ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၇ | မော်လမြိုင် | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၈ | ထားဝယ် | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ |
| ၉ | မြိတ် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၀ | ရန်ကုန် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၁ | ပုသိမ် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၂ | စစ်တွေ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၃ | ဟားခါး | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ |
| ၁၄ | မုံရွာ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ |
| ၁၅ | မန္တလေး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၆ | ပခုက္ကူ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ |
| ၁၇ | မကွေး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၈ | ပြည် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၉ | ပဲခူး | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၂၀ | ပျဉ်းမနား | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ |
| ၂၁ | နေပြည်တော် | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ |
| ၂၂ | ကလေး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |

Source-DOCA-Domestic

မြန်မာနိုင်ငံ အနေဖြင့် လယ်ယာ စိုက်ပျိုးရေးကို အဓိကအားထားသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ တိုးတက် ပြောင်းလဲလာသည့် Global စီးပွားရေးစနစ်တွင် စိန်ခေါ်မှုယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။ မြန်မာ့လယ်ယာကဏ္ဍတွင်လည်း စိန်ခေါ်မှု၊ ယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်တွေ့ကြုံနေရပြီး တောင်သူများမှာလည်း ဆုံးရှုံးနစ်နာမှုများစွာနှင့် ကြုံတွေ့ရလျက်ရှိရာ ခိုင်မာသည့်ဈေးကွက်သစ်များရှာဖွေနိုင်ရန် အရေးတကြီး လုပ်ဆောင်နိုင်ရန် လိုအပ်လျက်ရှိသည်။

ကြုံတွေ့လာရသည့် စိန်ခေါ်မှု အခက်အခဲများစွာမှ သင်ခန်းစာယူပြီး စနစ်တကျပူးပေါင်းဖြေရှင်း၍ နိုင်ငံတကာ ဈေးကွက်ဝယ်လိုအား အဆင့်အတန်းစံ သတ်မှတ်ချက်များ စံချိန်စံညွှန်းပြည့်မီရေး တက်ညီလက်ညီ ဆောင်ရွက်နိုင်ရေး ပိုမိုတွန်းအားပေး လုပ်ဆောင်ကြရမည်ဖြစ်သည်။

Trading Economics Website ၌ ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက သုည ဒသမ ၇၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ၂၀၁၉ ခုနှစ် မေလ နောက်ဆုံးပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် Joint Task Force Meeting အစည်းအဝေးသို့ တက်ရောက်



ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ မြန်မာ-ထိုင်းနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စီမံကိန်းဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် ရည်ရွယ်ပြီး မြန်မာ-ထိုင်း Joint Task Force အစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Royal Orchid Sheraton Hotel တွင် မေ ၂၈ ရက်တွင် ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးခေါင်းဆောင်၍ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာမြင့်ဆန်းနှင့် အဖွဲ့ဝင်များပါဝင်သော မြန်မာကိုယ်စားလှယ်ခုနစ်ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိတွေ့ကြုံနေရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ထိရောက်စွာဖြေရှင်းနိုင်မည့် နည်းလမ်းများ၊ ၂၀၁၉ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ကျင်းပမည့် ဝန်ကြီးအဆင့် Joint Coordination Committee –JCC နှင့် မြန်မာ-ထိုင်းနှစ်နိုင်ငံအစိုးရ အဆင့်မြင့်ကော်မတီ Joint Higher Committee – JHC တို့ ကျင်းပနိုင်ရေး၊ စက်မှုဇုန်များ စတင်ထူထောင်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းအတွက် ရန်ပုံငွေရှာဖွေရေး၊ ရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်ရေးနှင့် ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ရေးတို့အတွက် မြန်မာ၊ ထိုင်းနှင့် ဂျပန်အစိုးရတို့ဘက်မှ ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ ပါဝင်ဖွဲ့စည်းထားသော ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် (Special Purpose Vehicle–SPV)၏ လုပ်ငန်းများအား ထိရောက်စွာဆောင်ရွက်နိုင်ရေး နည်းလမ်းတို့ကို အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**







GLOBAL WORLD INSURANCE
Hot line - 09 797003004
Asia Winner Industrial Ltd.
AWI
Family Healthcare Is OurTop Priority
Korea No. 1 Multi Active Vitamins
ARONAMIN Gold
Biovita Granule
Active Lactobacillus sporogenes Preparation
LACTO-GOLD
Alive Probiotics with Nutrient Supplement
LACTO -GOLD Probiotics
DIVINE DEW
PREMIUM STEAM HAIR PACK
Divine Dew
Product of Korea
BRING INNER BEAUTY OUT
Quardruple Coating Technology:
Safely Delievery Alive Probiotics To Intestine:
Like us on Divine Dew
Like us on Asia Winner Distribution, AronaminGold Myanmar, Biovita Myanmar, UniqueCare Pharmaceutical Co.,Ltd.
No. 25 (AWI Building), 63rd Street, Botahtaung Tsp, Yangon, Myanmar. : (95-1) 397096, 397097, 397098, 9010237, 9010238 Ext (201), Fax : (95-1) 397101
Mandalay : 09-910 16 221 Mawlamyine : 09-730 79 284 Taung Gyi : 081-24 952 Lasho : 09-96 426 0322 Sittwe : 09-773204640 Nay Pyi Taw : 09-535 2206
Pyay : 09-425005115 Myit Kyina : 09-2400 163 Pathain : 042-22098 Kalay : 07 321 884 Taunggu : 09-5352206 Hotline : 097 83 85 83 86

# ၂၀၁၉ ခုနှစ် တောင်နှင့် အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော် (The 2019 South and South East Asia Commodity Expo and Investment Fair) နှင့် မြန်မာနိုင်ငံ

## (ကုန်သွယ်မှုမြှင့်တင်ရန် ကုန်စည်ပြပွဲအခြေခံ)

ယခင်တစ်ပတ်မှအဆက်

**ပြပွဲကာလအတွင်းကျင်းပမည့် ဆက်စပ်အခမ်းအနားများ**

ယခုပြပွဲကာလအတွင်းကျင်းပမည့် ဆက်စပ်အခမ်းအနားများမှာ အောက်ပါအတိုင်းဖြစ်သည်-

| အမည် | နေ့ရက် |
|---|---|
| China-South Asia Governors and Mayors' Forum (Parallel Meeting 1) | ဇွန်လ ၁၁ရက် |
| China-South Asia Business Cooperation Meeting (Parallel Meeting 2) | ဇွန်လ ၁၁ရက် |
| China-South Asia Poverty Reduction Local Cooperation Forum (Parallel Meeting 3) | ဇွန်လ ၁၁ရက် |
| China-South Asia Media Forum (Parallel Meeting 4) | ဇွန်လ ၁၁ ရက် |
| The 13th Forum on Regional Cooperation among Bangladesh, China, India and Myanmar (Parallel Meeting 5) | ဇွန်လ ၁၁ ရက် |
| 2019 China Yunnan-Indian Cultural Week and Kunming China-India Yoga Conference | ဇွန်လ ၁၀ ရက်မှ ဇွန်လ ၁၆ ရက်ထိ |
| Welcoming Banquet of 2019 SSACEIF | ဇွန်လ ၁၁ ရက် |
| Opening Ceremony of 2019 SSACEIF | ဇွန်လ ၁၂ ရက် |
| Yunnan-South Asia & Southeast Asia Education Exchange and Cooperation Forum | ဇွန်လ ၁၀ ရက်မှ ဇွန်လ ၁၁ ရက်ထိ |
| The 11th GMS Week Economic Corridor | ဇွန်လ ၁၀ရက်မှ ဇွန်လ ၁၁ ရက်ထိ |
| 2019 China-South Asia & Southeast Arts Week | ဇွန်လ ၁၁ ရက်မှ ဇွန်လ ၁၅ ရက်ထိ |
| The 14th China-South Asia Business Forum | ဇွန်လ ၁၁ ရက်မှ ဇွန်လ ၁၃ ရက်ထိ |
| The 7th China South and Southeast Asian Think Tank Forum | ဇွန်လ ၁၁ ရက်မှ ဇွန်လ ၁၄ ရက်ထိ |
| The 3rd China-Southeast Asia Business Forum | ဇွန်လ ၁၂ရက်မှ ဇွန်လ ၁၃ ရက်ထိ |
| 2019 South and Southeast Asia Technology Transfer Matchmaking Conference | ဇွန်လ (၁၃)ရက်မှ ဇွန်လ ၁၄ ရက် ထိ |
| Thematic Meeting on Inter-connectivity Development among Lancang-Mekong Countries | ဇွန်လ ၁၃ရက်မှ ဇွန်လ (၁၄)ရက်ထိ |

**ရှေ့ပြေးကိုယ်စားလှယ်အဖွဲ့ သွားရောက်ခြင်း**

၂၀၁၉ ခုနှစ်၊ တောင်နှင့် အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်တွင် စားသောက်ကုန်ပစ္စည်းများ၊ သစ်သီးဝလံများ၊ ကျောက်မျက်ရတနာပစ္စည်းများ၊ သစ်အချောထည်ပစ္စည်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ လက်မှုအနုပညာပစ္စည်းများကို ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ၎င်းလုပ်ငန်းရှင်များ လာရောက်ပြသချိန်တွင် အဆင်ပြေစွာ ခင်းကျင်းပြသနိုင်ရန်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့၊ ကူမင်းမြို့တွင် တည်းခိုနေထိုင်ရေး စသည့်အုပ်ချုပ်မှု လုပ်ငန်းများ ဆောင်ရွက်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှု ဖွံ့ဖြိုးရေးဌာနခွဲမှ အရာထမ်းဝန်ထမ်းနှစ်ဦးနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ အစိုးရဝန်ထမ်း သုံးဦးတို့သည်ပြပွဲဆိုင်ရာဝင်ခွင့်ကတ်များ အချိန်မီရရှိရေးတရုတ်ဘက်နှင့် ကြိုတင် ညှိနှိုင်းမှုများပြုလုပ်နိုင်ရန် ကူမင်းမြို့သို့ ပြပွဲမတိုင်မီရှေ့ပြေးအဖွဲ့အဖြစ် ဇွန် ၁၀ ရက်မှစ၍ သွားရောက်ရန်စီစဉ်ထားသည်။

**ကုန်စည်ပြခန်းဆောင်တွင်ပြသမည့်ပစ္စည်းများ (OGL) ထုတ်ပေးခြင်း**

အထက်ပါ ကုန်စည်ပြပွဲသို့မြန်မာနိုင်ငံမှသက်ဆိုင်ရာ အသင်းအဖွဲ့ကုမ္ပဏီများမှ သွားရောက်ပြသမည့် ကျောက်မျက်လက်ဝတ်ရတနာများ၊ သစ်အချောထည်ပရိဘောဂများ၊ စားသောက်ကုန်များ၊ သစ်သီးဝလံများ၊ လယ်ယာထွက်ကုန်များ၊ လက်မှုအနုပညာပစ္စည်းများအတွက် Invoices များတင်ပြလာပါက သက်ဆိုင်ရာဌာနများသို့ ဆက်လက်အကြောင်းကြားပြီး ၎င်းဌာနများ၏ ခွင့်ပြုထောက်ခံချက်ရရှိပါက အထွေထွေခွင့်ပြုမိန့် (OGL) ထုတ်ပေးသွားမည်ဖြစ်ပါသည်။

**ကုန်းလမ်းခရီးဖြင့်နယ်စပ်ဖြတ်ကျော် သွားရောက်ခြင်း**

အဆိုပါပြပွဲသို့ ရန်ကုန်မြို့၊ မန္တလေးမြို့၊ လားရှိုးမြို့၊ မူဆယ်မြို့မှတစ်ဆင့် တရုတ်နိုင်ငံ ကူမင်းမြို့သို့ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းခရီးဖြင့် သွားရောက်မည့်လူနှင့် ပစ္စည်းများ စာရင်းတင်ပြလာပါက အချိန်မီသွားရောက်ပြသနိုင်ရေးအတွက် နယ်စပ်ဖြတ်ကျော်သွားရောက်ပြသခွင့်ပြုမိန့်ရရှိရေးအတွက် နိုင်ငံတော်သမ္မတရုံးသို့ ဝန်ကြီးရုံးမှတစ်ဆင့် တင်ပြသွားမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ရရှိပါက လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနသို့ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**Pamphlet များဖြန့်ဝေခြင်း၊ စကားပြန်များ စီစဉ်ခြင်း**

ပြပွဲကာလအတွင်းမြန်မာကုမ္ပဏီ/အသင်းအဖွဲ့များ၏ အမည်နှင့် Booth နေရာ ပြခန်းများ ပါဝင်သည့် (Pamphlet) များ ဖြန့်ဝေခြင်းနှင့် စကားပြန်များ ဆောင်ရွက်ပေးခြင်းတို့ကို စီစဉ်ထားရှိပါသည်။

**ပြပွဲသို့မြန်မာလုပ်ငန်းရှင်များလိုက်နာဆောင်ရွက်ရန် စည်းကမ်းချက်များ**

၂၀၁၉ ခုနှစ်၊ တောင်နှင့် အရှေ့တောင်အာရှကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့တွင် ၂၀၁၉ ခုနှစ် ဇွန် ၁၂ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံက ပါဝင်ပြသမည့် အသင်းအဖွဲ့၊ ကုမ္ပဏီလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ပြပွဲဆိုင်ရာစည်းကမ်းချက်များကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ သမဝါယဦးစီးဌာန၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် သက်ဆိုင်ရာအသင်းအဖွဲ့များသို့ ၂၀၁၉ခုနှစ် မေ ၅ ရက်တွင် ကြိုတင်အကြောင်းကြား ဖြန့်ဝေထားပြီးဖြစ်သည်။

အထက်ပါကုန်စည်ပြပွဲကြီးသို့ ယခင်နှစ်များနည်းတူ အောင်မြင်စွာ သွားရောက်ပြသနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြပွဲကြီးကြပ်ညှိနှိုင်းရေး ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းကာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာဌာနများ၊ UMFCCI နှင့် ညီနောင်အသင်းအဖွဲ့များမှ ကဏ္ဍစုံလင်စွာဖြင့် ပါဝင်ပြသနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။

ဦးမှာကြူ (ကုန်သွယ် / ဖွံ့ဖြိုး)



## ကသာ ဆောင်းမြေပဲ ရောင်းအားကောင်းနေ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ၊ ဆောင်းမြေပဲ မန္တလေးပွဲရုံများက အဝယ်များနေသည့်အတွက် ရောင်းအားကောင်းနေပြီး မန္တလေးပွဲရုံများမှတစ်ဆင့် တရုတ်ပြည်သို့ ဆက်လက်တင်ပို့နေကြောင်း သိရသည်။ မြန်မာနိုင်ငံအထက်ပိုင်းမြေပဲများ သည်နှစ်မိုးအဝင်နောက်ကျပြီး အပူချိန်မြင့်မားသည့်အတွက် အလုံးအဆန်လျှပ်စီးဆုံးရှုံးမှုနည်းသည့်အတွက် တောင်သူများလည်း အရောင်းအဝယ် အဆင်ပြေနေသည်။

မေ ၂၉ ရက်တွင် ဒေသတွင်း မြေပဲဈေးအခွံပါ တင်းတစ်ရာ ကျပ် ၁၃ သိန်း၊ အဆန်ပိဿာတစ်ရာ ကျပ် ၂၅၀၀၀၀ ဖြင့် ဆီစက်ပိုင်များ၊ လှောင်ကုန်သည်များနှင့် ပွဲစားများက ဝယ်ယူလျက် ရှိသည်။ ယခုနှစ် မြေပဲသီးနှံသည် ပျက်စီးဆုံးရှုံးမှုနည်းပြီး ဆီထွက်နှုန်းကောင်းလျက်ရှိသည်။ မြေပဲဆီစစ်စစ် တစ်ပိဿာ ကျပ် ၇၀၀၀ ရောင်းပါတယ်၊ မြေပဲတောင်သူတွေက မြေပဲပေးဆီယူရှိသကဲ့သို့ မြေပဲဆန်ကို မန္တလေးတိုက်ရိုက်တင်ပို့ရောင်းချမှုများလည်း ရှိသည်။ ခရိုင်အတွင်းဆီစက်လုပ်ငန်းရှင်များက ဈေးကွက်နှင့် နှစ်ပေါက်ကြိတ်ခွဲနိုင်တဲ့ တင်းအရေအတွက် လောက်သာလှောင်ထားကြပြီး အများအားဖြင့် မန္တလေးပွဲရုံများကို တင်ပို့နေကြကြောင်း ရွှေယဉ်ဟိန်းဆီစက်ပိုင်ရှင် ဦးစိုးအောင်ထံမှ သိရသည်။

ကြည်နိုင်ဦး (အင်းတော်)

# tdEd,ukkÜPD APSEZ u &efukefqdyfurf;ü qdyfcHwHwm;wpfckwnfaqmufrnf

|မောင်လွင်ပြင်|

အိန္ဒိယနိုင်ငံအခြေစိုက် APSEZ ကုမ္ပဏီသည် မြန်မာနိုင်ငံ ရန်ကုန်ဆိပ်ကမ်း၌ ကုန်သေတ္တာတင် ဆိပ်ခံတံတားတစ်ခု တည်ဆောက်ရန် သဘောတူညီမှုထားပြီဖြစ်၏။ ယင်းအတွက် နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးခြင်းကို မေ ၂၃ ရက်က ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့ကြသည်။ အိန္ဒိယနိုင်ငံအခြေစိုက် APSEZ ကုမ္ပဏီ (Adani Ports and Special Economic Zone Ltd.) အဒါနီဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် ကုမ္ပဏီလီမိတက်သည် ရန်ကုန်ဆိပ်ကမ်း၌ ကုန်သေတ္တာတင်သင်္ဘောများဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတားတစ်ခု ဆောက်လုပ်မည်ဖြစ်သည်။ ဆိပ်ခံတံတားကို အဆင့်လိုက် တည်ဆောက်မည်ဟု သိရသည်။

ဆိပ်ခံတံတားတည်ဆောက်ရေး ပထမအဆင့်အကောင်အထည်ဖော်မည်။ ပထမအဆင့်တွင် ရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာသန်း ၂၃၀ နီးပါး ကုန်ကျမည်ဟု ခန့်မှန်းကြသည်။ ဆိပ်ခံတံတားကို ဒုတိယဆင့် တိုးချဲ့တည်ဆောက်ခြင်းကိုတော့ ဒေါ်လာ သန်း ၆၀ ခန့် ထပ်မံရင်းနှီးမြှုပ်နှံမည်ဟု သိရ၏။ ရန်ကုန်ဆိပ်ကမ်းတွင် အိန္ဒိယကုမ္ပဏီတစ်ခုက ဆိပ်ခံတံတားတစ်ခုတည်ဆောက်ရင်းနှီးမြှုပ်နှံမည်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ကလည်း ခွင့်ပြုချက်ထုတ်ပေးထားပြီးဖြစ်သည်။ ဆိပ်ခံတံတားတည်ဆောက်ရေးနှင့် ပတ်သက်၍ APSEZ ကုမ္ပဏီအမှုဆောင်အရာရှိချုပ်နှင့် ညွှန်ကြားရေးမှူးချုပ် မစ္စတာကာရန်အဒါနီက ယခုလိုပြောကြားသည်။ "အိန္ဒိယနိုင်ငံပြင်ပမှာ ကုန်သေတ္တာတင်သင်္ဘောတွေဆိုက်ကပ်နိုင်တဲ့ ဆိပ်ခံတံတားတစ်ခုတည်ဆောက်မယ့် ပထမဆုံး အိန္ဒိယကုမ္ပဏီဖြစ်ရတဲ့အတွက် ကျွန်တော်တို့ဂုဏ်ယူပါတယ်။ ဒီစီမံကိန်းက ကျွန်တော်တို့အတွက် စံနမူနာ ရင်းနှီးမြှုပ်နှံမှုတစ်ခု ဖြစ်ပါတယ်"ဟု ဆိုသည်။ ဆိပ်ခံတံတားပထမဆင့်ကို ၂၀၁၉ ခုနှစ်ထဲတွင် စတင် တည်ဆောက်မည်ဖြစ်ပြီး ၂၀၂၁ ခုနှစ် ဇွန်လတွင် ပြီးစီးမည်ဟု မျှော်မှန်းထားသည်။ ဆိပ်ခံတံတားကို BOT စနစ်(တည်ဆောက်/လည်ပတ်/လွှဲပြောင်း) ဖြင့်တည်ဆောက်မည် နှစ်ဖက်သဘောတူပြီး ဖြစ်ကြောင်း သိရ၏။ စီမံကိန်းဆိုင်ရာ အငှားစာချုပ်တွင် အိန္ဒိယကုမ္ပဏီ APSEZ အား နှစ်(၅၀)အငှားချထားပေးထားသည်။ အငှားချထားခြင်း နှစ် ၅၀ အပြင် ၁၀ နှစ် တစ်ကြိမ်သက်တမ်းနှစ်ကြိမ်တိုးနိုင်သည်။ ထို့ကြောင့် အိန္ဒိယကုမ္ပဏီဘက်က ဆိပ်ခံတံတားလည်ပတ်မှု အတွက် ဆက်လုပ်ကိုင်ချင်ပါက နောက်ထပ်နှစ် ၂၀ လုပ်ကိုင်ခွင့် ရမည်ဖြစ်သည်။

ယင်းဆိပ်ခံတံတားသည် အလျား ၆၃၅ မီတာ အရှည်ရှိမည်ဖြစ်သည်။ ကုန်သေတ္တာတင် ပင်လယ်ကူးသင်္ဘောကြီး သုံးစင်း တစ်ပြိုင်တည်း ဆိုက်ကပ်ရပ်နားနိုင်မည်။ ကုန်သေတ္တာအတင်အချ တစ်ပြိုင်တည်း ပြုလုပ်နိုင်မည်ဟု သက်ဆိုင်ရာ တာဝန်ရှိသူများက ဆိုသည်။ အိန္ဒိယကုမ္ပဏီ APSEZ သည် ရန်ကုန်မြို့ ဆိပ်ကမ်း၌ တည်ဆောက်မည့် ယင်းဆိပ်ခံတံတားစီမံကိန်းကို အရှေ့တောင်အာရှဒေသတွင် ၎င်း၏လုပ်ငန်းကွန်ရက်များ တိုးချဲ့ခြင်းအဖြစ်တည်ဆောက်ခြင်း ဖြစ်သည်ဟုဆိုသည်။ ရန်ကုန်ဆိပ်ကမ်း၌ တည်ဆောက်မည့် ယင်းဆိပ်ခံတံတားသည် အိန္ဒိယနိုင်ငံအရှေ့ပိုင်းနှင့် တောင်ပိုင်း ကမ်းရိုးတန်းတစ်လျှောက်ရှိ APSEZ ကုမ္ပဏီ၏ ဆိပ်ကမ်းများ၊ ဆိပ်ခံတံတားများနှင့် ချိတ်ဆက်ပေါင်းစပ်သွားမည်ဟုလည်း သိရ၏။ ဆိုလိုသည်က အိန္ဒိယနိုင်ငံ ထုတ်ကုန်များ မြန်မာနိုင်ငံသို့တင်ပို့ရာတွင် အိန္ဒိယအရှေ့ပိုင်းနှင့် တောင်ပိုင်းကမ်းရိုးတန်းဆိပ်ကမ်းများတွင် ကုန်သေတ္တာများတင်ပြီး မြန်မာနိုင်ငံ ရန်ကုန်ဆိပ်ကမ်းAPSEZ ဆိပ်ခံတံတားတွင် ကုန်သေတ္တာများချမည်ဖြစ်သည်။ ထို့ကြောင့် APSEZ သည် ရန်ကုန်ဆိပ်ကမ်းတွင် သူပိုင်ဆိပ်ခံတံတားတစ်ခု မရှိမဖြစ် လိုအပ်သဖြင့် လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်။ ဆိပ်ကမ်း ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော ကုန်သေတ္တာကိုင်တွယ်တင်ချခြင်း လုပ်ငန်းများ၊ ဆိပ်ကမ်းစီမံခန့်ခွဲမှုလုပ်ငန်းများ၊ ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများအတွက် APSEZ ကုမ္ပဏီက ဆက်လက်လုပ်ကိုင် ရင်းနှီးမြှုပ်နှံသွားမည်ဟု ယူဆရသည်။ APSEZ ကုမ္ပဏီသည် အိန္ဒိယနိုင်ငံ၏ အကြီးမားဆုံးဆိပ်ကမ်းတည်ဆောက်လုပ်ကိုင်သည့် ကုမ္ပဏီကြီးတစ်ခုဖြစ်သည် သိရသည်။ အဒါနီအုပ်စုလက်အောက်ရှိ ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းတစ်ခုဖြစ်သည်ဟုလည်း ဆိုသည်။

အိန္ဒိယနိုင်ငံသည် ၎င်းတို့၏ အရှေ့မျှော်ဝါဒအရှေ့တွင် လှုပ်ရှားဝါဒများအရ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ကြီးကြီးမားမား ပြုလုပ်လာနေ၏။ အထင်အရှားပြပါဆိုလျှင် စတင်အကောင်အထည်ဖော်နေပြီဖြစ်သော 'ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးစီမံကိန်းကြီး' ကို ပြရမည်ဖြစ်သည်။ ကုလားတန်မြစ်ကြောင်းဘက်စုံသုံး စီမံကိန်းကို အိန္ဒိယ-မြန်မာနှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မည်ဖြစ်ပြီး နှစ်နိုင်ငံသဘောတူညီမှုကို ၂၀၁၈ ခုနှစ် ဧပြီလတွင် ရခဲ့ကြ၏။ ယင်းဧပြီလထဲတွင်ပင် နှစ်နိုင်ငံနားလည်မှု စာချွန်လွှာ လက်မှတ်ထိုးခဲ့ ကြသည်။ ကုလားတန်မြစ်သည် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်နှစ်ခုကို ဖြတ်သန်းစီးဆင်း၏။ ချင်းပြည်နယ် ပလက်ဝမြို့နှင့် ရခိုင်ပြည်နယ် စစ်တွေမြို့တို့သို့ ချိတ်ဆက်ပေးထားသည်။ ထို့ကြောင့် စီမံကိန်း သဘောတူချက်အရ စစ်တွေဆိပ်ကမ်း အဆင့်မြှင့်တင်လုပ်ကိုင်ခွင့်ရထားသည်။ စစ်တွေဆိပ်ကမ်းကို အိန္ဒိယနိုင်ငံကုမ္ပဏီများ စီမံခန့် ခွဲကိုင်တွယ်ပြီး ကုန်တင်ကုန်ချ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်မည်။ အိန္ဒိယနိုင်ငံသည် ၎င်း၏ အရှေ့ပိုင်း/အရှေ့တောင်ပိုင်း ကမ်းရိုးတန်းမြို့များနှင့် စစ်တွေဆိပ်ကမ်းကို ချိတ်ဆက်မည်။ အိန္ဒိယနိုင်ငံအတွက် မြန်မာနိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့တင်သွင်းခြင်းနှင့် အရှေ့တောင်အာရှနိုင်ငံများ ဈေးကွက်သို့ ၎င်း၏ထုတ်ကုန်များတင်ပို့ ရေးတွင် စစ်တွေဆိပ်ကမ်းကို အခြေခံစခန်းအဖြစ် အသုံးပြုမည်ဟု ခန့်မှန်းရသည်။ အိန္ဒိယနိုင်ငံက ချမှတ်ထားသော Look East Policy နှင့် Act East Policy များအရ အိန္ဒိယကုန်စည်များ အာဆီယံဈေးကွက်ကြီးသို့တင်ပို့ ကုန်ကူးသန်းရောင်းဝယ်ရာတွင် အိမ်နီးချင်းမြန်မာနိုင်ငံကို အခြေခံရမည့် အနေအထားရှိသည်။ ထို့ကြောင့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးစီမံကိန်းကို ဒေါ်လာသန်း ပေါင်းများစွာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေခြင်းဖြစ်သည်။ ထို့ပြင် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး စီမံကိန်းသည် အိန္ဒိယအရှေ့မြောက်ပိုင်း ကုန်းတွင်းပိတ်ပြည်နယ်များဖြစ်သော အာသံပြည်နယ်/မဏိပူရပြည်နယ်နှင့် မီဇိုရမ်ပြည်နယ် စသည့် ပြည်နယ်တို့အတွက် ဝင်ပေါက် ထွက်ပေါက်နှင့် ကုန်စည်တင်ပို့ရာလမ်းကြောင်း ကျနေပြန်သည်။ ယခု စီမံကိန်းအရ မီဇိုရမ်နှင့် ပလက်ဝ ကားလမ်း ဖောက်လုပ်နေသည်။ ယင်းကားလမ်းအတွက် ကုလားတန်မြစ်ဖြတ် ပလက်ဝတံတားလည်း တည်ဆောက်နေသည်။

အိန္ဒိယနိုင်ငံသည် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးစီမံကိန်းတွင် အခရာကျသည့် စစ်တွေဆိပ်ကမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးဖြစ်သည်ဟု သိရသည်။ စစ်တွေဆိပ်ကမ်းကို ပင်လယ်ရေနက်ဆိပ်ကမ်းအဖြစ် အဆင့်မြှင့်တင်ထားသည်။ စစ်တွေဆိပ်ကမ်းနှင့် ပလက်ဝမြို့ ကုန်းတွင်းရေကြောင်း ပို့ဆောင်ရေးလမ်းကြောင်းများ လုပ်ငန်းဆောင်ရွက်ရန် နှစ်နိုင်ငံသဘောတူချက်တစ်ရပ်ကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၂ ရက်က နေပြည်တော် Hilton Hotel ၌ နှစ်နိုင်ငံတာဝန်ရှိသူများ လက်မှတ်ရေးထိုးခဲ့ကြသည်။ ယခုအခါ စစ်တွေဆိပ်ကမ်း ဝန်ဆောင်မှုလုပ်ငန်းများလုပ်ကိုင်ရန် ကုမ္ပဏီရွေးချယ်ခြင်း နိုင်ငံတကာ တင်ဒါခေါ်ယူဖို့ စီစဉ်ဆောင်ရွက်နေသည် သိရသည်။ တင်ဒါရွေးချယ်ရာတွင် အိန္ဒိယကုမ္ပဏီဖြစ်စေ/အိန္ဒိယ-မြန်မာ ဖက်စပ်ကုမ္ပဏီဖြစ်စေ ရွေးချယ်သွားမည်ဟုလည်း ဆိုသည်။ စစ်တွေဆိပ်ကမ်းဝန်ဆောင်မှုကို အိန္ဒိယနိုင်ငံက လွှဲပြောင်းရယူခြင်းမှာ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးစီမံကိန်းအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် အသုံးပြုမည့် တည် ဆောက်ရေးစက်ယန္တရားများ တင်ပို့ရာတွင် စနစ်တကျ ပို့ဆောင်နိုင်ရေးအတွက် ဖြစ်သည်ဟုသိရ၏။ နောက်ပိုင်းတွင် စစ်တွေဆိပ်ကမ်းကို ကုန်အတင်အချဆိပ်ကမ်းအဖြစ် အသုံးပြုလိမ့်မည် မျှော်လင့်ရသည်။ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုပြုရန် ကုန်တင်ကုန်ချဆိပ်ကမ်းများ တိုးချဲ့ရင်းနှီးမြှုပ်နှံနေသည်။ ရန်ကုန်ဆိပ်ကမ်းတွင် အိန္ဒိယကုမ္ပဏီ APSEZ က ဆိပ်ခံတံတား တည်ဆောက်ခြင်းသည် နှစ်နိုင်ငံကုန်သွယ်မှု မြင့်တက်လာရေးအတွက် များစွာ အထောက်အကူပြုရမည်ဟု ယုံကြည်နေမိသည်။

**စာရေးသူ၏ အာဘော်သာဖြစ်သည်။**

**Commerce ကာတွန်း**



# လယ်ယာသုံးစက်ကိရိယာ ဖြန့်ဖြူးရောင်းချသော ကုမ္ပဏီများအား အသိပညာပေးဆွေးနွေး





တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လယ်ယာသုံးစက်ကိရိယာ ရိတ်သိမ်းခြွေလှေ့စက်များ တင်သွင်း၊ ဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီများနှင့် တောင်သူများအကြား အငြင်းပွားမှုများဖြစ်ပေါ်မှုလျော့နည်းစေရန် ရည်ရွယ်၍မေ ၂၁ ရက်တွင်တိုင်းဒေသကြီး ဦးစီးမှူးနှင့် ဝန်ထမ်းများသည် တနင်္သာရီတိုင်းဒေသကြီးအတွင်း လယ်ယာသုံး စက်ကိရိယာခြွေလှေ့စက်များ ဖြန့်ဖြူးရောင်းချလျက်ရှိသောUMG ကုမ္ပဏီမှ မန်နေဂျာ ဦးရာဇာစိုးနှင့်တွေ့ဆုံ၍ အသိပညာပေး ဆွေးနွေးခဲ့သည်။

ထိုသို့ ဆွေးနွေးရာတွင် တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထွန်းက လယ်ယာသုံးစက်ကိရိယာများနှင့် ပတ်သက်၍ ဝယ်ယူသုံးစွဲသည့် တောင်သူများမှ စားသုံးသူရေးရာ ဦးစီးဌာနသို့ တိုင်ကြားမှုများရှိနေကြောင်း၊ ကုမ္ပဏီအနေဖြင့် ရိတ်သိမ်းခြွေလှေ့စက်များအား ဈေးနှုန်းအဆမတန်မြင့်၍ရောင်းချခြင်းမပြုရန်၊ ထုတ်လုပ်သည့် ပင်ရင်းနိုင်ငံကို ဖော်ပြအသိပေးပြီး ရောင်းချရန်၊ ထင်ယောင်ထင်မှား ဖြစ်စေမည့် ပုံသဏ္ဌာန်၊ အမျိုးအမည်၊ အမျိုးအစားနှင့် အမှတ်တံဆိပ်များကို ကွဲကွဲပြားပြား ဖော်ပြအသိပေး၍ ရောင်းချရန်၊ အရောင်းအဝယ် စာချုပ်သည် နှစ်ဦးနှစ်ဖက်မျှတသောစာချုပ်ဖြစ်စေရန်၊ ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှုပေးခြင်းနှင့် စက်အပိုပစ္စည်း အလွယ်တကူရရှိနိုင်ရေး အာမခံပေးရန်နှင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ ကုန်အညွှန်း အမှတ်အသားဖော်ပြခြင်း၊ တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များ စသည်တို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**ရွှေဝယ်သား**

## ရွှေဘိုခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရွှေဘိုခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရွှေဘိုခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၈ ရက်က ကျင်းပရာ ရွှေဘိုခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား ဒုတိယခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၉ ဦး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်က ကျောင်းဖွင့်သည့်ကာလရောက်တော့မည် ဖြစ်သဖြင့် ကျောင်းမုန့်ဈေးတန်းများကို ရှောင်တခင် စစ်ဆေးသွားရန် လိုအပ်ကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေအခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းမှာ တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သောကိစ္စဖြစ်သည့်အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်TV Channel နှင့် သတင်းဂျာနယ်များတွင် ကြော်ငြာပေးရန်လိုကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကျော်ငွေက ယခင်(၂၄)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ဆောင်ရွက်ပြီးစီးမှုများကို မှတ်တမ်းတင် အတည်ပြုခြင်း၊ စားသုံးသူကာကွယ်ရေးဥပဒေအား လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်များ၊ ရွှေဘိုမြို့နယ် ချီပါတောင်ရွာမှ ကိုဇာနည်သောက်ရေသန့် တိုင်ကြားမှုအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ YAMAR စပါးရိတ်သိမ်း ခြွေလှေ့စက်တိုင်ကြားစာနှင့် ပတ်သက်၍ တွေ့ဆုံညှိနှိုင်း ဖြေရှင်းပေးသည့် အခြေအနေများနှင့် ကြက်ဥအတုတိုင်စာနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်မှုများကို ရှင်းလင်း ဆွေးနွေးခဲ့သည်။

အစည်းအဝေးသို့ တက်ရောက်လာကြသော ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များကလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်၍ အကြံပြု ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အေးသီဂီစိုး (ရွှေဘို)**

## စစ်ကိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့(၂၁)ကြိမ်မြောက် ၅/၂၀၁၉ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၁) ကြိမ်မြောက် (၅/၂၀၁၉) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၃၀ ရက်တွင် စစ်ကိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံး၌ ကျင်းပခဲ့ရာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အဖွဲ့ဝင်များ စားသုံးသူကိုယ်စားလှယ်၊ စီးပွားရေး လုပ်ငန်းရှင်၊ ဌာနမှ ဝန်ထမ်းများ အပါအဝင် စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် စစ်ကိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အတွင်းရေးမှူး၊ စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်ကျော်က (၄/၂၀၁၉) အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် မှတ်တမ်းတင်ခွင့်ပြုပါရန်နှင့် ယခုမေလ ဆောင်ရွက်ပြီးစီးမှုများကို အတည်ပြုပေးစေလိုကြောင်း၊ ၂၀၁၉ ခုနှစ် ဇွန်လအတွင်း ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြ၍ တက်ရောက်လာသည့် အဖွဲ့ဝင်များ၏ တင်ပြဆွေးနွေးမှုများကို ဝိုင်းဝန်း အကြံပြုဆွေးနွေးခဲ့ကြပြီး မိတ်ဖက် ဆက်စပ်ဌာနများမှလည်း ရှေ့ဆက်လက်လုပ်ငန်းများကို ဝိုင်းဝန်း ပူးပေါင်း ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

**သင်းယုနွယ် (စစ်ကိုင်း DOCA)**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

(၁) **မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) **ဖုန်း**-၀၁ ၂၅၄၀၂၄ **ဖက်စ်**- ၀၁ ၂၅၄၀၂၃ **အီးမေးလ်**-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk **ဖုန်း**- ၀၉ ၄၃၀ ၄၁ ၈၄၇ **အီးမေးလ်**- mmeu.tradehelpdesk@gmail.com

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။ Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။ Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com

(၁၅) မွန်ပြည်နယ် — အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနဖြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

## ၃-၆-၂၀၁၉ မှ ၉-၆-၂၀၁၉ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး

(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးမိသားစုအိမ်တွင်းရေး၊ ပဋိပက္ခများကြုံတွေ့ရတတ်သည်။ ကံကြမ္မာ၏မျက်နှာသာပေးမှုမရသောအချိန်အခါဖြစ်၍ အစစအရာရာသတိဝီရိယကြီးစွာထား၍လုပ်ကိုင်ဆောင်ရွက်ရန်လိုအပ်ပါသည်။ မော်တော်ကား၊ အိမ်၊ မြေ၊ ခြံတို့မှအမြတ်အစွန်းရရှိမည်။ ပင်ကိုယ်ကြိုးစားမှုရလဒ်ကောင်းခံစားရမည်။ အတိုက်အခံများအပေါ် အနိုင်ရတတ်သည်။

**လာဘ်ရွှင်ဂဏန်း။ ။၅၊ ၄၊ ယတြာအနေဖြင့် ပတ္တမြားဆောင်ပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးသင့်တင့်မှုရှိပြီး လုပ်ငန်းများပုံမှန်လည်ပတ်နေမည်။ ပညာရေးတွင် စိတ်ဝင်စားမှုနည်းလိမ့်မည်။ အပျော်အပါးများနေမည်။ မမျှော်လင့်သောငွေကြေး၊ လက်ဆောင်ပဏ္ဏာများရရှိတတ်သည်။ အစုစပ်လုပ်ငန်းများမလုပ်သင့်သေးပါ။ ကျန်းမာရေးအနည်းငယ်အညံ့တွင်ရှိနေတတ်ပါသည်။ အချစ်ရေးတွင် အခွင့်အလမ်းမသာယာနိုင်သေးပါ။ ရေထွက်ပစ္စည်းများအရောင်းအဝယ်ကောင်းတတ်ပါသည်။

**လာဘ်ရွှင်ဂဏန်း။ ။ ၆၊ ၀၊ ၃၊ ယတြာအနေဖြင့် ပုလဲရတနာဆောင်ပါ။**



**အင်္ဂါသားသမီးများအတွက်** လုပ်ငန်းများကို အပြင်းအထန်ကျားကုပ်ကျားခဲလုပ်နိုင်မှအဆင်ပြေမည်။ လက်အောက်ငယ်သားများကြောင့် သောကရောက်ရတတ်သည်။ ငွေကြေးလက်ဆောင်များရမည်။ ဆရာသမားကောင်းများနှင့်တွေ့ရမည်။ ပညာရေးတိုးတက်မှုနှေးကွေးမည်။ ကျန်းမာရေးချူချာမှုရှိနေပြီး အစားအသောက်မှားတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေမှုရှိမည်။

**လာဘ်ရွှင်ဂဏန်း။ ။၂၊ ၆၊ ၅၊ ယတြာအနေဖြင့် သန္တာကျောက်ဆောင်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အလုပ်သမားပြဿနာရှိတတ်သည်။ လုပ်ငန်းခွင်အတွင်း အတိုက်အခံပြိုင်ဘက်များပေါ်ပေါက်တတ်သည်။ အရာရာသတိနှင့်လုပ်ဆောင်ပါ။ အလုပ်အကိုင်များအဆင်မပြေအခက်အခဲများပေါ်ပေါက်သော်လည်း ဖြေရှင်းနိုင်မည့်စွမ်းအားရှိနေတတ်ပါသည်။ ဘာသာရေးလုပ်ငန်းများလုပ်ဆောင်ရန်ပျက်ကွက်နေလိမ့်မည်။ အတူနေအိမ်သူ၊ အိမ်သားများနှင့်ဆက်ဆံရေးမပြေမလည်ရှိတတ်သည်။ ပညာရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်နေလိမ့်မည်။ **လာဘ်ရွှင်ဂဏန်း။ ။ ၆၊ ၅၊ ယတြာ မြရတနာဆောင်ပါ။**



**ကြာသပတေးသားသမီးများအတွက်** အကျိုးအမြတ်တူလုပ်ငန်းမှအောင်မြင်မှုရမည်။ သားချင်းညီအစ်ကိုမောင်နှမများနှင့်စိတ်သဘောထားကွဲလွဲမှုကြောင့် စိတ်ပင်ပန်းရတတ်သည်။ မမျှော်လင့်သောလုပ်ငန်းအခွင့်အရေးပေါ်မည်။ ငွေကြေးများစွာရရှိနိုင်ပါသည်။ ပညာရေး၊ ကျန်းမာရေးသင့်တင့်မှုရှိနေမည်။ မတော်တဆထိခိုက်ဒဏ်ရာရတတ်သည်။ အသွားအလာအနေအထိုင်သတိရှိသင့်သောကာလဖြစ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးသာယာဖြောင့်ဖြူးနေမည်။

**လာဘ်ရွှင်ဂဏန်း။ ။ ၄၊ ၂၊ ၃၊ ယတြာ ဥဿဖယားကျောက်ဆောင်ပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးကံကောင်းနေမည်။ လုပ်ငန်းသစ်များတိုးချဲ့ရတတ်သည်။ ဝင်ငွေထက်အသုံးစရိတ်များနေတတ်သည်။ စိတ်အနှောင့်အယှက်များကြုံရတတ်ပြီး လုပ်ငန်းအောင်မြင်မှုများရရှိလိမ့်မည်။ ကျန်းမာရေးချို့တဲ့တတ်သည်။ ဆီးရောဂါ၊ ကျောက်ကပ်ရောဂါတို့ဖြစ်တတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင်အဖုအထစ်ရှိတတ်သည်။ ပညာရေးတိုးတက်မှုကောင်းမည်။

**လာဘ်ရွှင်ဂဏန်း။ ။၇၊ ၃၊ ၂၊ ယတြာ စိန်ဆောင်ပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းသစ်တိုးချဲ့ခြင်းဖြင့် ငွေကြေးအခက်အခဲရှိနိုင်သည်။ စိတ်တည်ငြိမ်မှုကင်းမဲ့နေတတ်သည်။ ယာဉ်ကားများနှင့်ပတ်သက်သောစီးပွားရေးလုပ်ငန်းအောင်မြင်မှုရရှိလိမ့်မည်။ ပညာရေးကြိုးစားနေရမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင်စိတ်ပင်ပန်းမှုရှိနေမည်။ ကျန်းမာရေးတွင် လေရောဂါ၊ အကြောရောဂါသတိထားပါ။

**လာဘ်ရွှင်ဂဏန်း။ ။ ၂၊ ၃၊ ယတြာ နီလာကျောက်ဝတ်ဆင်ပါ။**

# သီးနှံစိုက်ပျိုးရေး ကြိုတင်ပြင်ဆင်

## အောင်ဆန်း (စိုက်ပျိုးရေး)

မိုးလေဝသပညာရှင်ဆရာကြီး ဒေါက်တာ ဦးထွန်းလွင်က သူ့ရဲ့ Facebook Page မှာ "အယ်လ်နီညိုက ဟန်ရေးပြနေတယ်၊ သူ့ရဲ့စွမ်းအားက ဇွန်လကုန်လောက်ထိရောက်မယ်၊ ရာသီဥတုပြင်းမယ်၊ ခြောက်သွေ့မယ်၊ မုတ်သုံမိုးကလည်း အဝင်နောက်ကျပြီး၊ စောထွက်မယ်၊ မိုးရွာသွန်းမှုလည်း နည်းမယ်လို့"ခန့်မှန်းထားတာကို သတိပြုမိပါတယ်။

စာရေးသူက စိုက်ပျိုးရေးသမားဖြစ်လို့ ဆရာကြီးရဲ့ မိုးလေဝသခန့်မှန်းချက်ကို ဖတ်လိုက်ရပြီး စဉ်းစားမိလိုက်တာက တောင်သူလယ်သမားကြီးများ ရာသီဥတုနဲ့ကိုက်ညီအောင် သီးနှံတွေ ဘယ်လိုစိုက်ပျိုးကြရမလဲ၊ ဘာတွေကြိုတင်ပြင်ဆင်ထားရမလဲဆိုတဲ့ အချက်ပါပဲ။

အယ်လ်နီညိုရဲ့သတ္တိကြောင့် ပူပြင်းတဲ့ကာလဖြစ်ပေါ်မှုဟာ ဇွန်၊ ဇူလိုင်ထိဆိုတော့ မိုးရာသီသီးနှံများဖြစ်တဲ့ မိုးစပါး၊ မိုးယာ သီးနှံများဖြစ်တဲ့ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးကြမယ့် စိုက်ချိန်နဲ့ တိုက်ဆိုင်နေတာတွေ့ရပါတယ်။ ဒီတော့ မိုးသီးနှံ စိုက်ပျိုးပြီး အပင်ပေါက်၊ အပင်ဖြစ်ထွန်းမယ့်အချိန်မှာ သီးနှံ ပင်အောင်မြင်ဖြစ်ထွန်းစေမယ့် အပူချိန်နဲ့ကိုက်ညီအောင် ချိန်ကိုက် စိုက်ပျိုးကြဖို့လိုအပ်မှာ ဖြစ်ပါတယ်။ တစ်ဖန် မုတ်သုံမိုးဦးကလည်း အဝင်နောက်ကျမယ်ဆိုတော့ မိုးရေရနိုင်မယ့်အချိန်ကိုလည်း မျှော်မှန်းစိုက်ပျိုးကြရာမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အယ်လ်နီညိုရဲ့ အစွမ်းအကျိုးသက်ရောက်မှုကြောင့် အပူချိန်မြင့်မယ်၊ မုတ်သုံမိုးအဝင်နောက်ကျမယ်၊ မိုးရွာသွန်းမှု နည်းမယ်ဆိုရင် မိုးလယ်အနှောင်းကာလမှသည် မိုးနှောင်းကာလကုန်သည်ထိ ပျမ်းမျှ မိုးရေချိန်ပမာဏကို ပြည့်အောင် ဖြည့်စွက်ရွာခြင်းဖြင့် မိုးနှောင်း စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာလများတွင် ရေကြီးရေလျှံမှုများဖြစ်လာနိုင်ဖွယ်ရှိနိုင်ပါတယ်။ မိုးဦးမိုးနည်း၍ မိုးနှောင်း မိုးကောင်းမည့်အခြေအနေတွင် သီးနှံ စိုက်ပျိုးမှုများကို တွက်ဆချိန်ကိုက် စိုက်ပျိုးရန် လိုအပ်လာပါတယ်။

ရာသီဥတုနဲ့ကိုက်ညီအောင် သီးနှံများအောင်မြင်အောင် စိုက်ပျိုးဖို့ ဘယ်လိုပြင်ဆင်ကြဖို့ လိုအပ်ပါသလဲ။ အဓိကအကျုံးဝင်မှာကတော့ မြေရယ်၊ မျိုးရယ်၊ ရေရယ်၊ စိုက်ပျိုးရေးနည်းစနစ်ရယ်ဖြစ်ပါတယ်။ မြေနဲ့ပတ်သက်ပြီး ကြိုတင်ပြင်ဆင်ဖို့ကတော့ အပူချိန်မြင့်မယ်၊ မိုးနောက်ကျမယ်ဆိုရင် နွေထယ်ရေးပြင်ကြဖို့လိုပါတယ်။ မြန်မာပြည် အထက်ပိုင်းဒေသတွေမှာ ပိုပြီးလုပ်သင့်တဲ့ လုပ်ငန်းပါ။ နွေထယ်ရေးပြင်ထားခြင်းအားဖြင့် မိုးရွာချိန်တန်လို့ရွာခဲ့ရင် ရွာလိုက်တဲ့ မိုးဦးမိုးဖျားရေကို စီးဆင်းမသွားစေဘဲ စုပ်ယူထိန်းထားနိုင်ပါတယ်။ နွေထယ်ရေးပြင်ဆင်ထားခြင်းအားဖြင့် အပင်အကြွင်းအကျန်တွေ၊ ပေါင်းမြက်တွေလည်း ထယ်ရေးအောက်ရောက်ပြီး ဆွေးမြေ့စေပါတယ်။ အပင်အကြွင်းအကျန်နဲ့ ပေါင်းမြက်တွေမှာ ခိုအောင်းနေတဲ့ ပိုးမွှားရုပ်ဖုံးတွေ၊ ဥတွေ၊ လောက်ကောင်တွေလည်း သုတ်သင်ပြီးသားဖြစ်စေပါတယ်။ မြေတွင်းမှခိုအောင်းနေတဲ့ မြေတွင်းမှပိုးမွှားရုပ်ဖုံးတွေ၊ ဥတွေ၊ လောက်ကောင်တွေလဲ သေကျေပျက်စီးကြကုန်ပါတယ်။ သီးနှံများရိတ်သိမ်းပြီးတဲ့အချိန်မှာ အစိုဓာတ်လည်း ခန်းခြောက်သွားတဲ့အတွက် မြေဆီလွှာအတွင်းမှာ လေမဲ့ဇုန်(အောက်စီမဲ့ဇုန်) ဖြစ်သွားပါတယ်။ နွေထယ်ရေးပြင်လိုက်ခြင်းအားဖြင့် မြေဆီလွှာအတွင်း အောက်စီဂျင်ဝင်သွားပြီး သီးနှံပင်များ စိုက်ပျိုးတဲ့အခါ အမြစ်ကြီးထွားရှင်သန်မှုကို အကျိုးပြုစေပါတယ်။ မြေယာသီးနှံပင် သံဓာတ်အဆိပ်သင့်နေတဲ့ မြေဖြစ်နေရင် သံဓာတ်အဆိပ်သင့်မှုကို လျော့ကျစေပါတယ်။ နွေထယ်ရေးပြင်ထားခြင်းအားဖြင့် မိုးရွာလို့ သီးနှံစိုက်ပျိုးရန် မြေယာပြုပြင်ထွန်ယက်တဲ့အခါ လွယ်လွယ်ကူကူ ဆောင်ရွက်နိုင်ပြီး ထယ်ရေးကောင်းစေပါတယ်။

နောက်တစ်ချက်ကတော့ မျိုးရွေးချယ်ခြင်းဖြစ်ပါတယ်။ ဖြစ်ပေါ်လာမယ့် ရာသီဥတုနဲ့ကိုက်ညီအောင်မျိုးကို သက်တမ်းတိုမျိုး၊ အထွက်ကောင်းမျိုး၊ အပူဒဏ်ခံနိုင်တဲ့မျိုး၊ ရေငတ်ဒဏ်ခံနိုင်တဲ့မျိုး၊ ရေနစ်မြုပ်ဒဏ်ခံနိုင်တဲ့မျိုးများကို ရွေးချယ်ဖို့လိုပါတယ်။ မြန်မာပြည်အောက်ပိုင်းဒေသများဖြစ်တဲ့ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ ကယား၊ ကရင်၊ မွန်၊ တနင်္သာရီဒေသတွေမှာ မိုးစပါးကို ဇွန်၊ ဇူလိုင်မှာ အများဆုံး စိုက်ကြပါတယ်။ မိုးယာသီးနှံဖြစ်တဲ့ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်များကို မေလလယ်မိုးရွာတာနဲ့ အတန်းစိုက်၊ ကြဲ စိုက်ပျိုးကြတာ တွေ့ရပါတယ်။

မြန်မာပြည်အထက်ပိုင်းဒေသများတွင် မိုးစပါးကို ဇူလိုင်၊ ဩဂုတ်လများမှ စတင်စိုက်ပျိုးပါတယ်။ မုတ်သုံအဝင်နောက်ကျခဲ့သော်လည်း ဇူလိုင်၊ ဩဂုတ်လတွင် ဖြစ်ပေါ်တတ်တဲ့ လေဖိအားနည်း ရပ်ဝန်းနဲ့ မုန်တိုင်းမိုးကို အားကိုးရရှိနိုင်ပါတယ်။ ယာသီးနှံဖြစ်တဲ့ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများကို မေလနောက်ဆုံးပတ်၊ ဇွန်လမှာ စတင်စိုက်ပျိုးလေ့ရှိပါတယ်။ ဇူလိုင်လမှာ မိုးပြတ်လေ့ရှိသဖြင့် ဇူလိုင်လကို ရှောင်ပြီး ဩဂုတ်လမိုးရေမှန်မှန်ရမှ စိုက်ပျိုးခြင်းဟာ အောင်မြင်မှုပိုရရှိနိုင်ပါတယ်။ ပဲမျိုးစုံမျိုးကို ရွေးချယ်ရာတွင် အသက်ငယ်ပြီး အထွက်ကောင်းတဲ့ ရေဆင်း-၂၊ ရေဆင်း-၁၊ ပဲတီ ရွှေဝါ၊ စိုက်ပျိုးရေး(၁)မျိုးများဟာ မိုးကြို မိုး၊ ဆောင်းရာသီသုံးခုလုံးမှာ စိုက်လို့ရတဲ့အတွက် ယခုနှစ်လို မိုးရေဇဝေဇဝါရာသီဥတုမှာ လက်မလွှတ်တမ်းစိုက်ပျိုးသင့်ပါတယ်။

ယခုနှစ်ဟာ အယ်နီလ်ညိုရဲ့ အကျိုးသက်ရောက်မှုကြောင့် အပူချိန်မြင့်မယ်လို့ ဆိုထားပါတယ်။ ဒါကြောင့် သီးနှံစိုက်ပျိုးဖြစ်ထွန်းဖို့အတွက် သီးနှံပင်ကလိုအပ်မယ့် အပူချိန်ဟာလည်း အရေးပါလာပါတယ်။ သီးနှံတစ်ခုနဲ့တစ်ခု အောင်မြင်ဖြစ်ထွန်းရန်လိုအပ်တဲ့ အပူချိန်ဟာ မတူညီကြပါ။ စပါးသီးနှံသည် အပူချိန် ၁၀ ဒီဂရီစင်တီဂရိတ်မှ ၁၆ ဒီဂရီစင်တီဂရိတ်ဖြစ်ပါက အညှောင့်မပေါက်ခြင်း၊ အနှံဖြူခြင်း၊ အနှံတစ်လစ်တစ်လစ်ဖြစ်တတ်ပါတယ်။ အပူချိန် ၂၀ ဒီဂရီစင်တီဂရိတ်ထက် နိမ့်ကျပါက (သို့) ၃၅ ဒီဂရီစင်တီဂရိတ်ထက်မြင့်ပါက အဖျင်းများခြင်း၊ ဆန်သားအက်ခြင်း၊ အပူချိန် ၂ဒီဂရီ စင်တီဂရိတ်ထက် နိမ့်ကျပါက အနှံ လုံးဝမြုံသွားစေပါတယ်။ သို့အတွက် အနှံမအထွက်မီ ၁၅ ရက်နဲ့ အနှံထွက်ပြီး ၂၅ ရက် စုစုပေါင်း ၄၀ ရက်အတွင်း နေသာချိန်နဲ့ နေရောင်ခြည်စွမ်းအင် အပြည့်အဝရရှိအောင် ချိန်ကိုက်စိုက်ပျိုးရန် စီမံရမှာဖြစ်ပါတယ်။ စပါးသီးနှံဟာ အပူချိန် ၁၀ ဒီဂရီစင်တီဂရိတ်နဲ့ ၄၀ ဒီဂရီစင်တီဂရိတ်အတွင်း အောင်မြင်ဖြစ်ထွန်းတာ တွေ့ရှိရပါတယ်။ စပါးသီးနှံသည် နေ့အပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်နဲ့ ညအပူချိန် ၂၀ ဒီဂရီစင်တီဂရိတ်မှာ ကောင်းစွာ အောင်မြင်ဖြစ်ထွန်းနိုင်ပါတယ်။ အပူချိန်အေးလွန်းလျှင်လည်းကောင်း၊ မြင့်လွန်းလျှင်လည်းကောင်း အပင်ဖြစ်ထွန်း ကြီးထွားမှု ရပ်တန့်သွားစေပါ တယ်။

မြေပဲသီးနှံဟာ ၂၀ ဒီဂရီစင်တီဂရိတ်ထက် နိမ့်ကျပါက အပင်ကြီးထွားမှု နှောင့်နှေးပြီး ၃၅ ဒီဂရီစင်တီဂရိတ်ထက် မြင့်ပါက မျိုးအောင်မှုနှုန်းကျဆင်းသွားစေပါသည်။ ၂၅-၃၀ ဒီဂရီစင်တီဂရိတ်ဟာ မြေပဲအောင်မြင်ဖြစ်ထွန်းနိုင်တဲ့ အပူချိန်ပါပဲ။ နှမ်းသီးနှံဟာ ၂၀ ဒီဂရီစင်တီဂရိတ်မှာ အပင်ကောင်းစွာပေါက်ပြီး၊ ၂၅ ဒီဂရီစင်တီဂရိတ်အထက်မှာ အပင်ကြီးထွားဖြစ်ထွန်းပါတယ်။ ၂၄-၂၇ ဒီဂရီ စင်တီဂရိတ်ဟာ ပန်းပွင့်ရန် အကောင်းဆုံး အပူချိန်ဖြစ်ပါတယ်။ ၄၀ ဒီဂရီစင်တီ ဂရိတ်အထက်ဆိုရင် သန္ဓေအောင်မှုလျော့နည်းပြီး အထွက်နှုန်းထိခိုက်စေပါတယ်။

စာမျက်နှာ ၂၅ သို့

# ကမ္ဘာမြေကြီးကို ကာကွယ်ဖို့ ပလတ်စတစ်သုံးစွဲမှု လျှော့ချကြပါစို့

နိုင်ဦး (DOCA)

လူ့အမှု ပူမှုရယ်တဲ့ ဆယ်ကုဋေဟု ဆိုရမလိုပင်။ လူတို့၏ အတ္တ၊ လောဘ၊ မာန်မာနတို့ကြောင့် အပူမီးများတောက်လောင်နေကြသည်။ အလိုလိုနေရင်း ဒေါသစိတ်တွေကြီးထွားနေကြသည်။ အဆင်အခြင်မဲ့လာသည်။ သာမာန်ကိစ္စလေးများကို အကြောင်းပြု၍ ကြောက်စရာကောင်းလှသော ပြစ်မှုများကို လွယ်လွယ်ကျူးလွန်လာနေကြသည်။ ကိုယ်ချင်းစာတရား၊ မေတ္တာတရားများပွားများရန် မေ့လာကြသည်။ ပြစ်မှုဆိုင်ရာ သုတေသနပညာရှင်များကလည်း ပြောကြသည်။ လူတို့ယခုကဲ့သို့ ဖြစ်ပွားရာတွင် ကမ္ဘာကြီး ပူနွေးလာမှုကလည်း အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်နေသတဲ့လေ။ ဘာမှတော့မဆိုင်သလိုပဲ ဒါပေမဲ့ သုတေသနရလဒ်တွေအရ အအေးပိုင်းနိုင်ငံတွေထက် အပူပိုင်းနိုင်ငံတွေက ပြစ်မှုကြီးတွေ ကျူးလွန်မှု ပိုမိုများပြားတာက သက်သေပင်ဖြစ်နေလို့ လက်ခံရခက်ခဲပေမယ့် လက်ခံခဲ့ရသည်။

လက်ရှိကမ္ဘာပေါ်တွင် သဘာဝကပေးထားသော လက်ဆောင်မွန်များကို လွယ်လွယ်ကူကူ ရယူသုံးစွဲနေသည်။ စီးပွားရေး၊ ကြီးပွားရေးအတ္တများ အမှောင်ဖုံး၍ သဘာဝကပေးထားသော လက်ဆောင်မွန်များကို တန်ဖိုးမထား၊ ဖျက်ဆီးသကဲ့သို့ ဖြစ်လာနေသည်။ ရှားပါးလာသော ရေချို၊ ညစ်ညမ်းလာသော လေထုနှင့် ကျဉ်းမြောင်းလာသော မြေတို့ကြောင့် ကမ္ဘာကြီးသည် ပျက်စီးချို့ယွင်းမှု အရှိန်အဟုန်မြန်မြန်ဖြစ်လာနေသည်။ ဘယ်သူမပြု မိမိမှုပင် ဖြစ်သည်။ အသိဉာဏ်အဆင့်မြင့်သော၊ တွေးခေါ်မြော်မြင်နိုင်မှုမြင့် မားသော လူတို့ကြောင့်ပင်ဖြစ်သည်။ သဘာဝပေးသော နေရာမြေ၊ သောက်စရာရေနှင့် ရှူစရာလေတို့ကို အလကားနီးနီးလောက်ရနေသဖြင့် တန်ဖိုးထားရကောင်းမှန်းမသိပေ။ ထိုမြေ၊ လေနှင့် ရေတို့ကို ထာဝစဉ်ရရှိမည်ဟု ထင်မြင်ယူဆနေကြသည်။ ထို့ကြောင့်ပင် လူသားတို့၏ အပြစ်ခြောက်ပါးကို သဘာဝပတ်ဝန်းကျင် ပညာရှင်များက သတိမူမိစေရန်နှင့် ဆင်ခြင်မိနေစေရန် ဖော်ပြကြသည်။

လူသားတို့က အရေးမကြီးဟု ထင်မြင်ယူဆကာ အပြစ်ခြောက်ပါးကို ကျူးလွန်နေကြ၍ ကမ္ဘာကြီးသည် တဖြည်းဖြည်းခံနိုင်ရည်စွမ်းရည်၊ အကျိုးပြုပေးနိုင်မှုစွမ်းရည်များ ခြောက်ခန်းလာနေသည်။ လူသားတို့၏ အပြစ်ခြောက်ပါးဖြစ်သည့် သဘာဝအရင်းအမြစ်များသည် သုံးမကုန်၊ စားမကုန်ဖြစ်နေသည်ဟုလည်းကောင်း၊ သဘာဝသည် လူသားတို့ထုတ်လုပ်၊ သုံးစွဲ၊ စွန့်ထုတ်လိုက်သော အညစ်အကြေးမှန်သမျှကို စုပ်ယူသိမ်းဆည်း လက်ခံနိုင်သည်ဟုလည်းကောင်း၊ သဘာဝမျိုးစိတ်များကို အလေးမထား၊ ဂရုမပြုဘဲ နောင်မျိုးစိတ်တွေ ထပ်ရှိလာမည်ဟု သဘောထား၍ အစွမ်းကုန် ဖျက်ဆီးနေ၍လည်းကောင်း၊ မိမိတို့၏ ခန္ဓာကိုယ်သည် မိမိတို့ ထုတ်လုပ်သော ပစ္စည်းများ၏ ဘေးထွက်ဆိုးကျိုးများကို ကာကွယ်နိုင်သည်၊ ခုခံနိုင်သည်ဟု အထင်တကြီး ယုံကြည်လက်ခံနေ၍ လည်းကောင်း၊ သဘာဝကပေးအပ်သော အရင်းအမြစ်များအားလုံးကို သိပ္ပံနည်းပညာဖြင့် ပြုလုပ်နိုင်သည်ဟု စိတ်ကြီးဝင်နေ၍လည်းကောင်း၊ လူ့အဖွဲ့အစည်းကို နည်းပညာများဖြင့် လွယ်လွယ်ကူကူပင် အုပ်ချုပ်၊ စီမံ၊ ခန့်ခွဲနိုင်သည်ဟု ခပ်လွယ်လွယ်ယူဆနေကြ၍လည်းကောင်း၊ သဘာဝကို အလေးမထား အဆိုပါအပြစ်ခြောက်ပါးကို ထမင်းစား ရေသောက်ပမာ လွယ်လွယ်ကျူးလွန်နေကြသည်။

တစ်လောက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနရှိ တိုင်းဦးစီးမှူးရုံးတစ်ရုံးက ပလတ်စတစ်ရေဘူးတွေနေရာမှာ ဖန်ဘူး၊ ဖန်ခွက်နဲ့ အစားထိုးပြီး အစည်းအဝေးတစ်ခု လုပ်ခဲ့တယ်။ အတုယူစရာလုပ်ဆောင်မှုလို့ ကျွန်တော်ထင်သည်။ အခမ်းအနားတစ်ခုလုပ်ပါက သုံးစွဲလိုက်ရတဲ့ ပလပ်စတစ်ရေသန့်ဘူး နည်းတာမဟုတ်ပေ။ အခမ်းအနားတစ်ခု ပြီးဆုံးပါက



သုံးစွဲလိုက်ရသော ရေသန့်ဘူးခွံများကို သန့်ရှင်းရေးသမားများက သိမ်းဆည်းသည်။ မြေကြီးထဲရောက်တာတွေရှိသည်။ မီးရှို့ဖျက်ဆီးလိုက်တာတွေရှိသည်။ ရောင်းတာတွေရှိသည်။ ဝယ်သူကလည်း အရည်ကျိုကာ အခြား ပလတ်စတစ်အသုံးအဆောင်များပြန်လည်ထုတ်လုပ်ကြသည်။ အဲဒီ ပလတ်စတစ်ဘူးခွံ မြေကြီးထဲရောက်သွားရင် နှစ် ထောင်ချီ မပျက်မစီးရှိနေတတ်တယ်။ မီးရှို့လိုက်ရင်လည်း ပလတ်စတစ်ညှော်နံ့တွေကြောင့် ရောဂါရတယ်။ ဘာများကောင်းတာရှိလို့လည်း ငွေကုန်တယ်၊ ရောဂါရတယ်၊ သဘာဝ ပတ်ဝန်းကျင်ထိခိုက်စေတယ်။ ရုံးတိုင်း၊ အိမ်တိုင်းမှာရေကို ဖန်ဘူး၊ ဖန်ခွက်လေးတွေနဲ့ ဧည့်ခံကြရင်၊ အသုံးပြုကြရင် ပလတ်စတစ်ကိုလည်း သုံးစွဲမှုချွေတာရာရောက်တယ်။ သဘာဝပတ်ဝန်းကျင်ကိုလည်း မပျက်စီးစေဘူး။ ငွေကိုလည်း ချွေတာရာရောက်တယ်။ ဒါလောက်ကောင်းတဲ့ ဆောင်ရွက်မှုမျိုးကို ကျွန်တော်တို့ အတုယူသင့်ပါတယ်။ တစ်ဖြည်းဖြည်းနဲ့ ပြောင်းလဲအသုံးပြုသင့်ပါတယ်။ ဤကဲ့သို့လူသားတို့၏ နေထိုင်မှု၊ ဝတ်စားဆင်ယင်မှု၊ စားသောက်မှုပုံစံများကြောင့် ကျွန်တော်တို့ နေထိုင်ရာကမ္ဘာကြီးကို ဖျက်ဆီးပစ်လိုက်သကဲ့သို့ဖြစ်မှာ စိုးရိမ်မိသည်။

သဘာဝသည် လူသားတို့ စွန့်ထုတ်သော အညစ်အကြေးမှန်သမျှကို စုပ်ယူ သိမ်းဆည်းနိုင်သည်ဟု အမြင်မှားနေမှုကိုလည်း ပယ်ဖျောက်ထားသင့်သည်။ သဘာဝမိခင်မြေကြီးအတွက် အာဟာရဖြစ်စေမည့် အညစ်အကြေးများများသာ စုပ်ယူနိုင်ပြီး၊ ပလတ်စတစ်ပစ္စည်းများ၊ ဓာတုပစ္စည်းများကိုမူ မစုပ်ယူ၊ မဖျက်ဆီးနိုင်ပေ။ ကမ္ဘာမြေကြီးအတွက် အန္တရာယ်ရှိသော စွန့်ပစ်မှုများဖြစ်နေသည်ကို သတိထားသင့်သည်။

သဘာဝမျိုးစိတ်များမှာ အသစ်တစ်ဖန်ရှင်သန်နေမည်ဟု အထင်မှားနေမှုများကိုလည်း စဉ်းစားသင့်သည်။ သဘာဝကပေးအပ်ထားသော မျိုးစိတ်လေးသန်းခန့်သည် လူသားတို့၏ မဆင်မခြင်ဆောင်ရွက်မှုများကြောင့် ကွယ်ပျောက်သွားပြီဖြစ်သည်။ ဆက်လက်၍လည်း အပင်များ၊ တိရစ္ဆာန်များ၊ မြေဆီလွှာများသည် အရှိန်အဟုန်ဖြင့် ကွယ်ပျောက်နေသည်။ သတိထားဆင်ခြင်ကာ သုံးစွဲမှသာလျှင် သဘာဝမျိုးစိတ်များကို ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ လူသားတို့၏ အနာဂတ် မျိုးဆက်သစ်များအတွက် သဘာဝကပေးသော မျိုးစိတ်များကို ကာကွယ်သင့်သည်။ ထိန်းသိမ်းစောင့်ရှောက်သင့်ပါသည်။

လူသားတို့၏ခန္ဓာကိုယ်သည် လူသားတို့ထုတ်လုပ်သော ဘေးထွက်ဆိုးကျိုးများကို ကာကွယ်နိုင်သည် ခုခံနိုင်သည်ဟု အထင်တကြီး ယုံကြည်မှုများသည်လည်း သဘာဝကို အကျိုးမပြုပေ။ သဘာဝနှင့် လူသားတို့သည် တစ်ခုနှင့်တစ်ခု ကွင်းဆက်ပမာ အမှီသဟဲပြုကာ နေထိုင်ကြခြင်းဖြစ်၍ တစ်ဖက်ဖက်တွင် ဆိုးကျိုးဖြစ်ပါက တစ်ဖက်တွင် ခံစားရမည်မှာ မုချပင်ဖြစ်သည်။

သဘာဝကပေးသော အရင်းအမြစ်အားလုံးကို သိပ္ပံပညာဖြင့် ပြုလုပ်နိုင်သည်ဟု စိတ်ကြီးဝင်နေမှုများလည်း မဖြစ်သင့်ပေ။ သိပ္ပံပညာမည်မျှပင် တိုးတက်ပါစေ၊ ဖွံ့ဖြိုးပါစေ၊ သဘာဝပစ္စည်းများကို မည်သို့ပင်တုပထားပါစေ၊ သဘာဝပစ္စည်းများကို မှီနိုင်မည်မထင်ပေ။ ပလပ်စတစ်ပန်းနှင့် သဘာဝပန်းများရောစပ်ထားသော ပန်းဥယျာဉ်ထဲတွင် ပျားများသည် ပန်းအစစ်ထံမှသာ ဝတ်ရည်စုပ်မည်မှာ အသေအချာပင်ဖြစ်သည်။ သိပ္ပံပညာဖြင့် သဘာဝတရားကြီးကို တုပခဲ့ရာမှ ပလတ်စတစ်ကဲ့သို့ ပစ္စည်းများကြောင့် သဘာဝတရားကြီးသည် ပျက်စီးလာနေသည်။ လူတွေသေကြေ ရောဂါရကြသည်။ ကမ္ဘာကြီးမရှိပါက၊ လူသားများ ပျောက်ကွယ်ပါက၊ သိပ္ပံပညာသည်လည်း နတ္ထိဖြစ်သွားမည်ကို ဂရုပြုသင့်ပါသည်။

လူသားများကို လွယ်လွယ်ကူကူ အုပ်ချုပ်စီမံကွပ်ကဲနိုင်သည်ကို ယေဘုယျယူဆချက်များမှာလည်း မှားယွင်းနေဆဲဖြစ်သည်။ လူမျိုး၊ ဘာသာ၊ အယူဝါဒ၊ အတ္တ၊ လောဘများဖြင့် ပြည့်နှက်နေသော ကမ္ဘာကြီးကို လွယ်လွယ်ကူကူထိန်းချုပ်ရန် မလွယ်ကူပေ။ သဘာဝတရားကြီးကို ထိန်းသိမ်းစောင့်ရှောက်ရန် လက်ခံသူရှိမည်၊ လက်မခံသူရှိမည်၊ လိုက်ပါဆောင်ရွက်သူရှိမည်၊ ဘေးရှောင်နေသူရှိမည်၊ သဘာဝတရားကြီးကတော့ သူ့ကို ကူညီမည့်သူကို မျှော်လင့်နေဆဲပင်ဖြစ်သည်။

ပလတ်စတစ်ပစ္စည်းများကို မဆင်မခြင်သုံးစွဲနေမှုများကြောင့် စက္ကန့် ၃၀ တိုင်း လူတစ်ဦး သေဆုံးနေသတဲ့လေ။ အံ့သြထိတ်လန့်စရာပင်ဖြစ်ပါသည်။ ပြီးတော့ ပလတ်စတစ်ပစ္စည်းများကြောင့် ကင်ဆာရောဂါအပါအဝင် အခြားဆက်နွှယ်သော ရောဂါများကြောင့် နှစ်စဉ် လူသားတစ်သန်းခန့် အသက်သေဆုံးလျက်ရှိနေ ကြတယ်လို့ မီဒီယာများတွင် ဖော်ပြထားချက်များအရ သိရှိရပြန်သည်။ မကြာမီကလည်း ကမ္ဘာ့သမုဒ္ဒရာတွေရဲ့အနက်ကို တိုင်းတာတဲ့အဖွဲ့သည် ပေတစ်သောင်းကျော် အနက်သို့အရောက်မှာ ပလတ်စတစ် စွန့်ပစ်ပစ္စည်းများကို ထူးခြားစွာတွေ့ရလို့ အံ့သြမှုဖြစ်သည်ဟု ဆိုပါသည်။ ပလတ်စတစ်တွေကို အစာအမှတ်စားမိတဲ့ ကုန်းနေ၊ ရေနေသတ္တဝါတွေ သေကျေပျက်စီးကြရတာတွေကိုလည်း တွေ့မြင်နေရလို့စိတ်မကောင်းဖြစ်မိသည်။

ထို့ကြောင့်ပင် မြန်မာနိုင်ငံရှိတချို့သော ဆိုင်များတွင် ကိုယ်ပိုင်အိတ်ဖြင့် ဈေးဝယ်လာပါက ချိုချဉ်၊ သကြားလုံးများ လက်ဆောင်ပေးခြင်း၊ စားသောက်ဆိုင်များတွင် ချိုင့်ဖြင့်လာရောက် ဝယ်ယူပါက ဟင်းများအပိုထည့်ပေးခြင်း၊ သဘာဝပစ္စည်းများဖြင့် ထုတ်လုပ်ထားသည့် ထည့်စရာအိတ်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်းများဆောင်ရွက်နေသော်လည်း ပလတ်စတစ်ရေသန့်ဘူး ယဉ်ကျေးမှုသည် ပို၍ပို၍ များပြားလာနေပါသည်။ ပညာပေးမှုများရှိသော်လည်း လိုက်နာဆောင်ရွက်မှုမရှိခြင်းမှာ အတ္တ၊ လောဘသားများကြောင့်လား၊ အပြစ်ခြောက်ပါးကို မသိ၍ဘဲလား မသိနိုင်ပေ။

သို့ဖြစ်ပါ၍ အတ္တ၊ လောဘ၊ ဒေါသကင်း၍ ကိုယ်ချင်းစာတရား၊ မေတ္တာတရားပြည့်ဝသော စိမ်းလန်းစိုပြည်သည့်နိုင်ငံဖြစ်လာစေရေးအတွက်ပြည်သူများအားလုံးမှ လိုက်ပါဆောင်ရွက်ကြစေချင်ပါသည်။ အပြုံးပန်းတွေဝေဆာပြီး သန့်စင်သောလေကို ရှူ၍၊ အေးမြကြည်လင်သောရေကို ယုံကြည်စိတ်ချစွာ သောက်သုံးနိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်သည့် စိတ်ဓာတ်များ ကိန်းအောင်းစေချင်ပါသည်။ တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများနေရာတွင် ရေရှည်အသုံးပြုနိုင်သည့် အန္တရာယ်ကင်းပစ္စည်းများဖြင့် အစားထိုးသုံးစွဲစေချင်ပါသည်။ အနာဂတ် မျိုးဆက်များအတွက် သန့်စင်သော ကမ္ဘာမြေကို လက်ဆောင်အဖြစ် ပေးအပ်ရန် စံနမူနာကောင်းများ ပြပေးစေချင်ပါကြောင်း စေတနာထား တိုက်တွန်းအပ်ပါသည်။

**စာမျက်နှာ (၂၄) သီးနှံစိုက်ပျိုးရေး ကြိုတင်ပြင်ဆင် . . . . . . မှအဆက်**

နေကြာသီးနှံဟာ ၈-၁၀ ဒီဂရီ စင်တီဂရိတ်မှာ အပင်ကောင်းစွာပေါက်ပြီး ၂၀-၂၄ ဒီဂရီ စင်တီဂရိတ်မှာ မျိုးအောင်မှုအသင့်တော်ဆုံး ဖြစ်ပါတယ်။ ၂၅ ဒီဂရီစင်တီဂရိတ် အထက်မြင့်သွားပါက သန္ဓေအောင်မှုနည်းပြီး အထွက်နှုန်း ထိခိုက်နိုင်ပါတယ်။ ပဲပုတ်သီးနှံဟာ ၁၀-၂၉ ဒီဂရီ စင်တီဂရိတ်မှာ အပင် ကောင်းမွန်ဖြစ်ထွန်းအောင်မြင်ပြီး အထွက်နှုန်းအကောင်းဆုံးဖြစ်ပါတယ်။ သို့အတွက် ယခုနှစ်လို မိုးနည်းပြီး ပူပြင်းခြောက်သွေ့မှုဖြစ်ပေါ်နိုင်တဲ့ ရာသီဥတုမျိုးမှာ သီးနှံများလိုအပ်တဲ့ အပူချိန်နဲ့ ကိုက်ညီအောင် တွေးဆစိုက်ပျိုးကြရန် လိုအပ်ပါတယ်။

သို့ပါ၍ အယ်လ်နီညိုက ဟန်ရေးပြင်၊ မုတ်သုန်မိုးကနောက်ကျ ဝင်၊ မိုးရွာသွန်းမှုကနည်းမည်ထင်ရတဲ့ ဒီနှစ်လိုရာသီဥတုနဲ့ သီးနှံများစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနိုင်ရေးအတွက် တောင်သူလယ်သမား ကြီးများ ကြိုတင်ပြင်ဆင်နိုင်ရန် မျှဝေလိုက်ရပါတယ်။

# တရုတ်-မြန်မာ ကုန်စည်ပြပွဲ Fortune Plaza တွင် ပြုလုပ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲအတွင်းရေးမှူးရုံးတို့ ပူးပေါင်း၍ ဒုတိယအကြိမ် China-Myanmar (Yangon) Trade Fair 2019 ကုန်စည်ပြပွဲ ဖွင့်လှစ်ခြင်းအခမ်းအနားကို မေ ၂၆ ရက် ညနေပိုင်းက ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မင်းနန္ဒာလမ်းရှိ Myanmar Expo Hall (Fortune Plaza) ၌ ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံ/ဘဏ္ဍာ ဝန်ကြီး ဦးမြင့်သောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဌ ဦးဇော်မင်းဝင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr.Xie Guoxiagn ၊ တရုတ်-အာဆီယံ ကုန်စည်ပြပွဲအတွင်းရေးမှူးရုံး ဒုတိယအတွင်းရေးမှူးချုပ် Mr.Zeng Zhong နှင့် တရုတ်ကုန်သည်ကြီးများ တက်ရောက်ခဲ့ကြသည်။




"အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲများ လက်ခံကျင်းပခြင်းကြောင့် မိမိတို့မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရုံသာမက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနဲ့ ဒေသရဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကိုလည်း တစ်ပြိုင်တည်းဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ ယခုကုန်စည်ပြပွဲမှာ စိုက်ပျိုးရေးထွက်ကုန်ကုန်တွေကို တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) ထုတ်လုပ်နိုင်တဲ့ စက်ပစ္စည်းကိရိယာများ၊ စားသောက်ကုန်ထုတ်စက်ကိရိယာများ၊ ထုပ်ပိုးမှုလုပ်ငန်း စက်ကိရိယာများ ပါဝင်ပြသတဲ့အတွက် ဒေသခံစိုက်ပျိုး ထုတ်လုပ်သူများအနေနဲ့ လိုအပ်လျက်ရှိတဲ့ စက်ပစ္စည်းကိရိယာတွေကို ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံဆွေးနွေးမှာယူနိုင်မှာဖြစ်ပြီး မိမိတို့၏ ထုတ်ကုန် အရည်အသွေးမြှင့်တင်ရေးအတွက် များစွာအထောက်အကူဖြစ်စေမှာဖြစ်ပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက ပြောသည်။

China-Myanmar (Yangon) Trade Fair 2019 ကုန်စည်ပြပွဲတွင် မြန်မာကုမ္ပဏီ ၂၂ ခုမှ ပြခန်း ၂၄ ခန်းနှင့် တရုတ်ကုမ္ပဏီ ၄၅ ခုမှ ပြခန်း ၅၄ ခန်းက တရုတ်နိုင်ငံထုတ် မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ၊ စားသောက်ကုန်ထုတ်လုပ်ရေးနှင့် ထုပ်ပိုးခြင်းစက်ကိရိယာများ၊ အထွေထွေသုံး စက်ကိရိယာများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ နေ့စဉ်သုံးလူသုံးကုန်ပစ္စည်းများ၊ အစားအသောက်များနှင့် မြန်မာနိုင်ငံထွက် စားသောက်ကုန်၊ လယ်ယာထွက်ကုန်၊ လက်မှုပစ္စည်းများ ပြသခဲ့သည်။

**သန်းထိုက်အောင်**

# မြန်မာနိုင်ငံ၏ ပထမဦးဆုံး အိမ်ခြံမြေဆုပေးပွဲအတွက် လုပ်ငန်းရှင်များအား တရားဝင်မိတ်ဆက်

မြန်မာနိုင်ငံ၏ ပထမဦးဆုံး အိမ်ခြံမြေဆုပေးပွဲ Myanmar National Real Estate Awards (MNREA) 2019 အတွက် ဆောက်လုပ်ရေး လုပ်ငန်းရှင်များအား တရားဝင်မိတ်ဆက်သည့် VIP Corporate Launch အခမ်းအနားကို မေ ၂၈ ရက်တွင် ရန်ကုန်မြို့ရှိ Novotel Yangon Max ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆုပေးပွဲကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး နှစ်စဉ်ကျင်းပရန် ရည်ရွယ်ထားကြောင်း၊ နိုင်ငံတစ်ဝန်းမှ ထိပ်တန်းအိမ်ခြံမြေလုပ်ငန်းရှင်များနှင့် ဆောက်လုပ်ရေးကုမ္ပဏီများအတွက် ကြိုးစားအားထုတ်မှုနှင့် တီထွင်ဖန်တီးမှုများကို အသိအမှတ်ပြုသည့်ပွဲလည်းဖြစ်ကြောင်း သိရသည်။

"အိမ်ခြံမြေ ဖွံ့ဖြိုးတိုးတက်မှုက နိုင်ငံရဲ့ အုတ်မြစ်တစ်ခုဖြစ်ပြီး လူမှုရေးနဲ့ စီးပွားရေးတိုးတက်ကြီးထွားဖို့အတွက် အရေးပါပါတယ်။ ဒီလိုမျိုး Myanmar National Real Estate Awards က နိုင်ငံရဲ့ အိမ်ခြံမြေနယ်ပယ်အတွင်း တိုးတက်ရေးနဲ့ တီထွင်ဖန်တီးမှုတွေအတွက် အားပေးချီးမြှင့်ရာရောက်ပါတယ်"ဟု ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ပြောသည်။

ဆုပေးပွဲကာလရောက်ရှိပါက နိုင်ငံတကာနှင့် ပြည်တွင်းမှ ပါဝင်ယှဉ်ပြိုင်ကြသည့် လုပ်ငန်းရှင်များ၏ ဆောက်လုပ်ရေးကုမ္ပဏီများ၏ ဆန်ခါတင်စာရင်းအဆင့်၊ နောက်ဆုံးရွေးချယ်မှုများနှင့် အနိုင်ရရှိသူစာရင်းများကို ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ အကဲဖြတ်ဒိုင်အဖွဲ့တွင်လည်း ပြည်တွင်းမှ ခြောက်ဦးနှင့် ပြည်ပမှ အကဲဖြတ်လေးဦးတို့ပါဝင်မည်ဖြစ်ပြီး ယှဉ်ပြိုင်လိုသူများအနေဖြင့် မေ ၂၉ ရက်မှ ဇူလိုင် ၃ ရက်အထိ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယှဉ်ပြိုင်ခွင့်အတွက် ကဏ္ဍတစ်ခုလျှင် အပြီးအစီး အမေရိကန်ဒေါ်လာ ၇၀ ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အောက်တိုဘာ ၄ ရက်တွင် နောက်ဆုံး ဆုပေးပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ချောစု**

# SC Auto ၏ ဘတ်စ်ကားများ မြန်မာနိုင်ငံတွင် စတင်ထုတ်လုပ်

စင်ကာပူနိုင်ငံ၏ ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သည့် SC Auto ၏ ဘတ်စ်ကားများကို မြန်မာနိုင်ငံတွင် စတင်ထုတ်လုပ်သွားမည်ဖြစ်ပြီး ဘတ်စ်ကားထုတ်လုပ်မည့် စက်ရုံမှာလည်း တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘတ်စ်ကားထုတ်လုပ်မည့် စက်ရုံကို မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်စက်မှုဇုန်တွင် ဖွင့်လှစ်ထားခြင်းဖြစ်ပြီး တရားဝင်ဖွင့်လှစ်ခြင်း အခမ်းအနားကို မေ ၂၈ ရက်တွင် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနေ့တရားဝင်မိတ်ဆက်တဲ့ SC Auto ရဲ့ မြန်မာနိုင်ငံစက်ရုံက စင်ကာပူနဲ့ မြန်မာနိုင်ငံ ဈေးကွက်အတွက် ကမ္ဘာ့အဆင့်မီ လိုအပ်တဲ့ အထောက်အပံ့နဲ့ ဝန်ဆောင်မှုတွေကို ပေးသွားမှာဖြစ်သလို နောက်ထပ်မျိုးဆက်သစ် ဘတ်စ်ကားတွေကို ထုတ်လုပ်ဖို့ ရောက်ရှိနေတာဖြစ်ပါတယ်။ ပြည်တွင်းအတွက်သာမက ကမ္ဘာ့နိုင်ငံတွေက တခြား ဈေးကွက်တွေကိုလည်း ဖြန့်ဝေ ပေးသွားမှာပါ။ နောက်ပြီး အသစ်အသစ်သော Express ကားအတွေ့အကြုံ ခံစားမှုတွေကိုလည်း ကျွန်တော်တို့ရဲ့ ထုတ်ကုန်နဲ့ ဝန်ဆောင်မှုကတစ်ဆင့် ပံ့ပိုးပေးဖို့ ရည်ရွယ်ထားသလို သုံးစွဲသူတွေလိုအပ်တာကိုလည်း ပြန်လည်ဖြည့် ဆည်းပေးသွားမှာပါ"ဟု SC Auto ဥက္ကဌ Mr.Tan Siow Chua က ပြောသည်။ SC Neustar မျိုးဆက်သစ်အား စင်ကာပူ၌ စတင်မိတ်ဆက်ချိန်တွင် SC Neustar ၏ မြင့်တက်လာသည့် ဝယ်လိုအားကို ဖြည့်ဆည်းရန်အတွက် စင်ကာပူရှိ စက်ရုံဧရိယာကို တိုးချဲ့ခဲ့သလို မြန်မာနိုင်ငံတွင်လည်း ပထမဆုံး နိုင်ငံရပ်ခြား ထုတ်လုပ်မှုစက်ရုံအဖြစ် ရင်းနှီးမြှုပ်နှံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချောစု**

# တိုယိုတာ Hilux မော်တော်ကားများ ပြည်တွင်း၌ တပ်ဆင်ရောင်းချမည်

တိုယိုတာ မော်တော်ကော်ပိုရေးရှင်း (တိုယိုတာ)က TOYOTA Hilux အမျိုးအစား မော်တော်ယာဉ်များကို ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ် ရောင်းချသွားမည်ဖြစ်ပြီး အမေရိကန် ဒေါ်လာ ၅၂ သန်းကျော် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း မေ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အညီ ပြည်တွင်းဈေးကွက်အတွင်း မော်တော်ယာဉ်သစ် ဝယ်လိုအားမှာ မကြာသေးမီ နှစ်များအတွင်း တစ်ဟုန်ထိုး တိုးတက်မြင့်မားလျက်ရှိကြောင်း၊ ၂၀၁၈ ခုနှစ် ဈေးကွက် အချက်အလက်များအရ စီးရေ ၁၈၀၀၀ ခန့်ရှိခဲ့ပြီး လွန်ခဲ့သောနှစ်များထက် နှစ်ဆကျော်များပြားကြောင်း၊ တိုယိုတာအနေဖြင့် လက်ရှိအချိန်တွင် Toyota Hilux, Vios, Rush နှင့် အခြားအမျိုးအစားယာဉ်များတင်သွင်း ရောင်းချလျက်ရှိကာ ယခုနှစ် ဇွန်လတွင် တိုယိုတာ မြန်မာ (TMY) ကို တည်ထောင်ပြီး ပြည်တွင်းဝယ်ယူအားပေးကြသည့် စားသုံးသူများအနေဖြင့် တိုယိုတာမော် တော်ယာဉ်များကို ယုံကြည်စိတ်ချစွာ ပိုမိုရွေးချယ်နိုင်ခွင့်ရစေရန် လုပ်ငန်းတိုးချဲ့ဆောင်ရွက်မည်ဖြစ်ကြောင်း တိုယိုတာကော်ပိုရေးရှင်းမှ သိရသည်။

ထို့ပြင် တိုယိုတာမြန်မာ (TMY) စက်ရုံကို ရန်ကုန်မြို့တောင်ဘက်ရှိ သီလဝါအထူးစီးပွားရေးဇုန်အတွင်း တည်ဆောက်မည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၆ သန်းဖြစ်ကြောင်း၊ လုပ်သားအင်အား ၁၃၀ ဦးဖြင့် လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပြီး ၂၀၂၁ ခုနှစ် ကုန်ထုတ်လုပ်ငန်းများစတင်ဆောင်ရွက်သည့် အချိန်တွင် တစ်နှစ်လျှင် Toyota Hilux ယာဉ်စီးရေ ၂၅၀၀ အား SKD စနစ်ဖြင့်တပ်ဆင် ထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း စားသုံးသူများ၏ လိုအပ်ချက်နှင့် အကိုက်ညီဆုံးဖြစ်သော ထုတ်ကုန်နှင့် ဝန်ဆောင်မှုသစ်များအား ဆက်လက် တိုးမြှင့်လုပ်ဆောင်ပေးရန်၊ မြန်မာ့စက်မှုဖွံ့ဖြိုးတိုးတက်လာစေရန်၊ တိုယိုတာမော်တော်ယာဉ်များ ပြည်တွင်းထုတ်လုပ်မှုမှတစ်ဆင့် ထုတ်လုပ်မှုနည်းပညာ တတ်ကျွမ်းသောလူသား အရင်းအမြစ်စွမ်းရည် ဖွံ့ဖြိုးတိုးတက်လာစေရန် တိုယိုတာမှ ဆက်လက်ကြိုးပမ်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# မြန်မာအနုညာတစီရင်ဆုံးဖြတ်ခြင်း ဗဟိုဌာန တည်ထောင်မည်

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) က မြန်မာအနုညာတစီရင်ဆုံးဖြတ်ခြင်းဗဟိုဌာန (Myanmar Arbitration Center)ကို မကြာမီတည် ထောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်းချုပ်က မေ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ နိုင်ငံတကာကူးသန်းရောင်းဝယ်ရေး ပြုလုပ်ရာတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အငြင်းပွားမှုပြဿနာများကို အခြားနိုင်ငံများတွင် သွားရောက်ဖြေရှင်းရန် မလိုအပ်ဘဲ အချိန်ကုန်သက်သာ၊ ငွေကုန်ကြေးကျ သက်သာစွာဖြင့် မြန်မာနိုင်ငံတွင်ဖြေ ရှင်းနိုင်ရန်နှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းအားဖြင့် ပြိုင်ဆိုင်ခြင်းမဟုတ်ဘဲ မိတ်ဆွေဖြစ်အကျိုးပြုသော အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြစ်စေရန် ရည်ရွယ်၍ မြန်မာအနုညာတစီရင်ဆုံးဖြတ်ခြင်း ဗဟိုဌာနကို မကြာမီဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

" နိုင်ငံတကာ Arbitration ဆိုတာ ဈေးပေါပေါနဲ့ ရတာမဟုတ်ဘဲ စင်ကာပူ Arbitration မှာ အငြင်းပွားမှုပေါ်လို့ သွားလိုက်တာနဲ့ ကိုယ်အငြင်းပွားနေတဲ့ ငွေပမာဏရဲ့ ၁၀ ရာခိုင်နှုန်းကို Deposit တင်ခိုင်းတယ်။ သန်းဂဏန်းမှာဆိုရင် အများကြီးတင်ရတာကြောင့် မြန်မာတွေနစ်နာရတယ်"ဟု အနုညာတ စီရင်ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏အကြံပေး ဒေါက်တာမောင်မောင်သိမ်းက ပြောသည်။

**သန်းထိုက်အောင်**

# စင်ကာပူနိုင်ငံ၏ Safety Mark အကြောင်း သိကောင်းစရာ




စားသုံးသူများအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်းစင်ကြယ်၍ ဘေးအန္တရာယ်ကင်းရှင်းသော အစားအစာများကို ရွေးချယ်ဝယ်ယူစားသောက်ရန် လိုအပ်သလို သုံးစွဲသည့် အသုံးအဆောင်ပစ္စည်းများမှာလည်း အရည်အသွေးမီ ယုံကြည်စိတ်ချရမှုရှိရန် လိုအပ်လှပါသည်။ စားသုံးသူကိုယ်တိုင်က မိမိစားသုံးသည့် အစားအစာများကို ရွေးချယ်ရာတွင် ထုတ်လုပ်သည့်နေ့စွဲ၊ သက်တမ်းကုန်ဆုံးမည့် နေ့စွဲ၊ ပါဝင်သည့်ပစ္စည်းအမျိုးအစားများအား ဖော်ပြထားခြင်းရှိ/မရှိ၊ မှတ်ပုံတင်ထားခြင်းရှိ/မရှိ၊ စားသုံးရန် သင့်တော်ခြင်းရှိ/မရှိတို့အား သိရှိရန်လိုအပ်ပါသည်။

စားသောက်ကုန်ပစ္စည်းများအား ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့်အပြင် ပြည်ပနိုင်ငံများမှလည်း တင်သွင်းလာကြရာ မည်သည့်ကုန်ပစ္စည်းကိုဖြစ်စေ အန္တရာယ် ရှိ/မရှိ ခွဲခြားသိရှိပြီး လုံခြုံစိတ်ချမှုရှိတဲ့ ကုန်ပစ္စည်းများကိုသာ ရွေးချယ်သုံးစွဲသင့်ပါသည်။ မိမိတို့နိုင်ငံအတွင်းရှိ စားသုံးသူကာကွယ်ပေးရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်သူများအနေဖြင့် လေ့လာနိုင်ရန်အတွက် စင်ကာပူနိုင်ငံ၏ စားသုံးသူကာကွယ်ရေး နယ်ပယ်တွင် ဆောင်ရွက်နေသည့် ကုန်ပစ္စည်းများလုံခြုံစိတ်ချရမှုအမှတ်တံဆိပ် Safety Mark အကြောင်းအား လေ့လာတင်ပြလိုပါသည်။

စင်ကာပူနိုင်ငံတွင် စားသုံးသူများအတွက် လုံခြုံစိတ်ချမှုရှိစေရန် လူသုံးကုန်ပစ္စည်းများအပေါ် မှတ်ပုံတင်ခြင်း အစီအစဉ်အား ဆောင်ရွက်စေခဲ့ပါသည်။ မှတ်ပုံတင်ခြင်းကို စင်ကာပူနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ ၁၉၉၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် စားသုံးသူ ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း (Safety Authority) ကို Spring Singapore မှ စီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိပါသည်။ သုံးစွဲသူများ၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် လူသုံးကုန်ပစ္စည်း ၄၇ မျိုးအား ကန့်သတ်ထိန်းချုပ်ကုန်ပစ္စည်း (Controlled Goods) အဖြစ် သတ်မှတ်ပြီး ထိုကုန်ပစ္စည်းများရှိရမည့် အရည်အသွေးစံသတ်မှတ်ချက်ကို IEC (International Electrotechnicial Commission) အရည်အသွေးသတ်မှတ်ချက်နှင့် Safety Authority လိုအပ်ချက်အတိုင်း သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။ ထိန်းချုပ်ကန့်သတ် ကုန်ပစ္စည်းများ ထုတ်လုပ်သူ၊ တင်သွင်းသူများအားလုံးသည် Safety Authority ထံတွင် ကုမ္ပဏီမှတ်ပုံတင်ရန်လိုအပ်ပြီး ၎င်းတို့ ထုတ်လုပ်တင်သွင်းလိုသည့် ကုန်ပစ္စည်းများကိုလည်း မော်ဒယ်တစ်ခုချင်းအလိုက် မှတ်ပုံတင်ရပါသည်။

ကန့်သတ်ကုန်ပစ္စည်းများကို မှတ်ပုံတင်ရာမှာ သတ်မှတ်စံအရည်အသွေး၊ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိကြောင်းကို တတိယကြားခံအဖွဲ့အစည်းအဖြစ် Conformity Assessment Bodies -CAB (ပြည်တွင်း၊ ပြည်ပ) က စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီမှုရှိကြောင်း ထောက်ခံချက် (Certificate of Conformity-CoC) ထုတ်ပေးရပါသည်။ ကုန်ပစ္စည်း တင်သွင်းရန် မှတ်ပုံတင်လျှောက်လွှာတင်ပြပါက CAB ကလျှောက်လွှာ လက်ခံပြီး ထိုကုန်ပစ္စည်းအတွက် လုံခြုံစိတ်ချရမှုရှိကြောင်း အမှတ်အသား Safety Mark ပြုလုပ်ရန် နံပါတ်ထုတ်ပေးပါသည်။ CoC ထောက်ခံချက်နဲ့ မှတ်ပုံတင်ကြေး ပေးသွင်းပြီး Safety Authority ထံသို့ ဆက်လက်တင်ပြရပါသည်။

## TTZ (သတင်းနည်းပညာ/အရည်အသွေး)

မှတ်ပုံတင်ပြီး ကန့်သတ်ထိန်းချုပ် ကုန်ပစ္စည်းအပေါ် (သို့) ထုပ်ပိုးပါကင်အပေါ် စသည့် သိသာထင်ရှားသည့်နေရာတွင် Safety Mark ကို ကပ်ထားရပြီး Safety Mark မကပ်ရသေးသော ကုန်ပစ္စည်းများကို ရောင်းဝယ်ခြင်း၊ ပေးပို့ခြင်း၊ ကြော်ငြာခြင်းမပြုလုပ်ရပါ။ ပြုလုပ်ခဲ့ပါက ပြဋ္ဌာန်းဥပဒေအရ အရေးယူခြင်းခံရပြီး ဒဏ်ငွေဒေါ်လာ ၁၀၀၀၀ နှင့်အောက် (သို့) ထောင်ဒဏ် နှစ်နှစ်ထက်မပိုသော ပြစ်ဒဏ် (သို့) နှစ်မျိုးစလုံးကို ပြစ်ဒဏ်သတ်မှတ်နိုင်ပါသည်။

Safety Mark ကပ်ထားမှုကိုကြည့်၍ သုံးစွဲသူများမှ မှတ်ပုံတင်ထားခြင်းရှိ/မရှိ အလွယ်တကူ ခွဲခြား သိရှိနိုင်ပြီး ဈေးကွက်အတွင်း ကုန်ပစ္စည်းများကို မှတ်ပုံမတင်ဘဲ ရောင်းချမှုကိုလည်း အဟန့်အတားတစ်ခုဖြစ်စေပါသည်။ Safety Authority ကလည်း ထုတ်လုပ်သူ၊ တင်သွင်းသူနှင့် ဖြန့်ဖြူးရောင်းချသူ ကုန်သည်များ၏ သိုလှောင်ရုံများကို လိုအပ်ပါက လျှပ်တစ်ပြက် ဝင်ရောက်စစ်ဆေးနိုင်ပါသည်။ Safety Mark တွင် ပါဝင်သည့် ဂဏန်းရှစ်လုံးတွင် ရှေ့ဆုံးဂဏန်းနှစ်လုံးမှာ ထောက်ခံချက်ထုတ်ပေးသည့် ခုနှစ်၊ အလယ်ဂဏန်း လေးလုံးမှာ စီနီယာနံပါတ်နှင့် နောက်ဆုံးဂဏန်းနှစ်လုံးမှာ CAB သက်သေခံ ကုတ်နံပါတ်တို့ဖြစ်ပါသည်။ Safety Mark ကိုကြည့်၍ တင်သွင်းသူ၊ ၎င်းကုန်ပစ္စည်းနှင့် ပတ်သက်သည့်အချက်အလက်များအား နောက်ကြောင်းပြန် စစ်ဆေးနိုင်သည့်အတွက် Safety Mark တပ်ဆင်ထားသော ကုန်ပစ္စည်းသည် ဘေးအန္တရာယ် ကင်းရှင်းကြောင်း အထောက်အထားတစ်ခုဖြစ်သည်။

စားသုံးသူများ၏ အကျိုးစီးပွားကို ကာကွယ်နိုင်ရန်အတွက် မှတ်ပုံတင်ပြီးသော Safety Mark တပ်ဆင်ထားသော ကုန်ပစ္စည်းများကိုသာ ဝယ်ယူသုံးစွဲရန် တိုက်တွန်းအားပေးခြင်း၊ သုံးစွဲသူများမှ ယုံကြည်စိတ်ချစွာ ဝယ်ယူသုံးစွဲနိုင်ရန်အတွက် မှတ်ပုံတင်ပြီး ကုန်ပစ္စည်းများ၏ စာရင်းအား Website တွင် ဖော်ပြထားခြင်း၊ ထုတ်လုပ်သူ၊ တင်သွင်းရောင်းချသူနှင့် ဖြန့်ဖြူးရောင်းချသူကိုလည်း Safety Authority ၏ လမ်းညွှန်ချက်များ အတိုင်း လိုက်နာဆောင်ရွက်ရန်၊ လိုက်နာခြင်းမရှိပါက ဥပဒေအတိုင်း အရေးယူအပြစ်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့သည့်အတွက် စားသုံးသူများသည် လုံခြုံစိတ်ချမှုရှိပြီး အရည်အသွေးမြင့်ထုတ်ကုန်များကိုသာ ရွေးချယ်သုံးစွဲတတ်သည့် အလေ့အကျင့်ကောင်းတစ်ခု စွဲမြဲလာပါသည်။ စင်ကာပူနိုင်ငံ၏ စားသုံးသူကာကွယ်ပေးရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်သည့် Safety Mark အစီအစဉ်သည် စားသုံးသူများအတွက် အလွန်တရာ အကျိုးရှိကြောင်း သိရှိနိုင်စေရန် လေ့လာတင်ပြလိုက်ရပါသည်။

## စာမျက်နှာ (၃) ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မှအဆက်

တက်ရောက်လာကြသူများက တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ညောင်တုန်းမြို့နယ်၊ ပဲရုံဆိပ်ကျေးရွာရှိ Top Dairy Form နို့စားနွားမွေးမြူရေးခြံသို့ ရောက်ရှိပြီး နို့စားနွားကောင်ရေ ၃၀ မွေးမြူထားရှိမှုနှင့် နို့ထွက်ပစ္စည်းများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

## စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မှအဆက်

ပါဝင်ဆောင်ရွက်နေမှု၊ မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင် ရွက်မှုဇုန် (BECZ) ဗဟိုကော်မတီနှင့် EOI ခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု၊ ပြည်နယ်အစိုးရများမှတစ်ဆင့် ပုဂ္ဂလိကကုမ္ပဏီများမှ အဆိုပြုလာသော ဒေသန္တရဇုန်များ တည်ဆောက်ခြင်းဆိုင်ရာ ကိစ္စရပ်များဟူ၍ အပိုင်းသုံးပိုင်းဖြင့် ရှင်းလင်းပြောကြားမည်ဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုလမ်းကြောင်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တရုတ်နိုင်ငံက ကြီးမှူးဆောင်ရွက်နေသော ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင်လည်း မြန်မာနိုင်ငံက သဘောတူလက်မှတ်ရေးထိုးပြီး ပါဝင်ဆောင်ရွက်နေပါကြောင်း၊ မြန်မာ-တရုတ် နယ်စပ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များ၏ တည်နေရာများအဖြစ် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်၊ ချင်းရွှေဟော်၊ ကချင်ပြည်နယ်၊ ကန်ပိုက်တီတို့အား ရွေးချယ်ထားရှိမှုတို့ကို ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေး၌ သဘောတူညီခဲ့ကြောင်း၊ မူဆယ်နယ်စပ်စီးပွားရေးဇုန် တည်ဆောက်ရာတွင် မူဆယ် (ဟိုဆောင်)-ကျယ်ဂေါင်ကို Core Zone အဖြစ်လည်းကောင်း၊ ကြူကုတ် (ပန်ဆိုင်း)-ဝမ်တိန်-နွမ်ရင် (ကျိန်စမ်းကျော့)-မန့်မန် (ရွှေလီ) တို့အား Export Product Manufacturing Processing and Warehouse Area များ အဖြစ်လည်းကောင်း၊ ဆယ်လန့် (မန်ဟီးရိုး)-ဆယ်လင်းနှင့် နမ့်ခမ်း-နောင်တောင်းတို့ကို Import Processing and Warehouse Area များအဖြစ်လည်းကောင်း ဖွဲ့စည်း တည်ထောင်သွားရန် လျာထားကြောင်းနှင့် မြန်မာ-တရုတ်နယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် (BECZ) တည်ထောင်အကောင်အထည်ဖော်ခြင်းကိုလည်း နိုင်ငံတော်အစိုးရ၏ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ တည်ဆဲဥပဒေများနှင့်အညီ စနစ်တကျ တည်ထောင်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း စသည်ဖြင့်ပြောကြားခဲ့သည်။

ယင်းနောက် မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်တို့ကလည်း မိမိတို့ပြည်နယ်များအတွင်း စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကြုံတင်ပြင်ဆင်မှုများအား ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဗဟိုကော်မတီအဖွဲ့ အတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်တယ်ချန်နှင့် တာဝန်ရှိသူများက လုပ်ငန်းများနှင့်ပတ်သက်၍ အသီးသီး ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**MOC (IR)**

# ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနတွင် ယှဉ်ပြိုင်မှုဥပဒေ၊ နည်းဥပဒေများအကြောင်း အသိပညာပေး ရှင်းလင်း



ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး၌ 'ယှဉ်ပြိုင်မှုဥပဒေနှင့် နည်းဥပဒေရှင်းလင်းဆွေးနွေးပွဲကို မေ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ပြီး ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ NGO ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၉၅ ဦးခန့်တက် ရောက်ခဲ့သည်။

ဈေးဦးစွာ ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက အဖွင့်အမှာစကားပြောရာတွင် မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုဥပဒေနှင့် နည်းဥပဒေ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေရှင်းလင်းဆွေးနွေးပွဲနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်နေသည့် ယှဉ်ပြိုင်မှုဥပဒေနှင့် နည်းဥပဒေကိုကရင်ပြည်နယ်ရှိ စီးပွားရေး လုပ်ငန်းရှင်များအချင်းချင်း ယှဉ်ပြိုင်လုပ်ကိုင်ရာတွင် တရားမျှတသော ယှဉ်ပြိုင်မှုဖြစ်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုဥပဒေနှင့် နည်းဥပဒေအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေ ရှင်းလင်းဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် လည်း ၂၀၁၉ ခုနှစ် မတ် ၁၅ ရက် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ယှဉ်ပြိုင်မှု မူဝါဒဌာနခွဲ ဦးစီးအရာရှိ ဒေါ်မေငြိမ်းခိုင်က 'မြန်မာနိုင်ငံယှဉ်ပြိုင်မှု ဥပဒေနှင့် နည်းဥပဒေ' နှင့်ပတ်သက်သောယှဉ်ပြိုင်မှု ဥပဒေ၏ ရည်ရွယ်ချက်၊ ယှဉ်ပြိုင်မှုဥပဒေ၏ အဓိပ္ပာယ်၊ ကော်မရှင်ဖွဲ့စည်းခြင်း၊ ကော်မရှင်ရုံး၏လုပ်ငန်းတာဝန်များ၊ စုံစမ်းစစ်ဆေးရေး ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စများတွင် သက်ဆိုင်သူများ၏ တာဝန်များနှင့် အခွင့်အရေးများ၊ တိုင်ကြားခြင်းနှင့် စိစစ်ဆောင်ရွက်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ပြစ်မှု၊ ပြစ်ဒဏ်များ စသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆွေးနွေးမှုအပေါ် တက်ရောက်လာသူများက မေးမြန်းရာ ဦးစီးအရာရှိ ဒေါ်မေငြိမ်းခိုင်က ပြန်လည် ဖြေကြားခဲ့သည်။ **ခင်ကြည်(ကရင်ပြည်နယ်)**

## စားသုံးသူကာကွယ်ပေးရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသား ပြဋ္ဌာန်းချက်များ လုပ်ငန်းရှင်များအား ဟောပြောဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန မိတ္ထီလာခရိုင်ဦးစီးမှူးရုံး၌ ကုန်ပစ္စည်းများထုတ်လုပ်ဖြန့်ဖြူးရောင်းချသော လုပ်ငန်းရှင်များအား ခေါ်ယူတွေ့ဆုံ၍ စားသုံးသူကာကွယ်ပေးရေးဥပဒေပါ ပြဋ္ဌာန်းချက်များ ဟောပြောဆွေးနွေးပွဲကို မေ ၂၁ ရက်တွင် ကျင်းပခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် ခရိုင်ဦးစီးမှူးဦးကျော်မြင့်က အဖွင့်အမှာ စကားပြောကြားခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအခန်း(၁၈)ပါ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ ထည့်သွင်းဖော်ပြပေးရန်နှင့် ကုန်အညွှန်းအမှတ် အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခုတွဲ၍ ဖြစ်စေ(သို့)တစ်ခု ထက်ပိုပြီးတွဲ၍ ဖြစ်စေ ဖော်ပြပေးရမည်ဖြစ်ကြောင်းကို အလေးထားဆွေးနွေးခဲ့ကြောင်း လေ့လာသိရှိရသည်။ **သိမ့်သူဇာမောင် (ထီလာ)**

## ကသာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၈)ကြိမ်မြောက် (၅/၂၀၁၉)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၈ ရက်တွင် ကသာခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌရုံးခန်းမ၌ ကျင်းပရာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အဖွဲ့ဝင်များနှင့် စားသုံးသူရေးရာဦးစီးဌာနမှဝန်ထမ်းများ စုစုပေါင်း ၁၇ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ကသာခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး ဦးအောင်မင်းက (၂၇)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဧပြီလအတွင်း စာသင်ကျောင်းများ၊ ကျေးရွာများသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ၊ ကွင်းဆင်းစစ်ဆေးခြင်း၊ SME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆွေးနွေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အသိပညာပေးဆွေးနွေးခြင်း စုစုပေါင်း ၄၃ ကြိမ်ဆောင်ရွက်ပြီးစီးခဲ့ကြောင်းနှင့် CICC ရုံးသို့ တိုင်ကြားလာသော အင်းတော်မြို့၏ စုကြေးလေလံကိစ္စအား အကြံပြုပေးရန် တင်ပြရာ စုကြေးလေလံကိစ္စများသည် စားသုံးသူရေးရာဦးစီးဌာနနှင့် မသက်ဆိုင်၍ ရဲအရေးပိုင်အမှုကိစ္စဖြစ်နေသဖြင့် ကာယကံရှင်မှ သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်လှစ်သင့်ကြောင်း အကြံပြုဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ကသာမြို့ပေါ်ရှိ ရေသန့်စက်များကိုလည်း အဖွဲ့စုံဖြင့် တစ်လတစ်ကြိမ် စစ်ဆေးသင့်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးဆွေးနွေးခဲ့ပြီး ဇွန်လအတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်(၅)ရပ်အား ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။ **လှလှခိုင်(ကသာ)**



## ဖျာပုံမြို့တွင် ဆန်၊ စပါးအစိုဓာတ်တိုင်းတာခြင်းအပေါ် နောက်ကြောင်းပြန် ခြေရာခံစနစ် တည်ထောင်ခြင်းဆိုင်ရာ အသိပညာပေး ဟောပြော

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ( JICA )၏ အကူ အညီဖြင့်ပညာရေးဝန်ကြီးဌာန၊သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ စီးပွား ရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် Kett Electric Laboratory တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံတွင် ဆန်စပါးအစိုဓာတ်တိုင်းတာခြင်းအပေါ် နောက်ကြောင်း ပြန်ခြေရာခံစနစ်တည်ထောင်ခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မေ ၂၈ ရက်က စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှညွှန်ကြားရေးမှူးဦးမြင့်ဝေက အဖွင့်အမှာစကားပြောကြားပြီး KettElectric LaboratoryMr Yoshida ကနှုတ်ခွန်းဆက်စကားပြောကြားသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဒုတိယဥက္ကဋ္ဌ Drမျိုးအောင်ကျော်က ဆန်စပါးရောင်းဝယ်ရေးတွင် သီးနှံအစိုဓာတ်တိုင်းတာရေးကိရိယာများ၏အရေးပါမှုအခန်းကဏ္ဍအကြောင်းကို ဆွေးနွေးခြင်းဖြင့်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှဆရာဦးဝင်းတင်က ပြည်တွင်းထွက်ကုန်သီးနှံများအား သုတေသနဆောင်ရွက်နေမှုများကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ Dr ဝေရီလင်းက ကုန်စည်ဝန်ဆောင်မှုနှင့် နိုင်ငံတကာ စံချိန်စံညွှန်းကျွမ်းကျင်အဖွဲ့များနှင့် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ Kett Electric Laboratory မှ Mr.Yoshidaနှင့် Japan Development Service Campany မှMrNishizaki တို့က စီမံကိန်းမှတွေ့ရှိလေ့လာသုံးသပ်ချက်များကို ဆွေးနွေးခြင်းဖြင့်လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

အခမ်းအနားသို့ ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များမှ ဌာနဆိုင်ရာ အကြီးအကဲ ၁၅ ဦး၊ စက်ပိုင်ကုန်သည်စီးပွားရေးလုပ်ငန်းရှင် ၄၅ ဦးနှင့် တောင်သူ ၉၀ ဦး စုစုပေါင်း ၁၅၀ ဦး တက်ရောက်ကြောင်းသိရသည်။ **မင်းဇော်မွန်(ဖျာပုံ)**

## ရမည်းသင်း မြို့မဈေးအတွင်း ရှောင်တခင် ကွင်းဆင်းစစ်ဆေး

စားသုံးသူရေးရာ ဦးစီးဌာန မိတ္ထီလာခရိုင် ဦးစီးမှူးရုံးမှ ဦးဆောင်၍ မေ ၂၃ ရက် နံနက်ပိုင်းတွင် ရမည်းသင်းမြို့နယ်၊ မြို့မဈေးသို့စားသုံးသူရေးရာဦးစီးဌာန၊ FDA၊ ရမည်းသင်းမြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီတို့ ပူးပေါင်း၍ မြို့မဈေးအတွင်းရှိစည်းကမ်းပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိသော အိမ်သုံးပစ္စည်းများအား ကွင်းဆင်းစစ်ဆေးခြင်းနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော ကုန်ပစ္စည်းများဈေးကွက်အတွင်းရောင်းချခြင်းမရှိစေရေး ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထို့နောက် စားသုံးသူ အကာအကွယ် ပေးရေးဥပဒေပါပြဋ္ဌာန်းချက်များလည်း ရှင်းလင်းဆွေးနွေးခဲ့ပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ ဈေးကွက်နမူနာကောက်ယူခြင်းလုပ်ငန်းများလည်း လုပ်ဆောင်ခဲ့သည်။ မြို့မဈေးအတွင်းရှိ ကုန်ပစ္စည်းရောင်းချသည့်ဆိုင်ခန်း ၁၈ ခန်းအထိ စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး နံနက် ၁၀ နာရီခွဲခန့်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

**သိမ့်သူဇာမောင် (ထီလာ)**

## ခရိုင်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ဥပဒေအသိပညာပေးဆွေးနွေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ဥပဒေသစ်ပါပြဋ္ဌာန်းချက်များအတိုင်း အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ ရာ မေ ၂၄ ရက်၌ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းကာ ကျိုင်းတုံမြို့ရှိ ဓာတ်မြေဩဇာ၊ ပိုးသတ် ဆေး ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူ စီးပွားရေးလုပ်ငန်းရှင် ၂၁ ဦးတို့အား ဖိတ်ကြား၍ ဥပဒေအသိပညာပေး ဆွေးနွေးပွဲကျင်းပခဲ့ သည်။

ယင်းဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယပြည်နယ် ဦးစီးမှူးနှင့် ဦးစီးအရာရှိတို့က ဥပဒေသစ်ပါပြဋ္ဌာန်းချက်များအပြင် လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့် စီးပွားရေးလုပ်ငန်းရှင်များ၏တာဝန်များ၊ ကုန်စည်၊ ဝန်ဆောင်မှုအပေါ် အာမခံချက်ပေးရမည့်အချက်များ၊ စားသုံးသူတောင်းဆိုနိုင်သည့် အခွင့်အရေးများ၊ ကုန်အညွှန်းအမှတ်အသားပါ ပြဋ္ဌာန်းချက်များ၊ တိုင်ကြားနိုင်မှုများ၊ စစ်ဆေးဆောင်ရွက်မှုနှင့် ပြစ်မှုပြစ်ဒဏ်ပိုင်းတို့ကို ပုဒ်မများ နှင့်ယှဉ်တွဲ၍ ရှင်းလင်းဆွေးနွေးခြင်း တို့ကိုဆောင်ရွက်ခဲ့သည်။

ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများမှလည်း ပိုးသတ်ဆေး၊ မျိုးစေ့ဥပဒေများ၊ တရားဝင်တင်သွင်း ရောင်းချမှုအခြေအနေများ၊ ဥပဒေအရ အရေးယူဆောင်ရွက်နိုင်မှုများ၊ မြန်မာစာအညွှန်းအမှတ်အသားပါဝင်ရမည့် အချက်များနှင့် ဓာတ်မြေဩဇာ မှတ်ပုံတင်လျှောက်ထားရာတွင် ပြောင်းလဲပြင်ဆင် ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ယခုအချိန်တွင် (FAW)ငမြောင်တောင်ပိုး ကျရောက်မှုအရ နှိမ်နင်းရေးအတွက် ပိုးသတ်ဆေးသုံးစွဲရမည့် ကိစ္စများကို လုပ်ငန်းရှင်များသိရှိစေရေး အသိပေးရှင်းလင်းပြီး စီးပွားရေးလုပ်ငန်းရှင်များဘက်က အခက်အခဲများအပေါ် မေးမြန်းချက်များကိုလည်း အပြန်အလှန် ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **သန့်ဇင်(ကျိုင်းတုံ)**

# ယင်းမာပင်မြို့နယ်တွင် စားသုံးဆီအကြောင်း ဆွေးနွေး

ယင်းမာပင်မြို့နယ် သာယာအေးခန်းမတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ကျင်းပသော ဘေးအန္တရာယ် ကင်းရှင်းသော စားသုံးဆီများ စိုက်ပျိုးထုတ်လုပ်သုံးစွဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၄ ရက်တွင် ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးရဲလင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အမှာစကားများ ပြောကြား၍ စုစုပေါင်း ကိုးဦး တက်ရောက်ကြောင်း သတင်းရရှိပါ သည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဒေါ်ခိုင်မို့မို့ (ဒုခရိုင်ဦးစီးမှူး) က စားသုံးဆီအကြောင်း သိကောင်းစရာဖြင့် ဆွေးနွေးပြောကြားရာ ဆီကိုတိရစ္ဆာန်နှင့် အပင်ကရရှိပြီး တိရစ္ဆာန်မှရသော အဆီ ဝက်ဆီ၊ အမဲဆီ၊ ထောပတ် နို့နှင့် နို့ထွက်ပစ္စည်းများဖြစ်ပြီး စားသုံးမှုများပါက နောက်ဆက်တွဲ နှလုံးရောဂါ၊ သွေးတိုးရောဂါများ ဖြစ်ပွားနိုင်ကြောင်း အပင်များမှ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ပဲပုပ်ဆီ၊ သံလွင်ဆီတို့ဖြစ်ကြပြီး သံလွင်ဆီမှာ အကောင်းဆုံး စားသုံးရန် အသင့်တော်ဆုံးဖြစ်ပြီး ပြည့်ဝဆီ၊ မပြည့်ဝဆီနှစ်မျိုးတွင် မပြည့်ဝဆီသည် စားသုံးရန်သင့်ပြီး ပြည့်ဝဆီသည် စားရန်မသင့်ကြောင်းနှင့် ဆီများတွင် ပြည့်ဝဆီ မပြည့်ဝဆီ ပါဝင်ရာခိုင်နှုန်းများအား သေချာရှင်းလင်းခြင်း၊ အစားလည်းဆေး ဆေးလည်းအစာဆိုသလို မြန်မာလူမျိုးများအနေဖြင့် ဆီကိုလိုအပ်သည်ထက် ပိုမိုသုံးစွဲနေကြသောကြောင့် ယခုအခါ ဆီးချို၊ သွေးတိုး၊ အဝလွန်ခြင်းများဖြစ်နေကြောင်း၊ စိုက်ပျိုးသည်မှအစ အသီး အပွင့် အရွက် အခက် စားသုံးသူအဆင့်အထိ မလိုအပ်ဘဲ ဓာတုဆေးသုံးစွဲခြင်းများ၊ လိုအပ်သည်ထက်ပိုသုံးဆွဲခြင်းများ မဖြစ်သင့်ကြောင်း သုံးစွဲမည်ဆိုပါက စိုက်ပျိုးရေးပညာရှင်များနှင့် မေးမြန်းသုံးစွဲသင့်ကြောင်း၊ ဓာတုပိုးသတ်ဆေး၊ မြေဆီ၊ ဓာတ်မြေဩဇာ၊ အစရှိစိုက်ပျိုးရေးသုံးပစ္စည်းများကို သုံးစွဲမည်ဆိုပါက သတ်မှတ်အညွှန်း စံချိန်အမာခံ အချက်အလက်အထောက်အထား ပြည့်စုံမှုရှိမှသာ အသုံးပြုသင့်ကြောင်း စိုက်ပျိုးသူ ထုတ်လုပ်သူ ရောင်းချသူအားလုံး နည်းစနစ်မှန်မှန် အတူ ပူးပေါင်းဆောင်ရွက်ကြမှသာ ဘေးအန္တယ်ကင်းရှင်းသော စားသုံးမှုအဆင့်ဆင့်သို့ ရောက်ရှိမည်ဖြစ်ကြောင်းနှင့် (၁/၂၀၁၉) စားသုံးသူကာကွယ်ပေးရေး ဥပဒေအကြောင်း ရှင်းလင်းပြောကြားပြီး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ပါသည်။

**ခိုင်မို့မို့(မြင်းမူ)**

## လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံး၌ စားသုံးသူကာကွယ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များ အသိပညာပေး ဟောပြော

စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စားသုံးသူကာကွယ်ရေးဥပဒေပါပြဋ္ဌာန်းချက်များနှင့် ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များအား ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်များသိရှိပြီး လိုက်ပါဆောင်ရွက်နိုင်စေရေးအတွက် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးနှင့်ပူးပေါင်း၍ မေ ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး၌ စားသုံးသူကာကွယ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ဟောပြောဆွေးနွေးပွဲတွင် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးအေးသောင်းက အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူကာကွယ်ရေး ဥပဒေကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၉)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး အခန်း(၂၅) ခန်း၊ ပုဒ်မ(၈၄)ခုဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ ဥပဒေသစ်တွင် ပါရှိသည့် စားသုံးသူ၏အခွင့်အရေးများနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်နှင့်တားမြစ်ချက်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်း၊ စားသုံးသူများမှ စားသောက်ကုန်၊ လူသုံးကုန်၊ ဝန်ဆောင်မှုများအတွက် နစ်နာဆုံးရှုံးမှုများကို တိုင်ကြားလျှင် ဌာနအနေဖြင့် အဆင့်ဆင့် အရေးယူဆောင်ရွက်သည့် အခြေအနေကိုလည်းကောင်း၊ ဥပဒေအခန်း(၁၈)တွင် ကုန်အညွှန်းအမှတ်အသားများ ဖော်ပြရာ၌ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပုဒ်မ(၄၁)၊ ပုဒ်မခွဲ(ခ)နှင့်(ဆ)တို့ပါ အချက်များကို မြန်မာဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု (သို့မဟုတ်) တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ရေးသားဖော်ပြရန် ပြဋ္ဌာန်းပါရှိသည့်အတွက် မိမိတို့ တင်သွင်း၊ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသည့် ကုန်စည်များကို ဥပဒေနှင့်အညီ လိုက်ပါ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခန်း(၁၈)ပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေကိုထုတ်ပြန်ပြီး တစ်နှစ်ပြည့်မြောက်သည့် နေ့ရက်မှ စတင်အာဏာတည်မှာ ဖြစ်ကြောင်း၊ အချို့လုပ်ငန်းရှင်များမှ ၎င်းတို့၏ကုန်စည်နှင့်ပတ်သက်၍ စိစစ်ခွင့်ပြုပေးပါရန် မိမိတို့တိုင်းရုံးသို့ တင်ပြလာသည်များကို ရုံးချုပ်သို့ ဆက်လက်တင်ပြပေးပြီး ခွင့်ပြုချက်များ ရယူဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို နမူနာဓာတ်ပုံ မှတ်တမ်းများနှင့်အတူ ရှင်းလင်းဆွေးနွေးခဲ့သည်။

ဟောပြောဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ ရွှေလင်ပန်းစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စက်မှုဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်နှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း ၄၁ ဦး တက်ရောက်ခဲ့သည်။

**ခင်မြဦး (စားသုံးသူ - ရန်ကုန်)**

# တန့်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေး

တန့်ဆည်မြို့နယ် စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်တာဝန်ခံသည် မြို့နယ်အတွင်းရှိစားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာနှင့် လုံခြုံစိတ်ချစွာ ဝယ်ယူသုံးစွဲနိုင်ရေး ရည်ရွယ်သော လုပ်ငန်းဆောင်ရွက်မှုများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ တန့်ဆည်မြို့ပေါ်တွင်မက ကျေးရွာအတွင်းရှိ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အလို့ငှာ မေ ၁၀ ရက်တွင် ဆန်ဆွဲ အုပ်စု၊ အင်တောရိုးကျေးရွာသို့လည်းကောင်း၊ မေ ၁၇ ရက်တွင် ခရမ်းခြံ အုပ်စု၊ ခရမ်းခြံကျေးရွာသို့လည်းကောင်း သွားရောက်ပြီး အုပ်ချုပ်ရေးမှူး၏ နေအိမ်များ၌ ရပ်မိရပ်ဖများ၊ ရွာခွဲခေါင်းဆောင်များနှင့် တွေ့ဆုံပြီး ကျေးရွာစားသုံးသူရေးရာ အဖွဲ့ငယ်များ ဖွဲ့စည်း ဆောင်ရွက်ခဲ့သည်။

၎င်းအဖွဲ့နှင့် ရွာသူ၊ ရွာသားများအား မြို့နယ်တာဝန်ခံမှ စားသုံးသူရေးရာ ဦးစီးဌာနအကြောင်းအရာများ၊ စားသုံးသူကာ ကွယ်ပေးရေးဥပဒေသစ်ပါ အကြောင်းအရာများ၊ စားသုံးသူအခွင့်အရေးများ၊ စားသုံးသူတာဝန်များ၊ ကုန်အညွှန်းအမှတ်အသားအကြောင်းအရာများ၊ ဘေးအန္တရာယ်ရှိသော ကုန်စည်၊ အစားအသောက် အကြောင်းအရာများ၊ ၎င်းအစားအသောက်များ စားသုံးမိ၍ ရောဂါဖြစ်ပွားမှု အကြောင်းအရာများ၊ ကုန်စည်နှင့်ဝန်ဆောင်မှုများကြောင့် စားသုံးသူအခွင့်အရေး နစ်နာဆုံးရှုံးပါက မိမိတို့ဌာနသို့ အရေးဆိုတိုင်ကြားနိုင်ကြောင်း စသည့်အကြောင်းအရာများအား အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။ ထို့နောက် ကျေးရွာစားသုံးသူရေးရာ အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ အင်တောရိုး ကျေးရွာအတွင်းရှိ ကုန်စုံဆိုင်များအား စားသုံးရန် မသင့်များ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးရာ အမှတ်တံဆိပ်မပါ ဓာတုဆိုးဆေးများ ပါဝင်သည်ဟု ယူဆရသော ငရုတ်အရောင်တင်မှုန့်အထုပ်များအား တွေ့ရှိသဖြင့် ဆက်လက် ရောင်းချခြင်း မပြုရန် သတိပေးတားမြစ်ခဲ့ကြောင်း သိရသည်။

**ခင်ထား (တန့်ဆည်)**

## မွန်ပြည်နယ်အတွင်း ဆင်းရဲနွမ်းပါးသူများနှင့် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော်သည့်အဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့ပူးပေါင်း၍ 'မွန်ပြည်နယ်အတွင်း ဆင်းရဲနွမ်းပါးသူများနှင့် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော်သည့်အဖွဲ့ (Project Implementation Unit-PIU)'၏ တိုးတက်မှုအခြေအနေများကို ပြန်လည် သုံးသပ်သည့် ညှိနှိုင်းအစည်းအဝေးကို မေ ၂၃ ရက်က မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပခဲ့ရာဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မွန်ပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး၊ ADB မှ ကိုယ်စားလှယ်များ၊ PIU အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါစီမံကိန်းသည် ၂၀၁၆ ခုနှစ်တွင် စတင်ခဲ့ပြီး စီမံကိန်း၏ ရည်ရွယ်ချက်မှာ မွန်ပြည်နယ်အတွင်း ဆင်းရဲနွမ်းပါးသူများနှင့် အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်လာစေရန်နှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရှိရသည်။ စီမံကိန်းတွင် စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ အဝတ်အထည်ထုတ်လုပ်မှုလုပ်ငန်း၊ သစ်သီးယိုစုံထုတ်လုပ်မှုလုပ်ငန်း၊ ဝါးနှင့်ပြုလုပ်သည့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်းများပါဝင်ပြီး အောင်မြင်မှုရရှိနေပြီဖြစ်ကြောင်း၊ ခေါက်မုန့်များ၊ သစ်သီးယိုစုံများမှာ Super Market များ၊ ဟိုတယ်များတွင် ရောင်းချနိုင်သည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ Marketing အပိုင်းကို အရှိန်အဟုန်မြှင့်တင်ရန် လိုအပ်ကြောင်း၊ အမျိုးသမီးများအား စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းပေးရန်၊ Money Management သင်တန်းပေးရန်လိုအပ်ကြောင်း၊ အခက်အခဲများအနေဖြင့် လျှပ်စစ်မီးရရှိရေး၊ မြေနေရာရရှိမှုနှင့် အဆောက်အဦဆောက်လုပ်မှုအပိုင်းတွင် အခက်အခဲများကို ဝိုင်းဝန်းဖြေရှင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

စီမံကိန်းကာလမှာ ၂၀၁၉ နှစ်ကုန်ပိုင်းတွင် ကုန်ဆုံးမည်ဖြစ်သော်လည်း မပြီးပြတ်သေးသည့်လုပ်ငန်းများအတွက် Extension ကာလ ဆက်လက်ရယူရမည်ဖြစ်ကြောင်း သိရှိရသည်။

**မိုးမိုး (မွန်)**

# ဒီမော့ဆိုမြို့ မြို့မဈေး ကွင်းဆင်းစစ်ဆေး

ကယားပြည်နယ်စားသုံးသူရေးရာဦးစီးဌာနက မေ ၂၂ ရက် နံနက် ၉ နာရီတွင် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့မြို့မဈေး၌ စားသုံးသူပြည်သူများ စားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိ၍ အာမခံချက်ရှိသည့် အရည်အသွေးပြည့်မီသော စားသောက်ကုန်များ၊ အလှကုန်များ၊ အိမ်သုံးကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာဌာနဖြစ်သည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့တို့ဖြင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် စားသုံးသူများအတွက် ဘေးအန္တရာယ်ရှိသောကုန် စည်များရောင်းချခြင်း ရှိ/မရှိ ကြည့်ရှုစစ်ဆေးခဲ့ပြီး ရောင်းချသည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ရောင်းချသော ကုန်ပစ္စည်းများပေါ်တွင် စားသုံးသူဘေးကင်းလုံခြုံရေးအတွက် ကုန်ပစ္စည်းများ၏ ထုပ်ပိုးမှုတွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၉ ခုနှစ် စားသုံးသူအကာအကွယ်ရေး ဥပဒေပါ ကုန်အညွှန်းအမှတ်အသားသတ်မှတ်ချက်များနှင့် ကိုက်ညီသော ကုန်ပစ္စည်းများကို ဥပဒေနှင့်အညီ ဖြန့်ဖြူးရောင်းချနိုင်ရေး အသိပညာပေး ဆောင်ရွက်ခဲ့သည်။

**ကျော်မိုး(ကယား)**

Vol: 19, No.20 Monday June 3 2019



# ရာမို့စ် ရီးရဲလ်မက်ဒရစ်တွင်သာ ဆက်နေလို၊ ဟာဇက်မှာ ထိပ်တန်းကစားသမားဟု ချီးကျူး

ရီးရဲလ်မက်ဒရစ်အသင်း နောက်ခံကစားသမား ရာမို့စ်က ရီးရဲလ်မက်ဒရစ်အသင်းတွင်သာ ၎င်း၏ ကစားသမားဘဝကို ကုန်ဆုံးလိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ရာမို့စ်သည် အသင်းကို နည်းပြဇီဒန်း တစ်ကျော့ပြန် ကိုင်တွယ်ချိန်တွင် အသင်းပြောင်းတော့မည်ဟု သတင်းများပေါ်ထွက်ခဲ့သည်။ ထို့အပြင် ရာမို့စ်ကို တရုတ်ကလပ်တစ်ခုကလည်း ခေါ်ယူရန် ကမ်းလှမ်းထားကြောင်း သိရသည်။

ရာမို့စ်က 'ကျွန်တော် ရီးရဲလ်မက်ဒရစ်အသင်းမှာပဲ ကစားသမားဘဝကို ကုန်ဆုံးချင်ပါတယ်။ ရီးရဲလ်မက်ဒရစ်အသင်း ပရိသတ်တွေနဲ့ ဝေးရာကို သွားလိုတဲ့ဆန္ဒ ကျွန်တော့်မှာ မရှိပါဘူး။ ကျွန်တော် ရီးရဲလ်မက်ဒရစ်အသင်းမှာပဲ ဆက်နေဖို့ ဆုံးဖြတ်ထားပါတယ်။ ကျွန်တော့်ကို တရုတ်ကလပ်တစ်ခုက ကမ်းလှမ်းနေပါတယ်။ အသင်းကတော့ ဘယ်လိုဆုံးဖြတ်မလဲဆိုတာ မသိသေးပါဘူး။ ကျွန်တော်ကတော့ ရီးရဲလ်မက်ဒရစ်အသင်းမှာပဲ ကစားသမားဘဝ ကုန်ဆုံးချင်ပါတယ်။ ကျွန်တော့်အနာဂတ်က ရီးရဲလ်မက်ဒရစ်အသင်းမှာ ဆက်ရှိ၊ မရှိ ဆိုတာကိုတော့ အသင်းကပဲ ဆုံးဖြတ်သွားမှာပါ"ဟု သတင်းထောက်များကို ပြောဆိုခဲ့သည်။ အခြားတစ်ဖက်တွင် ရာမို့စ်က အသင်းသို့ရောက်ရှိလာမည့် ဟာဇက်မှာ ကမ္ဘာ့ထိပ်တန်းကစားသမားတစ်ဦးဖြစ်ကြောင်း ထုတ်ဖော် ချီးကျူးလိုက်သည်။

"ဟာဇက်လို ကစားသမားမျိုးကတော့ တော်တော်ရှားပါတယ်။ ရီးရဲလ်မက်ဒရစ်အသင်းမှာ စီရိုနယ်ဒို ထွက်ခွာသွားပြီးချိန်မှာ သူ့နေရာကို ကျွန်တော်တို့ ပြန်အစားမထိုးနိုင်ခဲ့ဘူး။ ဒါကြောင့်လည်း အသင်းရဲ့ ရလဒ်တွေ ကျဆင်းခဲ့ရပြီး ဆုဖလားတွေနဲ့ ဝေးကွာခဲ့ရတာပါ။ ဟာဇက်ရောက်လာရင်တော့ အဲဒီကွက်လပ်ကို ကောင်းကောင်း ဖြည့်တင်းနိုင်မှာပါ။ ဟာဇက်ဟာ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆိုတာကို ကျွန်တော် အပြည့်အဝ လက်ခံပါတယ်"ဟု ရီးရဲလ်မက်ဒရစ်အသင်း နောက်ခံကစားသမား ရာမို့စ်က ပြောဆိုခဲ့သည်။

ဟာဇက်သည် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန် ပေါင် ၁၁၅ သန်းဖြင့် သဘောတူညီမှု ရရှိထားသူဖြစ်သည်။

ဟန်နေသစ် စုစည်းသည်

# အာဆင်နယ်အတွက် ကစားသမားခေါ်ယူမှု အခက်ကြုံနိုင်



အာဆင်နယ်အသင်းသည် ယူရိုပါလိဂ် နောက်ဆုံးဗိုလ်လုပွဲတွင် ချယ်လ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ရာသီသစ်အတွက် ကစားသမားခေါ်ယူရန် အခက်အခဲ ဖြစ်လာနိုင်ကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် ယူရိုပါလိဂ် ဗိုလ်လုပွဲတွင် အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ပါက ကစားသမားခေါ်ယူမှုအတွက် လုံလောက်သည့် ငွေကြေးကို ရရှိနိုင်မည်ဖြစ်သော်လည်း ယခုအချိန်တွင်မူ ကစားသမားသစ် ခေါ်ယူမှုအတွက် ပေါင် ၄၅ သန်းခန့်သာ ရရှိသုံးစွဲနိုင်တော့မည်ဟု ဆိုသည်။

အာဆင်နယ်အသင်းနည်းပြ အူနိုင်းအမ်မရီသည် ခရစ္စတယ်ပဲလေ့စ်အသင်းမှ တိုက်စစ်မှူး ဇာဟာကို ခေါ်ယူရန် ပစ်မှတ်ထားနေသော်လည်း ၎င်းကစားသမား၏ တန်ကြေးမှာ ပေါင်သန်း ၈၀ ဈေးခေါ်ထားခြင်းကြောင့် အခက်ကြုံနေရသည်။

ထို့အတူ အာဆင်နယ်အသင်းနည်းပြအူနိုင်းအမ်မရီသည် လက်စတာအသင်းမှ အသက်(၂၂) နှစ်ရှိကွင်းလယ်တိုက်စစ်ကစားသမား ဂျိမ်းစ်မက်ဒီဆင်ကို ခေါ်ယူရန် ပြင်ဆင်နေသလို ဘုန်းမောက်အသင်းမှ အသက်(၂၅)နှစ်ရှိတောင်ပံကစားသမား ရိုင်ယန်ဖရာဆာကိုလည်း ခေါ်ယူရန် စိတ်ဝင်စားမှုရှိနေကြောင်း သိရသည်။ သို့သော် ဂျိမ်းစ်မက်ဒီဆင်၏ တန်ကြေးမှာ ပေါင်သန်း ၆၀ ဖြစ်ပြီး ရိုင်ယန်ဖရာဆာ၏ တန်ကြေးမှာ ပေါင်သန်း ၃၀ ဖြစ်ခြင်းကြောင့် အဆိုပါကစားသမားများကို ခေါ်ယူနိုင်ရေး အာဆင်နယ်အတွက် အခက်အခဲများ ရှိလာနိုင်သည်။

# rDefmESmwpfwdkY tem*wfukd
# cseyfD,Hdyf;GlyD;qkjzwfbok;Grnf



လီဗာပူးအသင်း ကွင်းလယ်ကစားသမား မီလ်နာနှင့် နောက်ခံကစားသမား မာတစ်တို့၏ အနာဂတ်ကို ချန်ပီယံလိဂ်ပြိုင်ပွဲအပြီးတွင် ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း အသင်းက ထုတ်ပြန်ထားသည်။

ကွင်းလယ်ကစားသမား မီလ်နာသည် လီဗာပူးအသင်းနှင့် ၂၀၂၀ ပြည့်နှစ်အထိသာ စာချုပ်သက်တမ်း ကျန်ရှိနေသလို နောက်ခံကစားသမား မာတစ်သည်လည်း အသင်းနှစ် ၂၀၂၀ ပြည့်နှစ်အထိသာ စာချုပ်သက်တမ်းကျန်ရှိနေသည်။

မီလ်နာသည် ယခုနှစ် ဘောလုံးရာသီတွင် လီဗာပူးအသင်းအတွက် ၃၁ ပွဲ ပါဝင်ကစားပေးထားပြီး သွင်းဂိုး ငါးဂိုး ရရှိထားသည်။

ထို့အတူ နောက်ခံကစားသမား မာတစ်သည်လည်း ယခုနှစ်ရာသီတွင် အသင်းအတွက် ၂၂ ပွဲ ပါဝင် ကစားပေးထားပြီး တစ်ဂိုးသွင်းပေးထားသည်။

မီလ်နာသည် ၂၀၁၅ ခုနှစ်ကပ်ပင် မန်စီးတီးအသင်းမှ ပြောင်းရွှေ့လာသူဖြစ်ပြီး မာတစ်သည် ၂၀၁၆ ခုနှစ်က ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ရှော်ကေးအသင်းမှ ပြောင်းရွှေ့လာသူဖြစ်သည်။ မီလ်နာမှာ အသက်(၃၃)နှစ် ရှိပြီဖြစ်ခြင်းကြောင့် ကြံ့ခိုင်မှု အားနည်းလာသော်လည်း အသင်း၏ အရေးပါသောပွဲများတွင် အားထားနေရဆဲ ကစားသမားတစ်ဦးဖြစ်သည်။

နောက်ခံကစားသမား မာတစ်မှာမူ အသက်(၂၇)နှစ်သာ ရှိသေးသော်လည်း လီဗာပူးအသင်းကမူ ၎င်းကစားသမားကို စာချုပ်သက်တမ်းတိုးရန် စဉ်းစားနေကြောင်း သိရသည်။ မာတစ်သည် ဗဟိုခံစစ်နေရာတွင် အားထားရသည့် ကစားသမားဖြစ်ခြင်းကြောင့် လီဗာပူးအသင်းက လက်လွှတ်သွားမည်လား ဆိုသည်ကိုမူ စိတ်ဝင်စားမှုများရှိနေကြောင်း သိရသည်။



# ကွန်တီကို နည်းပြခန့်လိုက်ပြီဖြစ်ကြောင်း အင်တာမီလန်အသင်း ကြေညာ

အီတလီစီးရီးကလပ် အင်တာမီလန်အသင်းသည် ချယ်လ်ဆီးအသင်း နည်းပြဟောင်း ကွန်တီကို နည်းပြအဖြစ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း တရားဝင် ထုတ်ပြန်ကြေညာလိုက်သည်။ အင်တာမီလန်အသင်းသည် ယခုနှစ်ရာသီတွင် အဆင့်(၄)နေရာရပြီး ချန်ပီယံလိဂ်ဝင်ခွင့် ရရှိခဲ့သော်လည်း နည်းပြ စပယ်လက်တီနှင့် လမ်းခွဲကာ ချယ်လ်ဆီးအသင်းနည်းပြဟောင်း ကွန်တီကို ခေါ်ယူ ခန့်ထားလိုက်ခြင်းဖြစ်သည်။

အီတလီလူမျိုးနည်းပြဖြစ်သည့် ကွန်တီသည် ချယ်လ်ဆီးအသင်းကို နောက်ဆုံးကိုင်တွယ်ခဲ့ခြင်းဖြစ်ပြီး ဘာရီ၊ အတ္တလန္တာ၊ ဆီနာနှင့် ဂျူဗင်တပ်အသင်းတို့ကိုလည်း ကိုင်တွယ်ခဲ့ဖူးသလို အီတလီလက်ရွေးစင်အသင်းကိုလည်း ကိုင်တွယ်ခဲ့ဖူးသည်။

ကွန်တီသည် ဂျူဗင်တပ်အသင်းကို ကိုင်တွယ်ခဲ့စဉ်က ၂၀၁၁-၂၀၁၂၊ ၂၀၁၂-၂၀၁၃နှင့် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီတို့တွင် အီတလီစီးရီးအေ ချန်ပီယံဆုကို ရယူပေးနိုင်ခဲ့သလို ၂၀၁၂နှင့် ၂၀၁၃ခုနှစ်တို့တွင်လည်း ကိုပါအီတာလီယာဖလားကို ရယူပေးနိုင်ခဲ့သည်။

# “Awareness Workshop on How to Make a Complaint at the Regional Level Through ASEAN Website” အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



အမျိုးသားပို့ကုန်မဟာဗျူဟာရှိ အထောက်အကူပြုကဏ္ဍတစ်ရပ်ဖြစ် သည့် ကုန်သွယ်မှုသတင်းအချက်အလက် ဝန်ဆောင်မှုကဏ္ဍ၏ လုပ်ငန်းစဉ်တစ်ခု အနေနှင့် ပို့ကုန်လုပ်ငန်းရှင်များအား မိမိတို့ကြုံတွေ့နေရသည့် အခက်အခဲပြဿနာများကို ဒေသတွင်းအဆင့်တွင် ASEAN Website မှ တစ်ဆင့် ဝင်ရောက် တင်ပြနိုင်ရေး အတွက် အသိပညာပေးရန် ရည်ရွယ်သည့် “Awareness Workshop on How to Make a Complaint at the Regional Level Through ASEAN Website” အလုပ်ရုံ ဆွေးနွေးပွဲကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ကဦးဆောင်၍ ကုန်သွယ်ရေးဦးစီးဌာနနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) တို့နှင့် ပူးပေါင်း၍ မေ ၃၁ ရက်တွင် ရန်ကုန်မြို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေး မှူးချုပ် ဒေါ်နော်မူတာကပေါနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အမှုဆောင်အရာရှိချုပ် ဦးတင့်ဆွေတို့က အဖွင့်အမှာစကားပြောကြားခဲ့ကြသည်။ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနနှင့် UMFCCI မှတာဝန်ရှိသူများ၊ သက်ဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် လုပ်ငန်းရှင်များ၊ မီဒီယာများ စုစုပေါင်း ၆၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲကို မြန်မာနိုင်ငံရှိ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်း ရှင်များအနေဖြင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများ တင်ပို့ရာတွင် ကြုံတွေ့ ရသည့်အခက်အခဲများ သို့မဟုတ် အခြားသော အာဆီယံနိုင်ငံများ၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲပြဿနာများကို အာဆီယံဒေသတွင်း အဆင့်တွင် ASEAN Solutions for Investments, Services and Trade (ASSIST) Website မှတစ်ဆင့် ဝင်ရောက်တင်ပြနိုင်ကြောင်းကို အသိပေးရန်အတွက် ကျင်းပခဲ့ ခြင်း ဖြစ်သည်။

ဆွေးနွေးပွဲတွင် ASSIST Website ကို ဝင်ရောက်အသုံးပြုခြင်း၊ ပြဿနာ တစ်ရပ်ကိုတင်ပြခြင်းနှင့် မိမိတင်ပြထားသည့် ပြဿနာတစ်ရပ်အပေါ် Trace လိုက် ခြင်းများကို ASSIST Website ၏ Home Contact Point (HCP) ဖြစ်သည့် ကုန်သွယ် ရေးဦးစီးဌာနမှ ရှင်းလင်းဆွေးနွေးခဲ့ပြီး၊ UMFCCI မှ တာဝန်ရှိသူတစ်ဦးမှလည်း ညီနောင်အသင်းများမှ တင်ပြလိုသည့်ကိစ္စရပ်များအပေါ် ပံ့ပိုးကူညီဆောင်ရွက်ပေး သွားမှာဖြစ်ကြောင်းနှင့် တင်ပြလိုသည့် ကိစ္စရပ်များအားပြည့်စုံစွာ ရေးသားတင်ပြ ပေးကြရန် ဖြစ်ကြောင်းတို့ကို ဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များက စိတ်ပါဝင်စားစွာပြန်လည်ဆွေးနွေးခဲ့ကြသည်။

**NES Unit**

# ပခုက္ကူခရိုင်ဦးစီးမှူးရုံး၏ မေလအတွင်း ဈေးကွက် စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူခရိုင်ဦးစီးမှူးရုံး အနေဖြင့် ခရိုင်ဦးစီးမှူး ဦးသန်းဦးက အနီးကပ်ကြီးကြပ်၍ ဒု-ခရိုင်ဦးစီးမှူး ဒေါ်မွန်မွန်စိုး ဦးဆောင်ပြီး မြို့နယ်တာဝန်ခံ များနှင့် အတူ ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများအဖွဲ့သည် FDA၊ ကျန်းမာရေး၊ စည်ပင်၊စိုက်ပျိုးရေး၊ မွေးကု၊ ရဲတပ်ဖွဲ့ စသည့် ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူမြို့နယ်များရှိ မြို့မစည်ပင် သာယာဈေးများတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါကွင်းဆင်းစစ်ဆေးရာတွင် တားမြစ်စားသောက် ကုန်များ၊ သက်တမ်းလွန်ကုန်ပစ္စည်းများနှင့် စိုက်ပျိုးရေးသုံး ဆေးပစ္စည်းများ၊ ဆေးဝါးများ၊ ကျန်းမာရေးဝန်ကြီးဌာနက တားမြစ်ထားသော ဆေးဝါးများ၊ စပ်ဆေးများ အချက်အလက် ပြည့်စုံစွာ ဖော်ပြမထားသော အချိုရည်နှင့်မုန့်မျိုးစုံများ၊ အေးခဲ အသားများ၊ ရောင်းချခြင်းရှိ/မရှိစစ်ဆေးခဲ့သည်။

ထို့နောက် ပူးပေါင်းအဖွဲ့သည် ဈေးဆိုင်ပိုင်ရှင်များကို အချက်အလက်မပြည့်စုံလျှင် မည်သည့်ကုန်ပစ္စည်းမျှ မရောင်းချရန်၊ သက်ဆိုင်ရာထောက်ခံချက်များသာပါရှိသော လူသုံးကုန်ပစ္စည်း၊ အစားအသောက်၊ ဆေးဝါး၊ ရေသန့်များကို သာ ရောင်းချရန်၊ မှိုတက်နေသောမုန့်များ၊ လက်ဖက်များ လည်း မရောင်းချရန် ဈေးရောင်းချသည့်အခါ စေတနာထား၍ ရောင်းချရန် အသိပေးပြောကြားခဲ့သည်။

ဆက်လက်၍ ပခုက္ကူမြို့မဈေးအတွင်းရှိကုန်စုံဆိုင်တွင် ပါဝင်ရမည့် သတင်းအချက်အလက်များ မပြည့်စုံသော ၅၀ ကျပ်တန် ENJOY အားဖြည့်အချိုရည်ဘူး ငါးဘူးကို ခေတ်ခဲ့ စမ်းသပ်ရန်အတွက်FDA ကနမူနာဝယ်ယူခဲ့သည်။ ထို့နောက် ပခုက္ကူခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများအဖွဲ့ သည် ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြဌာန်းထားသော စားသုံးသူကာကွယ်ရေး ဥပဒေသစ်(၂၀၁၉)၊ အခန်း(၁၈)၌ ဖော်ပြထားသည့် ကုန်အညွှန်းအမှတ်အသားဖော်ပြချက်အား လုပ်ငန်းရှင်များ သိရှိလိုက်နာရေး အသိပေး ဆောင်ရွက်ခဲ့ပြီး လိုက်နာဆောင်ရွက်ခြင်းမရှိပါက စားသုံးသူကာကွယ်ရေး ဥပဒေအရ အပြစ်ပေး အရေးယူသွားမည်ဖြစ်ကြောင်း ရှင်းလင်း ဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

**သူဇာကျော် (ပခုက္ကူ)**

# လှိုင်ကော်မြို့ရှိ အသေးစားမုန့်လုပ်ငန်းများ၌ ကုန်အညွှန်းအမှတ်အသားဆိုင်ရာ ကွင်းဆင်းအသိပညာပေး

ကယားပြည်နယ် စားသုံးသူ ရေးရာဦးစီးဌာနက မေ ၂၈ ရက်တွင် လွိုင်ကော်မြို့ရှိ အသေးစားမုန့်လုပ် ငန်း၌ စားသုံးသူပြည်သူများ စားသုံးရာ တွင် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံ စိတ်ချရမှုရှိ၍ အာမခံချက်ရှိသည့် အရည်အသွေးပြည့်မီသော စားသောက် ကုန်များ ထုတ်လုပ် ရောင်းချနိုင်ရေး အတွက် သက်ဆိုင်ရာဌာနဖြစ်သည့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲ ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့တို့ဖြင့် ကွင်းဆင်း အသိပညာ ပေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာ တွင် လုပ်ငန်းရှင်များအနေဖြင့် စား သောက်ကုန်များအား ထုတ်လုပ်ဖြန့်ဖြူး ရောင်းချရာတွင် စားသုံးသူဘေးကင်း လုံခြုံရေးအတွက် စားသောက်ကုန်များ ၏ ထုပ်ပိုးမှုတွင် ကုန်အညွှန်းအမှတ် အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၉ ခုနှစ် စားသုံးသူကာကွယ်ရေး ဥပဒေပါ ကုန်အညွှန်းအမှတ်အသား သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ထုတ်လုပ်၍ ဥပဒေနှင့်အညီ ဆောင် ရွက်ကြရန် အသိပညာပေးဆွေးနွေးခဲ့ ပြီးနောက် မြို့နယ်စည်ပင်သာယာရေး အဖွဲ့က စားသောက်ကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းလိုင်စင်များ ပြုလုပ်ထားကြရန် ပြောကြားခဲ့ပြီး အစား အသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီး ဌာနမှ စားသောက်ကုန်များထုတ်လုပ် ရာတွင် သန့်ရှင်းသပ်ရပ်စွာ ထုတ်လုပ် ကြရန်နှင့် စားသောက်ကုန်များတွင် ထည့်သွင်းအသုံးပြုသော ဓာတုပစ္စည်း များအား အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန၏ ခွင့်ပြုချက် ရရှိ သော ပစ္စည်းများကိုသာ ထည့်သွင်းဖြန့် ဖြူးရောင်းချကြရန် အသိပညာပေးကွင်း ဆင်းဆောင်ရွက်ခဲ့သည်။

**ကျော်မိုး (စားသုံးသူ၊ကယား)**

# မြိတ်မြို့ စည်ပင်သာယာဈေးကြီးအတွင်း အစားသောက်များအား ရှောင်တခင်စစ်ဆေး

အစားသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များဖြစ်သည့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများအပါအဝင် အစားသောက်နှင့် ဆေးဝါး ကွပ်ကဲရေး ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ပါဝင်သည့် ဌာနဆိုင်ရာ တာဝန်ရှိသူများအပြင် ဈေးကော်မတီတာဝန်ရှိသူများ ပူးပေါင်း၍ မေ ၂၈ ရက်တွင် FDA က စားသုံးရန်မသင့် တားမြစ်ထားသော စားသောက်ကုန်ပစ္စည်းများအား မြိတ်မြို့၊ ဆိတ်ငယ်ရပ်၊ စည်ပင်သာယာဈေးကြီးအတွင်းရှိ ကုန်စုံဆိုင်များ၌ ရှောင် တခင် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ကုန်စုံဆိုင်များ ကွင်းဆင်းစစ်ဆေးရာဆီးသီး၊ မက်မန်သီး၊ မက်မွန်သီး စသော ယိုစုံအထုပ်များအား အဓိကထား၍ စစ်ဆေးခဲ့ကြသည်။ ဆိုင်များသို့ စစ်ဆေးရာတွင် အချို့ဆိုင်များမှ သုံးစွဲရန်မသင့် ကြေညာထားသော မက်မွန်သီး ထုပ် (Sodium Benzoate တာရှည်ခံဆေး ခွင့်ပြုသည်ထက် ပိုမိုပါဝင်နေသည့် အစားသောက်)နှင့် သက်တမ်းလွန်စားသောက်ကုန်များ တွေ့ရှိရသဖြင့်အဖွဲ့က သိမ်းဆည်းပြီး ခံဝန်ကတိ လက်မှတ် ရေးထိုးစေခဲ့သည်။ သိမ်းဆည်းရမိသည့်ဆိုင် များကို FDA က နောက်နောင်ရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် နောက်တစ်ကြိမ် လာရောက်စစ်ဆေးလျှင် တားမြစ်ထားသော စားသောက်ကုန်များ စစ်ဆေး တွေ့ရှိ ရမိပါက ဥပဒေအရ အရေးယူရမည်ဖြစ်ကြောင်း၊ စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်း များမှလည်း ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များကိုသာ ရောင်းချရန် ဆွေးနွေးပြောကြားခဲ့သည်။

FDA အနေဖြင့်လည်း ဘေးအန္တရာယ်ကင်းသော အစားသောက်များကို စားသုံးသူများ လုံခြုံစွာစားသုံးနိုင်ရန် မစစ်ဆေးရသေးသည့် စားသောက်ကုန်များကို နမူနာကောက်ယူ၍ အမြဲမပြတ် ခေတ်ခွဲစစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဝင်းနိုင် (မြိတ်)**

## စာမျက်နှာ (၈) • မြန်မာ့ထွက်ကုန်များ မှအဆက်

ရှိနေသည့်အတွက်ကြောင့် မြန်မာကုန်သည်များအနေဖြင့် များစွာထိခိုက်နစ်နာမှုများ မကြာခဏ ကြုံတွေ့ဖြစ်ပေါ်နေရသည်။

ပြည်ပသို့ပို့မည့် ကုန်ပစ္စည်းများကို ရန်ကုန်တွင် အရောင်းအဝယ်ပြုလုပ်ပြီးမှသာ နယ်စပ်ဂိတ်များသို့ ကုန်စည်သယ် သွားနိုင်သည့် အခြေအနေမျိုးကိုပြောင်းလဲနိုင်ရန်အတွက် ရန်ကုန်ဈေးကွက်ကို ပိုမိုတိုးချဲ့ လုပ်ဆောင်ရန် ပြင်ဆင်နေကြောင်းနှင့် မြန်မာ-တရုတ် စီးပွားရေးစင်္ကြံတွင်လည်း အဆိုပါ ကုန်သွယ်ရေးကိစ္စအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် ထည့်သွင်း စဉ်းစားလျက်ရှိကြောင်း သိရသည်။

မိမိအနေဖြင့် Supply Chain တစ်ခုလုံးကို အဆင့်မြှင့်ပြီး ဆောင်ရွက်နိုင်ရေးအတွက် မျိုးစေ့မှ မြေပြုပြင်သည်ကအစ စိုက်ပျိုးပြီးသည်အထိ သွင်းအားစုများကို သွင်းနေကြောင်း၊ နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်များကိုလည်း စနစ်တကျ ဆောင်ရွက် သွားရန်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ထုတ်ကုန်များကို စနစ်တကျ ထုတ်လုပ်နိုင်မည်ဆိုပါက ဈေးကွက်ကောင်းရနိုင်ကြောင်း၊ မော်တော်ကားလမ်းများမှတစ်ဆင့် Border Trade လည်းလုပ်နိုင်ကြောင်း၊ ရေကြောင်း၊ လေကြောင်းများမှလည်း တင်ပို့နိုင်သည့် အခြေအနေရှိသည့်အတွက် ရန်ကုန်မြို့တွင် ဈေးကွက်ကြီးတစ်ခုထူထောင်ပြီး တင်ပို့နိုင်ရေးအတွက် ညှိနှိုင်းနေကြောင်း၊ စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး အဆိုပါကဏ္ဍများကို ဆက်လက်ပြီး ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောဆိုထားသည်။

အစိုးရအနေဖြင့် ထိုကဲ့သို့ အပြုသဘော ဆောင်ရွက်မှုများရှိနေသည်မှာ ပြည်တွင်းကုန်သည်များအတွက် ဝမ်းမြောက် ဖွယ်ရာ သတင်းကောင်း တစ်ရပ်ဖြစ်သည်။ သို့သော် တရားမဝင်ကုန်စည်များ ပြည်တွင်းဈေးကွက်မှတစ်ဆင့် ပြန်လည်ဖြန့်ချိနေ သည့် အခြေအနေမျိုးရှိမလာစေရန်အတွက်လည်း တရားမဝင်ကုန်စည်စီးဆင်းမှုများကို သက်ဆိုင်ရာအစိုးရပိုင်းကလည်း တတ်နိုင်သမျှ ထိန်းချုပ်သွားရန်လိုအပ်နေသလို မြန်မာ့ထွက်ကုန်များ ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရေးအတွက်ကိုလည်း ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှနေ၍ ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# ဟင်္သာတမြို့၌ ဆန်၊ စပါးအစိုဓာတ် တိုင်းတာခြင်းအပေါ် နောက်ကြောင်းပြန် ခြေရာခံစနစ် တည်ထောင်ခြင်းဆိုင်ရာ အသိပညာပေး ဟောပြော

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့၊ စားသုံးသူရေးရာဦးစီးဌာန၊ ဟင်္သာတခရိုင်ဦးစီးမှူးရုံး၌ မေ ၂၇ ရက်တွင် ဆန်၊ စပါး အစိုဓာတ် တိုင်းတာခြင်းအပေါ် နောက်ကြောင်းပြန် ခြေရာခံစနစ်တည်ထောင်ခြင်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန (DRI)၊ မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ် (MRF)၊ ဂျပန်နိုင်ငံမှ KETT Electric Laboratory တို့ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး စပါးစိုက် တောင်သူများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်စပါး လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၁၁၀ ဦး တက်ရောက်ခဲ့သည်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဝေက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် အရည်အသွေးပြည့်ဝသည့် စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်ဖို့အတွက် လယ်ယာကဏ္ဍကို အဆင့်မြင့်တင်ရန် အရည်အသွေးဆိုင်ရာ ထိန်းကျောင်းမှုများကို သက်ဆိုင်ရာဌာန အသီးသီးက ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီလိုဆောင်ရွက်ရာမှာ စပါးရောင်းဝယ်ရေးကဏ္ဍမှာ အစိုဓာတ်နှင့် ပတ်သင်ပြီး မြန်မာနိုင်ငံမှာ ဆန်စပါး အစိုဓာတ်တိုင်းတာခြင်းအပေါ် နောက်ကြောင်းပြန်ခြေရာခံစနစ် (Traceability System on Rice Moisture Measurement in Myanmar) တည်ထောင်ရေးအတွက် ဂျပန်နိုင်ငံမှ နည်းပညာဖြန့်ဖြူး၍ တိုက်ဆိုင်စစ်ဆေးခြင်းစနစ် လေ့လာခြင်းလုပ်ငန်းစီမံကိန်းကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး (MAPT) ခေတ်ကတည်းက စပါးတစ်တင်းကို ၄၆ ပေါင်နှုန်းနှင့် အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိရမယ်လို့ သတ်မှတ်ခဲ့ကြောင်း၊ အဆိုပါ လုပ်ငန်းစီမံကိန်းကိုအကောင်အထည်ဖော်ဆောင်ရွက်ရတဲ့ရည်ရွယ်ချက်ကတော့ ချမှတ်ထားတဲ့ နောက်ကြောင်းပြန်ခြေရာခံစနစ် တစ်ရပ်အောက်တွင် အစိုဓာတ်ပါဝင်မှုကို သင့်လျော်စွာ တိုင်းတာစစ်ဆေးခြင်းမှတစ်ဆင့် မျှတမှုမရှိသော ဆန်စပါးကုန်သွယ်ရောင်းဝယ်မှုများ လျှော့ချနိုင်ရေး၊ အမျိုးသားစံချိန်စံညွှန်းများနှင့် အရည်အသွေးဌာန (NSQD) ၏ စွမ်းဆောင်ရည်ကိုမြင့်တက်လာစေရန်၊ ဒေသခံ တိုက်ဆိုင်စစ်ဆေးရေးစင်တာများအဖြစ် စားသုံးသူရေးရာဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်ရုံးများ၏ စွမ်းဆောင်ရည်မြင့်တက်လာစေရန် ရည်ရွယ်ကြောင်း၊ စီမံကိန်းကာလကို ၂၀၁၇ ခုနှစ် စက်တင်ဘာလမှ ၂၀၁၉ ခုနှစ် ဩဂုတ်လအထိ ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ သီးနှံတွေမှာ အစိုဓာတ်ဟာ ပတ်ဝန်းကျင်လေထုရဲ့ အပူချိန် စိုထိုင်းဆကိုလိုက်၍ ပြောင်းလဲလေ့ရှိပြီး အဲဒီအစိုဓာတ်ပါဝင်မှုကြောင့် မှိုပေါက်ခြင်း၊ ပုပ်သိုးခြင်းများဖြစ်စေသလို ဆန်စပါးမှာလည်း ရှိသင့်တဲ့ အစိုဓာတ်ကျော်လွန်ပါက ဆန်ဝါပေါက်ခြင်း၊ ဆန်စပါး အရည်အသွေးထိခိုက်ခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း၊ တာရှည်သိုလှောင်မည့် သီးနှံတွေမှာ ရှိသင့်တဲ့ အစိုဓာတ်ပမာဏထက် ပိုခြင်း၊ လျော့နည်းခြင်း၊ မဖြစ်စေရေးအတွက် ဆန်စပါးအစိုဓာတ်တိုင်းကိရိယာများရဲ့ တိကျစွာတိုင်းတာမှုဟာ အဓိက အရေးကြီးကြောင်း၊ စီမံကိန်း အစီအစဉ်အရ Base Line Survey ကို ရွှေဘို၊ မြောင်းမြ၊ လက်ပံတန်းနှင့် ကော့မှူးမြို့နယ်တို့တွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလထိ သုံးလကြာ ဆောင်ရွက်ခဲ့ကြောင်း၊ စပါးအစိုဓာတ် ခြေရာခံစနစ်တည်ထောင်ခြင်းကို သိရှိနားလည်စေရန် လေ့ကျင့်ပညာပေးခြင်း အစီအစဉ်များ၊ Pilot Activity များ ဆောင်ရွက်ခြင်းအတွက် သက်ဆိုင်ရာ Inspection ကုမ္ပဏီများ၊ တောင်သူ များ၊ ပွဲစား၊ စက်ပိုင်များအား အသိပညာ ပေးရှင်းလင်းပြသခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ စပါး အစိုဓာတ်ပါဝင်မှုနောက်ကြောင်းပြန်ခြေရာခံစနစ်ဟာ ဆန်စပါးအစိုဓာတ်တိုင်းတာရာမှာ ရရှိလာတဲ့ ရလဒ်များနှင့် အမျိုးသားအဆင့် (သို့) နိုင်ငံတကာ အဆင့်တို့ကြားမှာ နှိုင်းယှဉ်တိကျခိုင်မာမှု ကွင်းဆက်ကို ချိတ်ဆက်ပေးနိုင်သော နည်းပညာဖြစ်ကြောင်း၊ ဒီစနစ်ကို KETT က ထိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ မလေးရှား စတဲ့ အာရှနိုင်ငံများ တည်ထောင်ပေးခဲ့တာ ၁၅ နှစ်ရှိပြီဖြစ်ကြောင်း၊ မိမိတို့အဖွဲ့ ထိုင်းနိုင်ငံကို သွားရောက်လေ့လာရာမှာလည်း ထိုင်း စီးပွား/ကူးသန်း ဝန်ကြီးဌာနအနေဖြင့် Weight and Measurement Act (1991) ကို ထုတ်ပြန်ပြီး ဥပဒေအရ ဆန်စပါးအစိုဓာတ်တိုင်းကိရိယာ အသုံးပြုခြင်းနှင့် ပတ်သက်ပြီး အမိန့်ကြော်ငြာစာထုတ်ပြန် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေနှင့်လည်း DRI က ရေးဆွဲလျက်ရှိတဲ့ Metrology Law ပြဋ္ဌာန်းပြီးပါက ဥပဒေအရ ထိန်းကျောင်းခြင်းကို ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ဆန်စပါး အစိုဓာတ်နောက်ကြောင်းပြန်ခြေရာခံစနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက အစိုဓာတ်ပါဝင်မှုကို တိကျစွာတိုင်းတာစစ်ဆေးခြင်းဖြင့် မျှတသော ကုန်သွယ်မှုကို ဖော်ဆောင်နိုင်ပြီး ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်မှာဖြစ်ပြီး အမျိုးသားအရည်အသွေး အဆောက်အအုံ (National Quality Infrastructure) အားကောင်းလာစေရေးနှင့် အရည်အသွေး ယဉ်ကျေးမှု (Quality Culture) ထွန်းကားရေးအတွက် အရေးကြီးတဲ့ ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ အသိပညာပေးဟောပြောမှုများကို မန္တလေး၊ တောင်ငူ၊ ပဲခူးမြို့များတွင် ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် ဟင်္သာတ၊ မေ ၂၈ ရက်တွင် ဖျာပုံ၊ မေ ၂၉ ရက်တွင် ပုသိမ်မြို့များ ၌ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ KETT Electric Laboratory မှ မစ္စတာ Norihiro YOSHIDA က JICA၊ စားသုံးသူရေးရာဦးစီးဌာန၊ တိကျစွာတိုင်းတာခြင်း နည်းပညာဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Verification Survey Seminar အကြောင်းကို အစိုဓာတ်တိုင်းကရိယာများကိုအသုံးပြု၍ လက်တွေ့သရုပ်ပြမှုများနှင့်လည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်ကျော်က ဘာကြောင့်သီးနှံ၏ အစိုဓာတ်ပါဝင်မှု အရေးကြီးသလဲ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တိကျစွာတိုင်းတာခြင်း နည်းပညာဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းတင့်က ဆန်စပါးတွင် ပါဝင်သော အစိုဓာတ်ကို တိုင်းတာသည့် ကိရိယာများအား ကွင်းဆက်မပြတ် စံဖြင့် တိုက်ကြည့်စစ်ဆေးခြင်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝေရီလင်းက မျှတသော ကုန်သွယ်မှုအတွက် ဆန်၊ စပါးအစိုဓာတ်တိုင်းတာခြင်းဆိုင်ရာ နောက်ကြောင်းပြန် ခြေရာခံစနစ် တည်ထောင်ရန်လိုအပ်မှုအပေါ် စီးပွား/ကူးသန်းဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Japan Development Service Company မှ မစ္စတာ NishiZaki က စီမံကိန်းမှု လေ့လာတွေ့ရှိ သုံးသပ်ချက်များကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ပြီး ဟောပြောပွဲသို့ တက်ရောက်လာသူများထဲမှ ဟင်္သာတမြို့နယ် တောင်သူလယ်သမားအသင်း ဥက္ကဋ္ဌ ဦးကြည်ရွှေ၊ ဧရာဝတီတိုင်းဒေသကြီး တောင်သူ လယ်သမားသမဂ္ဂမှ ဦးလှထွန်း၊ တောရှည်ကျေးရွာမှ တောင်သူ ဦးလှရိန်တို့ကလည်း သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**မောင်မောင်မြတ်ခိုင်**

## စီးပွားရေးဆိုင်ရာ ဘာသာရပ်များအတွက် ပညာသင်ဆုများ တောင်းဆိုခဲ့

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီး(ကွမ့်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့ရှိ စီးပွားရေးသံမှူး ဒေါက်တာရွှေစင်ကိုသည် ကောင်စစ်ဝန်ချုပ်၏ တာဝန်ပေးမှုအရ မေ ၂၁ ရက်တွင် ကွမ်ရှီးအပြည်ပြည်ဆိုင်ရာ စီးပွားရေးအသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ကောလိပ် (Guangxi International Business Vocational College) တွင် ကျင်းပခဲ့သည့် (၁၀) ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုပွဲတော်နှင့် အာဆီယံ လူငယ်ယဉ်ကျေးမှုဖလှယ်ရေးစခန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ထိုသို့တက်ရောက်စဉ် ကောလိပ်၏ ပါတီကော်မတီအတွင်းရေးမှူးဖြစ်သူ မစ္စတာရှဲယွမ့်နှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ မစ္စတာရှဲယွမ့်က မိမိ၏ ကောလိပ်တွင် စီးပွားရေးဆိုင်ရာ ဘာသာရပ်များ၊ ဘာသာစကားဆိုင်ရာဘာသာရပ်များကို ပို့ချပေးကြောင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ထိုင်းနိုင်ငံများမှ ကျောင်းသားကျောင်းသူများ လာရောက် သင်ကြားလေ့လာနေကြသကဲ့သို့ မြန်မာနိုင်ငံက ကျောင်းသားကျောင်းသူများကိုပါ လာရောက် သင်ကြားလေ့လာရန် ဖိတ်ခေါ်လိုကြောင်း၊ မိမိတို့ကောလိပ်တွင် တရုတ်အစိုးရ၏ ပညာသင်ဆုလည်း ရှိကြောင်း ဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးခဲ့မှုအပေါ် ဒေါက်တာရွှေစင်ကိုက မြန်မာနိုင်ငံတွင် တရုတ်စာ သင်ကြားတတ်မြောက်ထားသော လူငယ်လူရွယ်များစွာရှိနေပြီဖြစ်ကြောင်း၊ စီးပွားရေးဆိုင်ရာ ဘာသာရပ်များကို လေ့လာသင်ကြားလိုသူများမှာ မိမိဝန်ကြီးဌာန၌လည်းကောင်း၊ အခြားဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ၌လည်းကောင်း ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ လာမည့် ပညာသင်နှစ်များတွင် ကွမ်ရှီးအပြည်ပြည်ဆိုင်ရာ စီးပွားရေးအသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ကောလိပ်မှ တရုတ်အစိုးရ၏ ပညာသင်ဆုများကို စတင်ကမ်းလှမ်းတော့မည်ဆိုပါက မိမိထံသို့ အချိန်မီအသိပေး အကြောင်းကြားပေးစေလိုပါကြောင်း၊ မိမိအနေဖြင့် တရားဝင်လမ်းကြောင်းမှ တစ်ဆင့် ချိတ်ဆက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးတောင်းဆိုခဲ့သည်။

**ဒေါက်တာရွှေစင်ကို**
**စီးပွားရေးသံမှူး (နန်နင်းမြို့)**

## ငါးမွေးမြူရေးကဏ္ဍမှ SMEs လုပ်ငန်းများ တိုးတက်ရန် အများပိုင် အစုရှယ်ယာကုမ္ပဏီတစ်ခု စတင်ခေါ်ယူ

ငါးမွေးမြူရေးကဏ္ဍမှ SMEs လုပ်ငန်းများတိုးတက်ရန်အတွက် အများပိုင် အစုရှယ်ယာခေါ်ယူမှုကို ဇွန်လမှစတင်ကာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ အပတ်စဉ်အစည်းအဝေးမှ သိရသည်။

ထိုကဲ့သို့ အစုရှယ်ယာခေါ်ယူမှုကို Global Earth Agro & Aqua ကုမ္ပဏီက ခေါ်ယူသွားမည်ဖြစ်ပြီး ငါးကန်တစ်ကန်အပေါ်တွင် စိတ်ဝင်စားသည့် SMEs အစု ၁၀၀ ဖွဲ့၍ မည်သူမဆိုပါဝင်နိုင်သည့် အများပိုင် ငါးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"နောက်လမှာ ရှယ်ယာခေါ်ဖို့ ကြိုတင်ပြင်ထားပြီးပါပြီ။ ရှယ်ယာတစ်စုကို သိန်း ၁၀၀၀ သတ်မှတ်ထားပြီး All Inclusive ဖြစ်တဲ့အတွက် အကုန်လုံးကို ပါစေချင်တယ်။ သိန်း ၅၀ ပဲ တတ်နိုင်တဲ့သူတွေပဲဆိုရင်တောင် အယောက် ၂၀ ဆို သိန်း ၁၀၀၀ ဖြစ်မှာပဲ။ လူတိုင်း ပါဝင်နိုင်ဖို့အတွက် SMEs အစု ၁၀၀ ဖွဲ့ပြီး စလုပ်ပေးသွားမယ်။ ကိုယ်တတ်နိုင်သလောက် ဝင်လို့ရတယ်"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်း ဒုဥက္ကဋ္ဌဖြစ်သူ ဒေါက်တာဒေါ်တိုးနန္ဒာတင်က ပြောသည်။

**ချောစု**

# တောင်ကိုရီးယားအမျိုးသားလွှတ်တော်တွင် ဟိုက်ဒရိုဂျင်အားဖြည့်ရုံတစ်ရုံကို ဟွန်ဒိုင်းက တည်ဆောက်မည်




စီးပွားဖြစ်ဟိုက်ဒရိုဂျင်ဓာတ်အားဖြည့်ရုံတစ်ရုံကို အမျိုးသားလွှတ်တော်၌ ဩဂုတ်လတွင် တည်ဆောက်မည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့တည်ဆောက်ခြင်းမှာ ဟိုက်ဒရိုဂျင်သုံးမော်တော်ယာဉ်များ တိုးတက်သုံးစွဲရေးအတွက် ရည်ရွယ်ကြောင်း ဟွန်ဒိုင်းမော်တာကုမ္ပဏီက ပြောသည်ကို ယွန်းဟပ်သတင်းတွင်ဖော်ပြသည်။

၎င်းအားဖြည့်ရုံသည် ဆိုးလ်မြို့တွင် ပထမဆုံးဆောက်သောစီးပွားဖြစ်အားဖြည့်ရုံဖြစ်ပြီး လွှတ်တော်အဆောက်အအုံတစ်ခု၌ ၎င်းသို့သော အားသွင်းရုံမျိုးထားခြင်းမှာ ကမ္ဘာတွင် ပထမဆုံးဖြစ်ကြောင်း ဟွန်ဒိုင်း၏ ကြေညာချက်တွင်ဖော်ပြသည်။

"နိုင်ငံတစ်ဝန်းလုံးမှာ ဟိုက်ဒရိုဂျင်အခြေခံအဆောက်အအုံတွေ ကျယ်ကျယ်ပြန့်ပြန့် တည်ဆောက်ဖို့ ကျွန်တော်တို့ကြိုးပမ်းနေပါတယ်။ ဒါကြောင့် အဓိကမြို့ကြီးတွေမှာ ဟိုက်ဒရိုဂျင်အားသွင်းရုံတွေ ထပ်ပြီးဆောက်သွားဦးမှာပါ"ဟု ဟွန်ဒိုင်း၏ ကြေညာချက်တွင် ဖော်ပြသည်။

တည်ဆောက်မည့် အားဖြည့်ရုံတွင် တစ်နာရီလျှင် ဟိုက်ဒရိုဂျင်သုံးမော်တော်ယာဉ်ငါးစီးကျော်အား ဓာတ်အားအပြည့်အဝ သွင်းနိုင်မည်။ ရှေ့ပြေးစမ်းသပ်စီမံကိန်းကို ၂၀၂၀ ခုနှစ် မေလအထိ ဆောင်ရွက်ပြီး ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို နောက်ပိုင်းမှ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အမျိုးသား လွှတ်တော်တွင် အားဖြည့်ရုံတစ်ခုကို တည်ဆောက်ခြင်းအားဖြင့် ဟိုက်ဒရိုဂျင်အားဖြည့်ရုံများ၏ ဘေးအန္တရာယ်ကင်းမှုနှင့် ပတ်သက်၍ ပြည်သူလူထု၏ စိုးရိမ်မှုကိုသက်သာရာ ရစေနိုင်ကြောင်း အားသွင်းရုံပန္နက်ချအခမ်းအနားတွင် စက်မှုဝန်ကြီး ဆန်ယွန်မိုက ပြောသည်။

ဓာတ်အားဖြည့်ရုံအရေအတွက် လက်ရှိ ၂၁ ရုံမှ ယခုနှစ်ကုန်မှာ ၈၆ ရုံအထိနှင့် ၂၀၂၂ ခုနှစ်မှာ ၃၁၀ အထိ တည်ဆောက်သွားဖို့ ရည်ရွယ်ထားကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနကပြောသည်။

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဟိုက်ဒရိုဂျင် ဓာတ်အားဖြည့်ရုံအခြေခံ အဆောက်အအုံ တည်ဆောက်ရေး လမ်းညွှန်စီမံကိန်း အသေးစိတ်ကို ဩဂုတ်လတွင် ကြေညာသွားရန် ဝန်ကြီးဌာနက စီစဉ်ထားသည်။

# အိန္ဒိယနိုင်ငံကို ပေးထားသော ကုန်သွယ်မှု အခွင့်အရေး ကုန်ဆုံးပြီဟု အမေရိကန်ပြော

အသစ်ပြန်လည်အရွေးခံရသော ဝန်ကြီးချုပ်နရိန္ဒရာမိုဒီအစိုးရနှင့် ရင်းနှီးစွာ ဆက်ဆံလိုသော်လည်း အဓိကကုန်သွယ်မှု သဘောတူစာချုပ်မှ အိန္ဒိယနိုင်ငံကို ဖယ်ရှားရန် အမေရိကန်က ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း မေ ၃၀ ရက်က အမေရိကန်အရာရှိတစ်ဦးက ပြောသည်ကို အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။


ဖွံ့ဖြိုးဆဲနိုင်ငံများက ထုတ်လုပ်သည့် ကုန်ပစ္စည်းများကို သက်သာခွင့်ပေးသောအကောက်အခွန်ဆိုင်ရာ ယေဘုယျသက်သာခွင့် အခွင့်အရေးပေးစနစ်ကို အိန္ဒိယနိုင်ငံအား ဆက်လက်ပေးတော့မည်မဟုတ်ကြောင်း သမ္မတဒေါ်နယ်ထရမ့် အစိုးရကမတ်လအတွင်းကကြေညာခဲ့သည်။

၂၀၁၇ ခုနှစ်က အမေရိကန်နိုင်ငံသို့ ကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံဖိုး တင်ပို့ရာမှာ ၎င်းသဘောတူစာချုပ်အရ အိန္ဒိယနိုင်ငံက အခွင့်အရေးများကို အမြင့်ဆုံးခံစားခွင့်ရခဲ့သည်။ အိန္ဒိယနိုင်ငံတွင် ရွေးကောက်ပွဲကာလအတွင်း မူဝါဒချမှတ်ခြင်းကို ဥပဒေအရ တားမြစ်ထားသည့်အတွက် အိန္ဒိယနိုင်ငံတုံ့ပြန်ဆောင်ရွက်ခြင်းမရှိခဲ့ပေ။

မိုဒီ၏ ဟိန္ဒူအမျိုးသားရေးပါတီတစ်ခဲနက် ပြန်လည် အရွေးခံရပြီးနောက် နွေးထွေးသောဆက်ဆံရေးကိုရရှိရန် မျှော်လင့်ထားသော်လည်း မတ်လဆုံးဖြတ်ချက်ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ကြောင်း အဆင့်မြင့် အမေရိကန်အရာရှိတစ်ဦးကပြောသည်။

ထရမ့်သည် အမေရိကန် မဟာမိတ်နိုင်ငံများနှင့်ပင်လျှင် အကောက်အခွန်ကိစ္စများတွင် တင်းမာသော ရပ်တည်ချက်ကို ထားရှိပြီး မော်တော်ဆိုင်ကယ်ကဲ့သို့သော ကုန်ပစ္စည်းများအပေါ်တွင် အိန္ဒိယနိုင်ငံက အခွန်မြင့်မားစွာ ကောက်ခံသည့်အတွက် ဒေါသ ထွက်လျက်ရှိသည်။

ဂျပန်နိုင်ငံအိုဆာကာတွင် ဇွန်လနှောင်းပိုင်းတွင် ကျင်းပမည့် ဂျီ ၂၀ ခေါင်းဆောင်များ အစည်းအဝေးတွင် မိုဒီကထရမ့်နှင့် အလွတ်သဘော တွေ့ဆုံမည့်အစီအစဉ်ရှိသည်။



# တရုတ် ကွန်ပျူတာသုတေသနအဖွဲ့က အမေရိကန်အခြေစိုက် အင်ဂျင်နီယာအဖွဲ့နှင့် အဆက်ဖြတ်

ပေကျင်းအခြေစိုက် သုတေသနအဖွဲ့တစ်ဖွဲ့ဖြစ်သော တရုတ်ကွန်ပျူတာဖက်ဒရေးရှင်း (CCF) က အမေရိ ကန်အခြေစိုက် အင်ဂျင်နီယာအသင်းတစ်ခုနှင့် အဆက်အသွယ် ဆိုင်းငံ့ထားကြောင်းနှင့် ယခုဆောင်ရွက်ချက်မှာ တရုတ်ဖုန်းကုမ္ပဏီ ဟွာဝေးတက်ခနော်လော်ဂျီအား အမေရိကန်က စီးပွားရေးပိတ်ဆို့သည်ကို နောက်ဆုံးတုံ့ပြန်ချက်တစ်ခုဖြစ်ကြောင်း ချန်နယ်နယူးအေးရှသတင်းတွင် ဖော်ပြသည်။

သုတေသနအဖွဲ့သည် အမေရိကန် လျှပ်စစ်နှင့် အီလက်ထရွန်းနစ် အင်ဂျင်နီယာအဖွဲ့(IEEE) ၏ စာအုပ်ထုတ်ဝေရေးဌာနခွဲနှင့် ဆက်သွယ် ဆောင်ရွက်မှုများကို ရပ်ဆိုင်းထားတော့မည်ဖြစ်ကြောင်း သုတေသနစာတမ်းများ လေ့လာသုံးသပ်ရေး လုပ် ငန်းစဉ်တွင် ဟွာဝေးဝန်ထမ်းများ ပါဝင်ဆောင်ရွက်သည်ကို တားမြစ်ကြောင်း၊ ဆုံးဖြတ်ကြောင်းစာကို အမေရိကန်ဘက်က အတည်ပြုပြီးနောက် တစ်ရက်အကြာတွင် CCF ကပြောသည်။

အဖွဲ့အစည်းနှစ်ခုအကြား ဖြစ်ပေါ်သော ပဋိပက္ခက ဟွာဝေးအပေါ်တွင် ကုန်သွယ်ရေးကန့်သတ်မှုများက သိပ္ပံပညာအသိုင်းအဝိုင်းအပေါ် မည်မျှအထိ ကျယ်ကျယ်ပြန့်ပြန့် ဂယက်ရိုက်ခတ်နေသည်ကို ဖော်ပြလျက်ရှိသည်။

အမေရိကန်အစိုးရက ဟွာဝေးသည် တရုတ်အစိုးရနှင့်ဆက်စပ်ပတ်သက်နေကြောင်းစွပ်စွဲကာ အမျိုးသားလုံခြုံရေးကို အကြောင်းပြုလျက် ဟွာဝေးနှင့် စီးပွားရေးဆက်ဆံမှုမပြုရန် အမေရိကန်ကုမ္ပဏီတို့အား ပိတ်ပင်တားမြစ်ခဲ့သည်။

အဆိုပါ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ သုတေသနစာတမ်းများကို ထုတ်ဝေလျက်ရှိသည့် IEEE ဆက်သွယ်ရေးအသိုက်အဝန်းအား တရုတ်မက်ဆေ့ပေးပို့သည့် အပလီကေးရှင်းတစ်ခုဖြစ်သော WeChat က တင်ထားသော ပို့စ်တစ်ခုတွင် ဝေဖန်ထားသည်။

# ထိုင်းနိုင်ငံက ဩစတြေးလျနိုင်ငံနှင့် ကုန်သွယ်မှုပိုမိုဆောင်ရွက်မည်

ထိုင်း-ဩစတြေးလျ ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကိုပိုမိုဆောင်နိုင်ရန်အတွက် ထိုင်းကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း နေးရှင်းသတင်းတွင်ဖော်ပြသည်။

ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ရန် နှစ်နိုင်ငံစလုံးက သဘောတူကြောင်း ထိုင်းနိုင်ငံဆိုင်ရာဩစတြေးလျသံအမတ်ကြီး အီဗာဟောဂ်၊ ဩစတြေးလျနိုင်ငံဒစ်ဂျစ်တယ်နှင့် စီးပွားရေးရာပြည်ထောင်စုဝန်ကြီးဌာန ထိပ်တန်းအမှုဆောင် ဖရန့်ဝီဆစ်တို့နှင့် မကြာသေးမီက ပြုလုပ်သော ဆွေးနွေးပွဲတွင် ထိုင်း ကုန်သွယ်ရေးစေ့စပ်ညှိနှိုင်းမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အိုရာမွန်ဆပ်သာဝီးသမ်က ပြောသည်။

ယခုကဲ့သို့ ဆောင်ရွက်နိုင်ခြင်းမှာ နှစ်နိုင်ငံ ကုန်သွယ်ရေးဆက်ဆံမှု အနှစ် ၁၅၀ မြောက်အခမ်းအနားကျင်းပချိန်တွင် ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။

ကနဦးအဖြစ် ကုန်သွယ်ရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မတီတစ်ရပ်ကို ဖွဲ့စည်းသွားမည်ဖြစ်သည်။

ထိုင်းနိုင်ငံ၏ အရှေ့ပိုင်းစီးပွားရေးစင်္ကြံတွင် ရင်းနှီးမြှုပ်နှံရန်လည်း ဩစတြေးလျနိုင်ငံကို ထိုင်းနိုင်ငံက ဖိတ်ခေါ်ကြောင်း အိုရာမွန်ကပြောသည်။ ဩစတြေးလျနိုင်ငံသည် ခေတ်မီမော်တော်ယာဉ်၊ ကျောက်မျက်နှင့် ဆက်စပ်ပစ္စည်း၊ ဇီဝသိပ္ပံ၊ SME မြှင့်တင်ရေးနှင့် အသက်မွေးဝမ်းကျောင်းပညာနှင့် စတုတ္ထစက်မှုတော်လှန်ရေးအတွက် လေ့ကျင့်သင်တန်းပေးရာတွင် နာမည်ကြီးသည်။

ထိုင်းနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့သည် သက်ဆိုင်ရာဒေသအသီးသီး၏ ထွက်ပေါက်များဖြစ်ကြသည်ဟူသော အချက်နှင့်ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ချိရေးအတွက် ကောင်းမွန်သော တည်နေရာအနေအထားတွင်ရှိကြသည်ဟူသော အချက်ကို နှစ်နိုင်ငံစလုံးက လက်ခံသဘောတူကြသည်။

စံမီအောင် စုစည်းသည်

# PPC
Property People Connection

**Under Management of Established Company " PPC Group of Companies" in Singapore**



## Property Services
- Property Management
- M & E Services
- Cleaning
- Security

## Renovation Service
- Renovation of Existing Building
- Painting, Roofing, Flooring, Ceiling
- Installation of Electricity & Plumbing
- Consultancy Services



## Real Estate Services
- Leasing, Purchasing & Selling

No.19,4th Floor,Innwa Road, Kyauk Myaung Gyim Quarter, Tamwe Township, Yangon, Myanmar.
Tel: 09-260258485, 09-776432964
Email : ppcmyanmar@gmail.com | Website : www.ppcmyr.net

# Pentens
Green Waterproofing Leader in Asia

WATERPROOFING, EPOXY & SILICONE SEALANT

Add : No.(202), Yangon Industrial Zone, Sin Phone Kyaung Street, Yangon, Myanmar. Tel 959 421175268, 09-421033597.
E-mail : pentensmyanmarbranch@gmail.com, Website : www.pentens.com.my







PRODUCTS & SYSTEMS
- WATERPROOFING SYSTEMS
- INDUSTRIAL FLOORING SYSTEMS
- STRUCTURAL REPAIR SYSTEMS
- GROUT AND MORTAR SYSTEMS
- JOINT SEALING SYSTEMS
- SURFACE TREATMENT SYSTEMS
- SURFACE COATING SYSTEMS
- ADHESIVE SYSTEMS
- ADMIXTURE SYSTEMS
- DECORATING SYSTEMS




Products
- Acetic Cure Silicone Sealant
- Neutral Cure Silicone Sealant
- Acrylic Sealant

# SB ရွှေဘုန်း ကုမ္ပဏီလိမိတက်

စွမ်းအားထက်မြက်
ရွှေဘုန်း
ထွန်စက်
လယ်ယာရှေ့လှမ်း
ရွှေဘုန်း
အစွမ်း

Service and Warranty















အမှတ် (၄၂–အေ)၊ တကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ (ဆွေထိုင်းစားသောက်ဆိုင်ရှေ့) Ph: 01 860 3921 ~ 22

COMMERCE
INTERNATIONAL




တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီး(ကျွမ့်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့ရှိ စီးပွားရေးသံမှူး ဒေါက်တာရွှေစင်ကိုသည် မေ ၂၃ ရက်တွင် ကွမ်ရှီး-အာဆီယံ စီးပွားရေးနှင့် နည်းပညာဆိုင်ရာဖွံ့ဖြိုးရေးဇုန်(Guangxi-ASEAN Economic and Technological Development Zone)၌ ကျင်းပသည့် ကွမ်ရှီး စားသောက်ကုန်ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများသမဂ္ဂ၏ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ရာ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုမြှင့်တင်နိုင်မည့် အခွင့်အလမ်းများကို တွေ့ရှိခဲ့သည်။

## ကွမ်ရှီး-အာဆီယံ စီးပွားရေးနှင့် နည်းပညာဆိုင်ရာဖွံ့ဖြိုးရေးဇုန်

ကွမ်ရှီး-အာဆီယံ စီးပွားရေးနှင့် နည်းပညာဆိုင်ရာဖွံ့ဖြိုးရေးဇုန်သည် ကွမ်ရှီး Beibu ပင်လယ်ကွေ့စီးပွားရေးဇုန်တွင် ပါဝင်သော အဓိကစက်မှုဇုန် ၁၄ ခုရှိသည့်အနက် ဖွံ့ဖြိုးမှုအလျင်မြန်ဆုံးဇုန်ဖြစ်သည်။ ဇုန်အတွင်း၌ စက်မှုဇုန်၊ ပညာရေးဆိုင်ရာနေရာ၊ယဉ်ကျေးမှု၊ ခရီးသွားနှင့် အပန်းဖြေနေရာတို့အပြင် ခေတ်မီစိုက်ပျိုးရေးသရုပ်ဖော်နေရာလည်းတည်ရှိပြီး အစားအသောက်ပြုပြင် ထုတ်လုပ်ရေး၊ ဇီဝဆေးဝါးနှင့် စက်ပစ္စည်းထုတ်လုပ်ရေးဟူသော လုပ်ငန်းသုံးရပ်အပေါ် အလေးထားလျက် အကောင်အထည်ဖော်နေသည်။ ၎င်းဖွံ့ဖြိုးရေးဇုန်သည် မြို့ပြတည်ဆောက်ရေးနှင့် စက်မှုလုပ်ငန်းများအကြား ပေါင်းကူးဆက်နွယ်၍ မြို့ပြမှတစ်ဆင့် စက်မှုလုပ်ငန်းများတိုးချဲ့ရန်၊ စက်မှုလုပ်ငန်းမှတစ်ဆင့် မြို့တော်ကို အဆင့်မြှင့်တင်ရန် တည်ဆောက်ထားခြင်းလည်း ဖြစ်သည်။

၎င်းဇုန်အတွင်း၌ လည်ပတ်လျက်ရှိသည့် စားသောက်ကုန်ပြုပြင်ထုတ်လုပ်သော လုပ်ငန်းများအနက် ဘီယာ၊ အချိုရည် (သစ်သီးဖျော်ရည်)၊ ပဲနို့၊ ဝက်အူချောင်း စသည့် ကုန်ပစ္စည်းများမှာ တရုတ်နိုင်ငံအတွင်း၌သာမက ပြည်ပနိုင်ငံများတွင်လည်း လူသိများကာ အောင်မြင်မှုများ ရလျက်ရှိနေသည်။ ၎င်းလုပ်ငန်းများအနေဖြင့် တရုတ်တစ်နိုင်ငံလုံးနှင့် ပို့ကုန်၏ ဝယ်လိုအားကို ပြည့်မီစေရန်ထုတ် လုပ်ဖြန့်ချိရာတွင် ကုန်ကြမ်းလိုအပ်ချက်များရှိနေသည်။ အချို့လုပ်ငန်းများမှာ ကုန်ကြမ်းကိုတစ်နှစ်လျှင်တစ်ကြိမ် အများအပြား ဝယ်ယူပြီး၊ ဆိပ်ကမ်း၌ အသင့်ရောက်ရှိနေသည့် ကုန်ကြမ်းများကို သွားရောက်ဝယ်ယူခြင်းမျိုးဖြစ်သည်။

ကွမ်ရှီး-အာဆီယံဇုန်ရှိ အစားအစာ ပြုပြင်ထုတ်လုပ်သောလုပ်ငန်းများအနက် အလားအလာကောင်းသောလုပ်ငန်းများမှာ ပီလောပီနံမှ ငါးစာထုတ်သည့်လုပ်ငန်း၊ သစ်သီးများကို ရေဓာတ်ထုတ်ယူ၍ ယိုပြုလုပ်သည့်လုပ်ငန်း (ဥပမာ သရက်သီးယို)၊ စည်သွပ်သည့်လုပ်ငန်း၊ အခြောက်ခံ၍ ထုပ်ပိုးရောင်းချသည့်လုပ်ငန်း (ဥပမာ ပိန္နဲသီးခြောက်၊ ဒူးရင်းသီး ခြောက်)၊ သစ်သီးဖျော်ရည်လုပ်ငန်း (ဥပမာ သရက်သီးဖျော်ရည်) စသည်တို့ဖြစ်ကြသည်။ များသောအားဖြင့် သရက်သီး၊ ဒူးရင်းသီးနှင့် ပိန္နဲသီးများကို ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ တင်သွင်းပြီး ကုန်ကြမ်းဈေးနှုန်းမြင့်သည်ကို တွေ့ရသည်။

## ကွမ်ရှီး စားသောက်ကုန်ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများသမဂ္ဂ

ကွမ်ရှီးစားသောက်ကုန် ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများသမဂ္ဂကို ၂၀၁၉ ခုနှစ် မတ်လတွင်စတင်ဖွဲ့စည်းခဲ့ပြီး ကွမ်ရှီး-အာဆီယံ ဖွံ့ဖြိုးရေးဇုန်အတွင်းရှိ စားသောက်ကုန် ပြုပြင်ထုတ်လုပ်သော ကုမ္ပဏီပေါင်း ၆၆ ခုပါဝင်ပါသည်။ စတင်ဖွဲ့စည်းသည်မှာ လပိုင်းမျှသာရှိသေးသော်လည်း တိုးတက်အောင်မြင်လာမှုများကို သိသာထင်ရှားစွာ တွေ့မြင်ရပြီးကြောင်း လုပ်ငန်းရှင်များက မှတ်ချက်ပြုကြသည်။ ယခင်က ဝူမင်းစီရင်စုဆိုလျှင် လူအများ မသိခဲ့ကြသော်လည်း ယခုအခါနန်နင်းပြီးလျှင် ဒုတိယမြို့ပြဖြစ်လာနေပြီဖြစ်ပါသည်။

## သတိပြုရမည့် တရုတ်နိုင်ငံ၏ပြောင်းလဲရွေ့လျားလာသည့် ဝယ်လိုအား

တရုတ်နိုင်ငံတွင် စားသုံးသူများ၏ လူနေမှုအဆင့်အတန်းများ မြင့်မားလာသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များပြုန်းတီးထိခိုက်မည့် ကိစ္စများအပေါ် စိုးရိမ်ပူပန်မှုများ၊ စားသောက်ကုန်စိတ်ချလုံခြုံရမှု ကိစ္စရပ်များအပေါ် များစွာ စိုးရိမ်ပူပန်မှုများဖြစ်လာနေသည်။ ပြုပြင်ထုတ်လုပ်ထားသော စားသောက်ကုန်များကို ရွေးချယ်ဝယ်ယူရာတွင်လည်းပါဝင်သော အာဟာရတန်ဖိုးများကိုဖတ်ရှု၍ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို ရွေးချယ်လာကြပါသည်။ ၂၀၁၃ ခုနှစ်မှ ၂၀၁၆ခုနှစ်အကြား လူတစ်ဦးချင်း၏ စားသုံးမှုပုံစံမှာ သစ်သီးဝလံ၊ အသားနှင့် နို့ထွက်ပစ္စည်းများကို ပိုမိုစားသုံးလာကြသည်ကို တွေ့ရသည်။

| လူတစ်ဦးစားသုံးမှုနှုန်း/ကီလိုဂရမ် (တစ်နှစ်လျှင်) | | | | |
|---|---|---|---|---|
| နှစ် | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ |
| ဆန် | ၁၄၈. ၇ | ၁၄၁ | ၁၃၄. ၅ | ၁၃၂. ၈ |
| စားဆီ | ၉. ၉ | ၉. ၈ | ၁၀ | ၁၀ |
| သစ်သီးဝလံ | ၄၀. ၇ | ၄၂. ၂ | ၄၄. ၅ | ၄၈. ၃ |
| အသား | ၂၅. ၆ | ၂၅. ၆ | ၂၆. ၂ | ၂၆. ၁ |
| နို့ | ၁၁. ၇ | ၁၂. ၆ | ၁၂. ၁ | ၁၂ |
| ရေထွက်ကုန် | ၁၀. ၄ | ၁၀. ၈ | ၁၁. ၂ | ၁၁. ၄ |

လူနေမှုအဆင့်အတန်း မြင့်လာပြီး မြို့ပြနေလူဦးရေတိုးတက်လာသည်နှင့်တစ်ပြိုင်နက်တည်းမှာပင် ကိုယ်ပိုင်အချိန် နည်းပါးလာကြသည့်အတွက် အလွယ်တကူဝယ်ယူစားသောက်နိုင်သည့် စတိုးဆိုင်များမှ သွားရည်စာမုန့်များ၊ အသင့်စားအစားအစာများကိုဝယ်ယူစားသောက်မှုမှာ တရုတ်ပြည်သူများ၏ နေ့စဉ်လိုအပ်ချက်များဖြစ်လာပါသည်။ ထို့ကြောင့် ပြောင်းလဲလာသော စားသောက်ကုန်ပုံစံအရ လွယ်ကူအဆင်ပြေသော အစား အစာများကို တိုးတက်ထုတ်လုပ်ရောင်းချပါက အလားအလာများစွာရှိနေသည်။

မြို့ပြနှင့် ကျေးလက်နေ လူတန်းစား နှစ်ရပ်ရှိသည့်အနက် မြို့ပြနေလူတန်းစားမှာ 'များများစားကောင်းကောင်းစား'ဟူသည့် စားသောက်မှုပုံစံမှ'ကျန်းမာပျော်ရွှင်မှုအတွက် စားကြစို့'ဟူသည့် စားသောက်မှုပုံစံသို့ ပြောင်းလဲလာပြီး ကျေးလက်နေ လူတန်းစား၏စားသုံးမှုပုံစံမှာ 'ဈေးနှုန်းပထမ'ဟူသည့် စားသောက်မှုပုံစံမှ 'အရည်အသွေးနှင့် ဈေးနှုန်းမျှတမှု'ဟူသည့်စားသောက်မှုပုံစံသို့ ပြောင်းလဲလာနေသည်။

ထို့ကြောင့် စားသောက်ကုန်ပြုပြင်ထုတ်လုပ်ရေး လုပ်ငန်းများအနေဖြင့် ရာနှုန်းပြည့် စက်ကိရိယာများဖြင့် လည်ပတ်ထုတ်လုပ်ရန်၊ ခေတ်မီထုတ်လုပ်မှုနည်းပညာနှင့် စက်ပစ္စည်းများကိုအဆင့်မြှင့်တင်အသုံးပြုကြရန် လိုအပ်နေသည်။

## မြန်မာနိုင်ငံအတွက် အခွင့်အလမ်း

တရုတ်နိုင်ငံတောင်ပိုင်းရှိ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် များစွာကွာဝေးခြင်းမရှိလှပေ။ ကုန်းလမ်းအပြင် တစ်ပတ်လျှင်နှစ်ကြိမ် လေကြောင်းတိုက်ရိုက် ပျံသန်းမှုများလည်းရှိနေပြီဖြစ်သည်။ ယခု ကွမ်ရှီး-အာဆီယံ ဖွံ့ဖြိုးရေးဇုန်ရှိ စားသောက်ကုန်ပြုပြင်ထုတ်လုပ်သည့် စက်ရုံများနှင့် ကုမ္ပဏီများမှ ကုန်ကြမ်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးရန် ကနဦးကြိုးပမ်းသွားနိုင်သည်။ ထိုသို့ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရန်အတွက် ကုန်ကြမ်းများဝယ်ယူတော့မည်ဆိုပါက စီးပွားရေးသံမှူး (နန်နင်းမြို့)ထံ ကြိုတင်၍ အကြောင်းကြားပေးစေလိုပါကြောင်း တောင်းဆိုခဲ့သည်။ မြန်မာ့စိုက်ပျိုးရေးပို့ကုန်များ တရုတ်နိုင်ငံ၏ GACC စာရင်းတွင် စာရင်းဝင်နိုင်ရေးအတွက် မြန်မြန်ဆန်ဆန်ဆောင်ရွက်သွားရေးမှာ အဓိကကျလှပါသည်။

GACCစာရင်းဝင်သွားပါက မြန်မာ့သစ်သီးဝလံများကို ကွမ်ရှီးဈေးကွက်အတွင်း၌ လက်လီလက်ကားရောင်းချသွားနိုင်ရန် ဒုတိယအဆင့်အနေဖြင့် ဆက်လက်ချိတ်ဆက် ကြိုးစားသွားနိုင်ပါသည်။ ထို့နောက် နှစ်ဖက်စီးပွားရေးလုပ်ငန်းများအချင်းချင်း ကုန်ကြမ်းပေးကုန်ချောယူ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံဘက်တွင် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်ငန်းဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုများ လာရောက်ပြုလုပ်ခြင်း၊ကွမ်ရှီး-အာဆီယံ ဖွံ့ဖြိုးရေးဇုန်နှင့် မြန်မာနိုင်ငံဘက်မှ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ ထုတ်လုပ်မှုနည်းပညာနှင့် စက်ပစ္စည်းများ အဆင့်မြှင့်တင်ခြင်းအတွက် လိုအပ်သည့် သင်တန်းများကို ကွမ်ရှီး-အာဆီယံဇုန်၌လည်းကောင်း၊ မြန်မာနိုင်ငံဘက်ရှိဇုန်၌လည်းကောင်း ပို့ချစေခြင်းတို့ကို ဆက်လက်ချိတ်ဆက် ပြုလုပ်ပေးသွားနိုင်ကြောင်း ရေးသားဖော်ပြအပ်ပါသည်။

**ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး (နန်နင်းမြို့)**

Be green, Keep our planet clean
**စိမ်းလန်းလှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကိုစောင့်ရှောက်စို့။**